http://www.dhammadownload.com

သိဒ္ဓတ္ထ
မဟောသဓ
အရှင်သာရိပုတ္တရာ
အရှင်မောဂ္ဂလာန်
အရှင်ခေမာစာရ
အရှင်မဟာအရိယဝံသ
တောင်ဖီလာဆရာတော်
ရွှေဥမင်ဆရာတော်
တိလောကဂုရုဆရာတော်
နန်းကျောင်းဆရာတော်
မောင်းထောင်သာသနာပိုင်ဆရာတော်
ဆရာတော်ဦးဗုမ်
စံကင်းဆရာတော်
မစိုးရိမ်ဆရာတော်
ဒုဋ္ဌဂါမဏိမင်း
မင်းကြီးစွာစော်ကဲ
သတိုးမင်းကြီး
တောင်ငူမင်းသား
နန်းမတော်မယ်နု
ရွှေစကြာဦးစိုးမြင့်
လူ့ပုံ့တော်ပတ္တမြားဦးမောင်မောင်
စသည်တို့ရဲ့
စကား
ဘဝ
သမိုင်း
ရာဇဝင်။

ရဝေနွယ် (အင်းမ)

ရွှေစကားတို့ရဲ့မြစ်ဖျားများ

ဓမ္မအမြုတေစာစဉ်

ရဝေနွယ် (အင်းမ) ရွှေစကားတို့ရဲ့မြစ်ဖျားများ

ဓမ္မအမြုတေစာစဉ်

# ရဝေနွယ်
## (အင်းမ)

# ရွှေစကားတို့ရဲ့မြစ်ဖျားများ

ဒုတိယအကြိမ်

http://www.dhammadownload.com



အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)က ရဝေနွယ် (အင်းမ)သို့
စာအုပ်ဓမ္မဒါန နဝကမ္မဝတ္ထုငွေ မ,တည်လှူဒါန်းပွဲ၌
ရေစက်သွန်းချ အမျှပေးဝေစဉ်

## ကိုယ်တိုင်ရေးရာဇဝင်

ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ အင်းမမြို့၊ အဖဦးသိန်းနီ၊ စိန်၊ အမိဒေါ်ကျင်နုတို့က
၁၉၆၉ ခုနှစ်၊ ဇွန်လ (၁၈)ရက် ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသည်။
၁၉၇၉ ခုနှစ်တွင် ပထမအကြိမ်ရှင်သာမဏေပြုသည်။ ၁၉၈၀ခုနှစ်တွင်
ဒုတိယအကြိမ်ရှင်သာမဏေပြုသည်။ ဘွဲ့အမည်မှာ အရှင်ရာဇိန္ဒဖြစ်သည်။
၁၉၈၉ ခုနှစ်တွင် ရဟန်းအဖြစ်သို့ရောက်သည်။
ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ရွှေကျင်ကျောင်းတိုက်တွင်
ပညာသင်ကြားခဲ့ပြီး ၁၉၉၀ခုနှစ်တွင် ပထမကြီးတန်း၊
၂၀၀၀ ခုနှစ်တွင်သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။
(ဓမ္မာစရိယတန်း၌ ၁၀နှစ်တိတိကြန့်ကြာခဲ့သည်။)
မြတ်မင်္ဂလာ၊ သီလဝ၊ သစ္စာ၊ အပ္ပမာဒ၊ မြတ်သတိဝါဒီ၊ သူရဋ္ဌ၊
ရုပ်ရှင်တေးကဗျာ၊ FASHION IMAGE၊ FACES(မုခ)၊ ပေါ်ပြူလာ၊ ရွှေပြည်တန်
အင်တာဗျူး၊ အလင်းတန်း စသည်တို့၌ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများ
ရေးသားခဲ့သည်။
၂၀၀၁ခုနှစ်၊ ဇန်နဝါရီလတွင် ပညာရွှေတောင်စာအုပ်တိုက်မှ
"ဘဝတိုင်း ဆုံတွေ့ချင်ပါသလား" ဘာသာရေးစာအုပ်ကို
စတင်ထုတ်ဝေခဲ့သည်။
၂၀၀၁ ခုနှစ်တွင် "ရွှေစကားတို့ရဲ့မြစ်ဖျား"၊
၂၀၀၂ ခုနှစ်တွင် "သံသရာခရီးဖော်"
၂၀၀၃ ခုနှစ်တွင် "ကုသိုလ်ဖြစ်အောင်တွေးမယ်" စာအုပ်များကို
ထုတ်ဝေခဲ့သည်။
ယခုအခါ ရန်ကုန်မြို့ ရှစ်မိုင်သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်၌
သီတင်းသုံးလျက်ရှိသည်။






ဘဝတိုင်းဆုံတွေ့ချင်ပါသလား
နှင့် ဘာသာရေးလမ်းညွှန်ဓမ္မစာစုများ
(ပထမအကြိမ်)
ပညာရွှေတောင်စာအုပ်တိုက်၊ ၂၀၀၁ခုနှစ်။



ရွှေစကားတို့ရဲ့ မြစ်ဖျား
(ပထမအကြိမ်)
ဓမ္မအမြုတေစာစဉ်၊ ၂၀၀၁ခုနှစ်။



သံသရာခရီးဖော်
(ပထမအကြိမ်)
ဓမ္မအမြုတေစာစဉ်၊ ၂၀၀၂ခုနှစ်။



ဘဝတိုင်းဆုံတွေ့ချင်ပါသလား
နှင့် ဘာသာရေးလမ်းညွှန်ဓမ္မစာစုများ
(ဒုတိယအကြိမ်)
ဓမ္မအမြုတေစာစဉ်၊ ၂၀၀၂ခုနှစ်။



ကုသိုလ်ဖြစ်အောင်တွေးမယ်
(ပထမအကြိမ်)
ဓမ္မအမြုတေစာစဉ်၊ ၂၀၀၃ခုနှစ်။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

# ရွှေစကားတို့ရဲ့မြစ်ဖျား

ရဝေနွယ်(အင်းမ)

www.yawainwe.net

ဖြန့်ချိရေး

**နေလစာပေ**

အမှတ်(၂၁၆)၊ ၃၁–လမ်း(ထက်)၊ ရန်ကုန်မြို့။

ဖုန်း – ၇၀၃၈၂၃

ပင်ရင်း

**New Day**

အမှတ်(၁၄၈)၊ လမ်း – ၅၀(ထက်)၊ ရန်ကုန်မြို့။

ဖုန်း – ၂၀၁၄၃၇၊ ၂၉၈၆၄၂

http://www.dhammadownload.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက် | ၁၀၀၁/ ၂၀၀၃(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၇၇၆/၂၀၀၃(၁၂) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်<br>၂၀၀၁-ခုနှစ်၊ စက်တင်ဘာလ<br>ဒုတိယအကြိမ်<br>၂၀၀၄-ခုနှစ်၊ဖေဖော်ဝါရီလ |
| အုပ်ရေ | ၃,၀၀၀ |
| မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း | ဗဂျီလင်းဝဏ္ဏ |
| အတွင်းဖလင် | အေးဇက် |
| ကာလာခွဲ | New Day |
| ထုတ်ဝေသူ | ဒေါ်ခင်အေးမြင့်၊<br>ရာပြည့်စာပေ<br>အမှတ် ၃၈၊ ၁၀၉-လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့်<br>ရာပြည့်အော့ဖ်ဆက်<br>အမှတ်(၁၉၉)၊ လမ်း(၅၀)<br>ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်။ |
| စာအုပ်ချုပ် | ကိုမြင့် |
| တန်ဖိုး | ၆၀၀ ကျပ် |
| ဖြန့်ချိရေး | နေလစာပေ<br>အမှတ်(၂၁၆)၊ ၃၁လမ်း(ထက်)<br>ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ | စာရေးသူရဲ့အမှာ | |
| ၁။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၁) (အရှင်သာရိပုတ္တရာနှင့်အရှင်မောဂ္ဂလာန်) | ၁၁ |
| ၂။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၂) (မဟောသဓနှင့်အမတ်လေးယောက်) | ၁၉ |
| ၃။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၃) (တောင်ဖီလာဆရာတော်နှင့် ရွှေဥမင်ဆရာတော်) | ၃၃ |
| ၄။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၄) (မောင်းထောင်သာသနာပိုင် ဆရာတော်နှင့်တောင်ငူမင်းသား) | ၄၅ |
| ၅။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၅) (တိလောကဂုရုဆရာတော်နှင့် အမည်မသိဒကာမတစ်ယောက်) | ၅၇ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၆) (ဒုဋ္ဌဂါမဏိမင်းနှင့် အဘယစစ်သူကြီး) | ၆၇ |
| ၇။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၇) (ဆရာတော်ဦးဗုဓ်နှင့် နန်းမတော်မယ်နု) | ၈၃ |
| ၈။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၈) (ဘုရားအလောင်းသိဒ္ဓတ္ထနှင့်ပဥ္စဝဂ္ဂီငါးဦး) | ၉၇ |
| ၉။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၉) (အရှင်ခေမာစာရနှင့်မင်းကြီးစွာစော်ကဲ) | ၁၁၅ |
| ၁၀။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၁၀) (နန်းကျောင်းဆရာတော်နှင့်သတိုးမင်းကြီး) | ၁၂၅ |
| ၁၁။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၁၁) (စံကင်းဆရာတော်နှင့်နိုင်ငံတော် အကြီးအကဲ) | ၁၃၅ |
| ၁၂။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၁၂) (မဏိသာရမဉ္ဇူသာကျမ်းပြု ဆရာတော်နှင့်ပုဂံသားရဟန်းတော်) | ၁၄၅ |
| ၁၃။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၁၃) (မစိုးရိမ်ဆရာတော်နှင့်ရွှေစကြာဦးစိုးမြင့် လှူပျံတော်ပတ္တမြားဦးမောင်မောင်) | ၁၅၅ |
| ၁၄။ | ရွှေစကားတို့ရဲ့မြစ်ဖျား (၁၄) (ဆရာတော်ဦးဗုဓ်နှင့်နန်းမတော်မယ်နု) | ၁၆၇ |

http://www.dhammadownload.com

# စာရေးသူရဲ့ အမှာ

(၁)

ဒီစာအုပ်နဲ့ပတ်သက်ပြီး ဦးစွာကျေးဇူးစကားဆိုချင်တာက ဦးဇင်းဦးဇာဂရ(ကံထွန်းသစ်)ကိုပါ။

(၂)

တစ်နေ့ မဂ္ဂဇင်းတိုက်တစ်ခုမှာ ဦးဇင်းဦးဇာဂရ(ကံထွန်းသစ်)နဲ့တွေ့တော့ 'ဦးဇင်းလေးရေ ... ဘာသာရေးမဂ္ဂဇင်းတစ်စောင်ထွက်မယ်၊ တပည့်တော်က တာဝန်ခံအယ်ဒီတာအဖြစ်ကူညီပေးရမယ်၊ အဲဒါ ဦးဇင်းလေးအနေနဲ့ ခေါင်းစဉ်တစ်ခုယူပြီး ပင်တိုင်ရေးပါ'တဲ့။

ဦးဇင်းကံထွန်းသစ်ဆိုတာက ရဟန်းအချင်းချင်းအရကော စာပေအရကော အစ်ကိုတစ်ပါးလို ခင်နေရတဲ့ ဦးဇင်းတစ်ပါးပါ။

ဒီတော့ ဘာရေးရမလဲ ...?

http://www.dhammadownload.com

ပထမဦးဆုံး ခေါင်းထဲဝင်လာတာက ရှေးရှေး ဆရာတော်ကြီးတွေရဲ့ အတွေးစကားတွေပါ။ ဒီစကားတွေဟာ ရင်ထဲမှာ အစဉ်သဖြင့် တသသနဲ့ စံထားစရာ စကားလုံးတွေအဖြစ် ကိန်းအောင်းနေခဲ့တဲ့စကားတွေပါ၊ ဒါကြောင့် ကောက်ကာငင်ကာပဲ 'ဘဝနေထိုင်နည်းကို အထောက်အကူဖြစ်စေတဲ့ ရှေးဆရာတော်ကြီးတွေရဲ့စကားနဲ့ စကားဖြစ်ပေါ်လာပုံ သမိုင်းကြောင်းတွေကိုရေးမယ်၊ 'ရွှေစကားများ'လို့ နာမည်ပေးမယ်ဘုရား'လို့ လျှောက်လိုက်ပါတယ်။ ဒီတော့ ဦးဇင်းက –

'ဟာ ... ကောင်းတယ်ဦးဇင်းလေး၊ အင်း... ဒါပေမယ့် ...'

ဦးဇင်းက စကားပြောနေရင်း ရပ်သွားတယ်၊ မျက်စိကိုမှိတ်ပြီး ဦးခေါင်းက အထက်ကို မသိမသာ မော့သွားတယ်၊ မိမိကလဲ အသာကလေးငြိမ်နေပေးလိုက်ပါတယ်၊ တဒင်္ဂတော့စကားဝိုင်းက တိတ်ဆိတ်သွားတယ်ပေါ့၊ ခဏကြာတော့ မှိတ်ထားတဲ့မျက်စိက ပြန်ပွင့်လာပြီး ဦးခေါင်းလဲ နဂိုအတိုင်းပြန်မတ်လာပါတယ်၊ ပြီးမှ ပြောလက်စ စကားကို ဆက်ပါတယ်။

'ရွှေစကားများဆိုတဲ့နာမည်က ရိုးပါတယ်၊ "ရွှေစကားတို့ရဲ့မြစ်ဖျား"လို့ ပေးလိုက်'တဲ့။

ဦးဇင်းက ကဗျာဆရာပီပီ ခေါင်းစဉ်ကို ကဗျာဆန်ဆန် ရွေးပေးလိုက်ပါတယ်။

http://www.dhammadownload.com

ဒါကြောင့် မဂ္ဂဇင်းမှာ လစဉ်ထည့်ပေးရှာသာမက စာမူခေါင်းစဉ်ကိုပါရွေးချယ်ပေးခဲ့တဲ့ ဦးဇင်း ဦးဇာဂရ (ကံထွန်းသစ်)ကို အတိုင်းထက်အလွန် ကျေးဇူးစကား ဆိုပါရစေ။

နောက် မရှေးမနှောင်းကာလမှာပဲ မိမိရဲ့ ပထမဆုံး လုံးချင်းစာအုပ်ဖြစ်တဲ့ 'ဘဝတိုင်းဆုံတွေ့ချင်ပါသလား'ဆိုတဲ့ စာအုပ်ကို ထုတ်ဝေပေးခဲ့တဲ့ ပညာရွှေတောင်စာအုပ်တိုက်က သူရဇ္ဇမဂ္ဂဇင်းအတွက် စာမူတောင်းလာပြန်တော့လဲ တခြား စာမူများနဲ့အတူ 'ရွှေစကားတို့ရဲ့မြစ်ဖျား' ဆောင်းပါး‌ငါးပုဒ် ရေးပေးဖြစ်လိုက်ပါတယ်။ ဒီအတွက် ပညာရွှေတောင်စာအုပ် တိုက် မိသားစုကိုလဲ ထပ်ဆင့် ကျေးဇူးစကားဆိုပါရစေ။ မိမိစာအုပ်ကို အရည်အသွေးမီမီ စက္ကူချောနဲ့ထုတ်ဝေနိုင်ဖို့ အတွက် နဝကမ္မဝတ္ထုငွေ မတည်လှူဒါန်းပေးတဲ့ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)ရဲ့ ကျေးဇူးကိုတော့ အထူး ပြောစရာမလိုတော့ပါ။ ဘဝထဲကသမိုင်းကျေးဇူး တစ်ခု အဖြစ် ရင်ထဲမှာရှိနေတော့မှာပါ။

(၃)

မြတ်သတိဝါဒီ သဒ္ဓမ္မမဂ္ဂဇင်းမှာဖော်ပြခဲ့တဲ့ စာမူ (၉)ပုဒ်၊ သူရဇ္ဇမဂ္ဂဇင်းမှာဖော်ပြခဲ့တဲ့ စာမူ (၅)ပုဒ် အားလုံး ပေါင်း (၁၄)ပုဒ်ကို စာအုပ်တစ်အုပ်အနေနဲ့ ထုတ်ဝေ လိုက်ခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com

ဒီဓမ္မစာစုတွေဟာ ရေးချင်တာနဲ့ရေးသင့်တာကို တာဝန်တစ်ရပ်အနေနဲ့ ရေးလိုက်တာပါ။ ဒီစာစုတွေဖတ်ပြီး စာဖတ်သူအတွက် တွေးစရာ 'ဓမ္မအတွေးသစ်'တစ်ခုခု ရသွားတယ်ဆိုရင်ပဲ စာရေးသူရဲ့ အဓိကအမျှော်လင့်ဆုံး ဖြစ်တဲ့ အကျိုးအမြတ်ဖြစ်သလို ဒီစာရေးရတာ ရေးရကျိုးနပ် ပြီလို့လဲ ခံယူပါတယ်။

(၄)

ဒီဓမ္မစာစုတွေ တွေးဖြစ်ဖို့ ရေးဖြစ်ဖို့ အခါအခွင့် သင့်တိုင်း ပံ့ပိုးပေးခဲ့ကြတဲ့ ဆရာတော် ဦးတိလောကသာရ (ရဝေထွန်း)၊ ဘုန်းကြီး ဦးဝီရိယ(တောင်စွန်း)၊ ဘဝမှာ အနီးကပ်စံထားစရာ ဆရာဘုန်းကြီးများ၊ သူငယ်ချင်း ဦးဇင်းများ၊ မျက်နှာဖုံးနဲ့ အတွင်းပန်းချီများကို သံယောဇဉ် နှလုံးသားနဲ့ရေးဆွဲပေးတဲ့ ဗဂျီလင်းဝဏ္ဏ၊ ဒကာရင်း၊ ဆရာရင်း၊ စိတ်ဓာတ်နဲ့ စာအုပ်ကိုကူညီဖြန့်ချိပေးတဲ့ ကိုသက်မင်း (ဝင်းတိုးအောင်စာပေ)၊ စာအုပ်နဲ့နွယ်ရာ အားလုံး အားလုံးကို ကျေးဇူးတင်ပါတယ်။

စာရေးသူ

ရဝေနွယ် [အင်းမ]

၁၇. ၅. ၂၀၀၁

http://www.dhammadownload.com



ရှုစကားဝို့ ၇ မြစ်ဖျား
၊၁၊

http://www.dhammadownload.com

“ငါ၏အူခွေအူမတို့သည်
ဆာလောင်မွတ်သိပ်သည့်အတွက် မိမိတည့်ရာ
ဝမ်းဗိုက်အတွင်းမှထွက်၍ အပြင်၌ အစာရှာ
စေကာမူ၊ အသက်ကို စွန့်ရစေကာမူ၊
အသက်မွေးမှုကို စောင့်ရှောက်ခြင်း၊ အာဇီဝ
သီလကို မဖျက်ပေအံ့”

(ရှင်သာရိပုတ္တရာမထေရ်)

http://www.dhammadownload.com

# ရှေးစကားတို့ရဲ့ မြစ်ဖျားများ(၁)

ဗုဒ္ဓဝင်ကို ဇာတ်လမ်းတွဲရှည် ရုပ်ရှင်ကားကြီးသာ ရိုက်ဖြစ်ကြမယ်ဆိုရင် ကဒ်တော်တော်များများမှာ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ရဲ့ လှုပ်ရှားမှုပုံရိပ်တွေကို အားပါးတရဖူးတွေ့ကြရမှာပါ။ အဲဒီလို ဖူးတွေ့တဲ့နေရာမှာ လည်း အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်ကို တစ်ပါးစီ လှုပ်ရှားမှုပုံရိပ်ထက် တပူးတွဲတွဲပုံရိပ်တွေကို စုပြီးဖူး တွေ့ကြရမှာ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဝင် စာမျက်နှာတွေကို လှန်ကြည့်လိုက်ရင် လူဝတ် ကြောင်ဘဝနဲ့ တပူးတွဲတွဲတရားရှာခဲ့ကြပုံ၊ ရဟန်းဘဝနဲ့ တပူးတွဲတွဲ သာသနာပြုခဲ့ကြပုံစတဲ့ပုံရိပ်တွေက တစ်ပါးစီလှုပ်ရှားမှု ပုံရိပ်တွေထက် ပိုပြီးရုပ်လုံးကြွနေသလားလို့ပါ။ ဒီရုပ်လုံးကြွ ပုံရိပ်တွေကို ဒါရိုက်တာတွေကလည်း အလွတ်ပေးမှာ မဟုတ် ပါဘူး။ ဒါက အနုပညာရှုထောင့်က တွေးကြည့်မိတာပါ။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာရဲ့ စကားတော် မြစ်ဖျားခံရာ လိုက်ကြည့်လိုက်တော့ အရှင်မောဂ္ဂလာန်ကိုပါ ဇာတ်ဆောင် တစ်ပါးအနေနဲ့ ပူးတွဲတွေ့ရပါတယ်။

အခါတစ်ပါးမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ အရှင်မောဂ္ဂလာန်မထေရ်နဲ့အတူ တစ်ခုသောတောအုပ်မှာ အရဟတ္တဖိုလ်သမာပတ်ကိုပွားများပြီး သီတင်းသုံးနေတော်မူ ပါတယ်။ အဲဒီလိုနေရင်း တစ်နေ့ အရှင်သာရိပုတ္တရာ မထေရ်မှာ လေနာရောဂါတစ်ခု ဖြစ်ပေါ်လာပါတယ်။ ရောဂါဖြစ်လာတော့ ရောဂါရဲ့ဒဏ်ကို အနည်းနဲ့အများ ခံစားရစမြဲပေါ့။ အရှင်သာရိပုတ္တရာမထေရ်လည်း ရောဂါရဲ့ ဒဏ်ကသက်သာလို သက်သာငြား လဲလျောင်းနေ တော်မူပါ တယ်။ အဲဒီအချိန်မှာပဲ အရှင်မောဂ္ဂလာန်က အရှင် သာရိပုတ္တရာကိုခစားဖို့ ရောက်လာပါတယ်။ အရှင် သာရိပုတ္တရာပြုမူနေပုံ အနေအထားကိုကြည့်ပြီး ရောဂါ တစ်ခုခု ခံစားနေရတာပဲလို့ သိလိုက်ပါတယ်။

"ငါ့ရှင် ဘာရောဂါ ခံစားနေရပါသလဲ"

"တပည့်တော် လေနာရောဂါ ခံစားနေရပါတယ်"

"ငါ့ရှင် ရှေးတုန်းက ဘာဆေးနဲ့ ပျောက်ဖူးသလဲ"

"အို ငါ့ရှင် လူ့ဘောင်မှာ နေစဉ်အခါတုန်းက ဒီလေနာ ရောဂါဖြစ်ပြီဆိုရင် ငါ့ရဲ့မယ်တော်က ထောပတ် ပျားသကာ တွေနဲ့ ရောနှောပြီး ရေမရောတဲ့နို့ရည်နဲ့ချက်တဲ့ 'ဃနာ နို့ထမင်း' ကိုကျွေးပါတယ်။ အဲဒီ 'ဃနာနို့ထမင်း' နဲ့

http://www.dhammadownload.com



ပျောက်ပါတယ်"

"ငါ့ရှင်သာရိပုတ္တရာ သင့်ရဲ့ဘုန်းကံ ငါ့ဘုန်းကံတကယ်လို့ ရှိမယ်ဆိုရင် မနက်ဖြန်ခါ သင်ပြောတဲ့ "ဃနာနို့ထမင်းကို" ရကောင်းပါရဲ့'

မထေရ်နှစ်ပါး အပြန်အလှန် ပြောဆိုနေတာကို သစ်ပင်စောင့်နတ်က ကြားသွားပါတယ်။ ဒီသစ်ပင်စောင့်နတ်က အရှင်သာရိပုတ္တရာမထေရ်ကို ကြည်ညိုရင်းစွဲရှိသူပါ။ သူလည်း အရှင်သာရိပုတ္တရာရဲ့ရောဂါကို တစ်ဖက်တစ်လမ်းက ကူညီချင်ဟန်တူပါတယ်။ ဒါကြောင့် အရှင်သာရိပုတ္တရာရဲ့ ဒါယကာအိမ်သွားပြီး အဲဒီအိမ်က သားကြီးကို ဝင်ပူးပါတယ်။ ဝင်ပူးပြီးတော့ "မနက်ဖြန် အရှင်သာရိပုတ္တရာအတွက် နို့ဃနာဆွမ်းလောင်းရင် သားကြီးကို လွှတ်ပေးမယ်" လို့ ပြောဆိုပါတယ်။ ဒီတော့ အိမ်ရှင်တွေက "သင်မပြောလဲ အရှင်သာရိပုတ္တရာကို ငါတို့ လောင်းလှူနေကျပဲ" လို့ ပြန်ပြောလိုက်ပါတယ်။

တိုတိုပြောရရင်တော့ နောက်တစ်နေ့ နံနက်အရှင်မောဂ္ဂလာန်ဆွမ်းခံကြွ၊ အရှင်မောဂ္ဂလာန်ကို အိမ်မှာဘုဉ်းပေးသုံးဆောင်စေ၊ အရှင်သာရိပုတ္တရာအတွက် "နို့ဃနာဆွမ်း" သပိတ်ထဲအပြည့်လောင်းလှူ၊ အရှင်မောဂ္ဂလာန်ကျောင်းပြန်ပြီး အရှင်သာရိပုတ္တရာကို ဆွမ်းကပ်ပေါ့။

အရှင်သာရိပုတ္တရာက အရှင်မောဂ္ဂလာန်ကပ်တဲ့'နို့ဃနာဆွမ်း'ကို ဆင်ခြင်ကြည့်လိုက်တော့ "ပယောဂ"

http://www.dhammadownload.com



ပါနေတယ်ဆိုတာ သိလိုက်ပါတယ်။ ဒါကြောင့် "ငါ့ရှင်မောဂ္ဂလာန်၊ သုံးဆောင်ခြင်းငှာမထိုက်၊ သင့်လျော်ရာတစ်နေရာမှာ သွန်ပစ်လိုက်ပါ" လို့မိန့်ဆိုပါတယ်။ အရှင်မောဂ္ဂလာန်ကလည်း "ငါကဲသို့သောသူ ယူဆောင်လာသောဆွမ်းကို မသုံးဆောင်လေတကား" လို့ စိတ်ထဲစနိုးစနောင့်မဖြစ်ဘဲ သင့်လျော်ရာမှာ သွန်ပစ်လိုက်ပါတယ်။ နို့ဃနာဆွမ်း မြေပေါ်မှာရောက်တာနဲ့ အရှင်သာရိပုတ္တရာရဲ့ လေနာရောဂါလဲ တစ်ခါတည်း ပျောက်သွားပါသတဲ့။ ပြီးတော့ အရှင်သာရိပုတ္တရာမထေရ်က အောက်ပါနိဒါန်းစကားကို ကျူးရင့်လိုက်ပါတယ်။

*"ဝစီဝိညတ် ပြန့်ခြင်းဟုဆိုအပ်သော နှုတ်မြွက် ပြောဆိုခြင်းကြောင့် ဖြစ်ပေါ်သော ပျားသကာတို့နှင့် ရောနှောအပ်သော နို့ဃနာဆွမ်းကို ငါသည်အကယ်၍ စားမိသည်ဖြစ်အံ့၊ ငါ၏အသက်မွေးခြင်းကို သူတော်ကောင်းတို့ ကဲ့ရဲ့အပ်သည် ဖြစ်ရာ၏။ ငါ၏အူနွေအူမတို့သည် မိမိတည်ရာဝမ်းဗိုက်အတွင်းမှထွက်၍ အပြင်၌အစာရှာစေကာမူ အသက်ကိုစွန့်ရစေကာမူ အသက်မွေးမှုကို စောင့်ရှောက်ခြင်း၊ အာဇီဝသီလကို မဖျက်ပေအံ့၊ ငါသည် မိမိ၏စိတ်ကို နှစ်သက်စေအံ့၊ မလျောက်ပတ်သော ရှာမှီးခြင်းကို ငါရှောင်ကြဉ်ပေအံ့၊ ငါသည် မြတ်စွာဘုရားကိုယ်တော်မြတ်စက်ဆုပ်ရှုံရှာတော်မူအပ်သော မသင့်သော ရှာမှီးခြင်းမျိုးကို အမြဲပင်မပြုဘဲနေအံ့"*

http://www.dhammadownload.com



ဒီနေရာမှာ ရှင်းပြစရာ တစ်ခုရှိပါတယ်။ ဘာလဲဆိုတော့ အရှင်သာရိပုတ္တရာ နို့ဃနာဆွမ်းကို သွန်ပစ်ရတဲ့ အကြောင်းပါ။

မြတ်စွာဘုရားရဲ့ တပည့်သား ရဟန်းတော်တွေဟာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါး အတွက် ဒကာ၊ ဒကာမတွေကို အမှီပြုပြီး နေကြရတာပါ။ အမှီပြုပြီး နေရတယ်ဆိုပေမယ့် အလှူခံချင်တိုင်း ခံခွင့် မရှိပါဘူး။ စည်းတွေဘောင်တွေ ရှိပါတယ်။

စာထဲမှာ အလှူခံခြင်းနဲ့ ပတ်သက်ပြီး နိမိတ်၊ ဩဘာသ၊ ပရိကထာ၊ ဝိညတ်ဆိုတဲ့ ဝေါဟာရလေးမျိုး ရှိပါတယ်။ နိမိတ်ဆိုတာက လိုချင်တဲ့ပစ္စည်းတစ်ခုကို အမှတ်နိမိတ်ပြုပြီး အလှူခံတာပါ။ ဩဘာသဆိုတာက အဖြောင့်တိုက်ရိုက်မဆိုဘဲ ရိပ်ခါဝဲခါနဲ့ ပြောဆိုပြီး အလှူခံတာပါ။ ပရိကထာဆိုတာက ပရိယာယ်စကားကို ပြောပြီးအလှူခံတာပါ။ ဝိညတ်ဆိုတာက "ကျောင်းလှူလော့"လို့ အဖြောင့်တိုက်ရိုက် အလှူခံတာပါ။

ရဟန်းတော်တွေဟာ ပစ္စည်းလေးပါထဲက ဆွမ်းနဲ့ သင်္ကန်းကို အထက်ကပြောခဲ့တဲ့ နိမိတ်၊ ဩဘာသ ပရိကထာ ဝိညတ်ဆိုတဲ့လေးမျိုးနဲ့ လုံးဝအလှူမခံကောင်းပါဘူး။ ကျောင်းကို နိမိတ်၊ ဩဘာသနှစ်မျိုးနဲ့ အလှူခံကောင်းပါတယ်။ ဆေးပစ္စည်းကျတော့ နိမိတ်၊ ဩဘာသ၊ ပရိကထာ ဝိညတ်လေးမျိုးလုံးနဲ့ အလှူခံခွင့်ရှိပါတယ်။ ဒါက စာမှာ

http://www.dhammadownload.com



လာတဲ့ အဆုံးအဖြတ်ပါ။

အခု အရှင်မောဂ္ဂလာန်ရလာတဲ့ နို့ဃနခဆွမ်းဟာ ကိုယ်တိုင် ပယောဂမပါပေမယ့် သစ်ပင်စောင့်နတ်ရဲ့ နှုတ်မြွက်ခြင်းဆိုတဲ့ ဝိညတ်ပယောဂ ပါနေပါတယ်။ ဒါကို ကြည့်ပြီး အရှင်သာရိပုတ္တရာက သွန်ပစ်ခိုင်းတာ ဖြစ်ပါတယ်။

ဒီအပြုအမူကို သီလထဲမှာထည့်ရင် အာဇီဝပါရိသုဒ္ဓိသီလပါ၊ အာဇီဝပါရိသုဒ္ဓိသီလဆိုတာက ဗေဒင်ဟောလို့ ဆေးကုလို့ စသည်ဖြင့် မသင့်သော နည်းတွေနဲ့ ရှာမှီးလို့ရတဲ့ ပစ္စည်းလာဘ်လာဘမှ ရှောင်ကြဉ်တာပါ။

အပြစ်မကင်းတဲ့ အပြုအမူတွေနဲ့ ကြုံတဲ့အခါ ကြိုက်မရှက်၊ ငိုက်မရှက် အစရှိတဲ့ လောကစကားပုံတွေနဲ့ ကိုယ့်အပြစ်ကိုယ် ဖော့တွေးခဲ့ဖူးပါတယ်။ အရှင်သာရိပုတ္တရာရဲ့ အပြုအမူကိုဖတ်ပြီး ကျောထဲချမ်းစိမ့်သွားတာတော့ အမှန်ပါပဲ။

× × ×

<u>ကျမ်းကိုး</u>

<u>- ဝိသုဒ္ဓိမဂ် ပထမအုပ်</u>

<u>| မြတ်သတိ ဇူလိုင် ၂၀၀၀ |</u>

http://www.dhammadownload.com

# ဩစကားတို့၏ မြစ်ဖျား

၊၂၊



http://www.dhammadownload.com

'လျှို့ဝှက်အပ်သောအမှုကို
လျှို့ဝှက်ပဲထားသင့်ပါတယ်။
လျှို့ဝှက်အပ်သောအမှုကို မလျှို့ဝှက်ဘဲ
သူတစ်ပါးပြောမိချေသော်
နှောင်မကောင်းကျိုးဖြစ်တတ်ပါတယ်။'

(မဟောသဓ)

http://www.dhammadownload.com

# ရွှေစကားတို့ရဲ့ မြစ်ဖျား(၂)

ဇာတ်ကြီးဆယ်ဘွဲ့ထဲမှာ ပထမဆုံးထိတွေ့ခွင့်ရခဲ့တာက မဟောသဓဇာတ်တော်ပါ။ ကလေး ဇာတ်ဆောင်ပါလို့လား မပြောတတ်ပါဘူး။ ကလေးဘဝတည်းကကိုပဲ စွဲစွဲလန်းလန်းကို ရှိခဲ့ပါတယ်။ အဲဒီကာလတွေတုန်းက 'စိတ်ဝင်စားဖို့ကောင်းတဲ့ဝတ္ထု' ဆိုတဲ့အတွေးထက်ပိုပြီး မတွေးဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် အရွယ်, ကာလ, ဝန်းကျင်တွေ ရွေ့လျားလာတာနဲ့အမျှ မူလအတွေးထက် ပိုပြီးတွေးရမယ့် 'ဇာတ်ဝတ္ထု'အဖြစ် နားလည်ခဲ့ရပြန်ပါတယ်။ ဟော...ကြည့်ပါဦး 'လျှို့ဝှက်အပ်သော အမှုကို လျှို့ဝှက်ပဲထားသင့်ပါတယ်' တဲ့။ ဘယ်လောက်တွေးဖို့ကောင်းသလဲ။ ဘယ်လောက် လက်တွေ့ဘဝနဲ့ နီးစပ်သလဲ။

မဟောသဓဇာတ်တော်ရဲ့ အခန်းတိုင်းနီးပါးဟာ ပညာရပ်ဆိုင်ရာ အားပြိုင်မှုတွေချည်းပါပဲ။ အမိက,ကတော့

http://www.dhammadownload.com



မဟောသခနဲ့ အဓိကဇာတ်ပို့တွေအားလုံးနဲ့ အားပြိုင်ခန်းတွေပါ။ အဲဒီ အားပြိုင်ခန်းတွေထဲက လက်တွေ့ဘဝနဲ့ နီးစပ်လှတဲ့ အားပြိုင်ခန်းတစ်ခုကို ထုတ်ပြချင်ပါတယ်။ အနေအထားက မဟောသဓ သေနာပတိရာထူးရနေတဲ့ အချိန်ပါ။ "ကိုယ့်ထက်သာမနာလို" ဆိုတဲ့ အတိုင်း ရန်ဖက်များဖြစ်တဲ့ သေနက, ပက္ကုသ, ကာမိန္ဒ, ဒေဝိန္ဒ, အမတ်လေးယောက်က မဟောသဓကို "ဓမ္မလမ်းကြောင်း"နဲ့ အနိုင်ယူလို့မရနိုင်မှန်းသိတော့ "အဓမ္မ လမ်းကြောင်း"နဲ့ အနိုင်ယူဖို့ ကြံစည်ကြပါတယ်။ (ဓမ္မလမ်းကြောင်းနဲ့ အနိုင်ယူလိုတဲ့ စိတ်မျိုးလည်း ရှိဟန်မထင်ပါဘူး) ဘယ်လို ကြံစည်သလဲဆိုတော့ မဟောသဓကို "လျှို့ဝှက်အပ်သော အမှုကို မည်သူ့အားပြောကြားအပ်သလဲ" လို့မေးမယ်။ အဲဒီ အခါ မဟောသဓကော "လျှို့ဝှက်အပ်တဲ့စကားကို မည်သူ့မျှ မပြောကြားအပ်" လို့ ဖြေလိမ့်မယ်။ အဲဒီအဖြေစကားရရင် ငါတို့မဟောသဓကို ပြဿနာရှာလို့ရပြီဆိုပြီး တိုင်ပင်ကြပါတယ်။ ဒီပွဲမှာ သေနကအမတ်ကို ကျန်တဲ့အမတ် သုံးယောက်က ဆရာတင်ပါတယ်။ မဟောသဓကို မေးခွန်း ထုတ်ဖို့ကိစ္စကိုလည်း သေနကအမတ်ကိုပဲ တာဝန်ယူစေပါတယ်။ ဒါကြောင့် သေနကအမတ်ဦးဆောင်တဲ့ အမတ်လေးယောက်တို့ဟာ မဟောသဓအိမ်တော်ကို ချီတက်လာကြပါတယ်။ မဟောသဓအိမ်ရောက်တော့ သေနကအမတ်နဲ့ မဟောသဓတို့ အမေးအဖြေပြုလုပ်ပုံကိုလည်း ကြည့်ပါဦး။

http://www.dhammadownload.com



"အရှင့်သားတော် သုခမိန်ယောကျ်ားတို့မည်သည့် အဘယ်တရား၌ တည်အပ်ပါသနည်း။"

"ဆရာသေနကအမတ် ယောကျ်ားတို့မည်သည်ကား သစ္စာတရား၌သာ တည်အပ်ပါတယ်"

"အရှင့်သားတော် သစ္စာ၌ တည်သောသူသည် အဘယ်ကို ပြုအပ်ပါသနည်း"

"ဆရာသေနက သစ္စာ၌တည်သောသူသည် ဥစ္စာ စည်းစိမ်ကို ဖြစ်စေပါတယ်"

"အရှင့်သားတော် ဥစ္စာစည်းစိမ်ကို ဖြစ်စေသော သူသည် အဘယ်သို့ပြုအပ်ပါသနည်း"

"ဆရာအမတ် ဥစ္စာစည်းစိမ်ဖြစ်ပြီးသောသူသည် မိမိရဲ့ လျို့ဝှက်အပ်သောစကားကို သူတစ်ပါးတို့အား မပြော အပ်ပါ"

"မဟောသဓသုခမိန် သင့်ရဲ့စကားဟာ ကောင်းပေစွ ကောင်းပေစွ"

အမတ်လေးယောက်လည်း မဟောသဓဆီက လိုချင်တဲ့ စကားရတာနဲ့ မင်းကြီးဆီ တစ်ခါတည်း သွားတော့တာပါပဲ။ နန်းတော်ရောက်တော့ 'မဟောသဓမှာ လျို့ဝှက်အကြံအစည် ရှိကြောင်း မင်းကြီးကို စိတ်ထဲက မဖြောင့်မမှန် အကောက်ကြံ နေကြောင်း' လျှောက်ကြပါတယ်၊ မင်းကြီးက ပထမ မယုံ ပေမယ့် မင်းကြီးယုံအောင် အကျိုးသင့်အကြောင်းသင့် ထပ်လျှောက်တော့ နဂိုကတည်းက အသိဉာဏ်အားနည်းတဲ့

http://www.dhammadownload.com



မင်းကြီးက ယုံပြန်ပါတယ်။

"မင်းကြီးအနေနဲ့ မဟောသဓကိုခေါ်ပြီး ရာဇမာယာနဲ့ သူမသိအောင် 'လျှို့ဝှက်အပ်သောစကားကို မည်သူ့အား ပြောကြားအပ်သနည်း' လို့မေးပါ။ မဟောသဓက ကိုယ့်အလိုဆန္ဒမပြည့်မချင်း မည်သူ့ကိုမျှမပြောကြားအပ်၊ ကိုယ့်ဆန္ဒပြည့်မှ ပြောလိုက ပြောနိုင်ပါတယ်လို့ ဖြေပါလိမ့်မယ်၊ ဒါဆိုရင် မင်းကြီးအပေါ် အကောက်ကြံနေတဲ့ လျှို့ဝှက်အကြံအစည်ရှိကြောင်း ခန့်မှန်းလို့ရနိုင်ပါတယ်" လို့ တခါတည်း လိုချင်တဲ့နေရာရောက်အောင် လျှောက်ကြပါတယ်။

ဒီလိုနဲ့ မင်းကြီးလဲ အမတ်ငါးယောက်ဆုံတဲ့အချိန်မှာ အမတ်ငါးယောက်လုံးကို မေးတဲ့ပုံစံမျိုးနဲ့ မေးပါတယ်။ လျှို့ဝှက်အပ်သောစကားကို မည်သူ့အား ပြောကြားအပ်သလဲပေါ့။ ဒီတော့ အကြံရှိတဲ့သေနကအမတ်က ထပြီး "မင်းကြီးရဲ့ အယူအဆကိုလဲ သိပါရစေဦး" လို့လျှောက်ပါတယ်။ အစဉ်အတိုင်း အနှစ်ချုပ်ပြောရရင်တော့ မင်းကြီးက လျှို့ဝှက်အပ်တဲ့စကားကို မယားကောင်းမယားမြတ်ကို ပြောသင့်တယ်၊ သေနကအမတ်က အဆွေခင်ပွန်းကောင်းကို ပြောသင့်တယ်၊ ပက္ကုသအမတ်က တအူထုံ့ဆင်းညီအစ်ကိုချင်းကို ပြောသင့်တယ်၊ ကာမိန္ဒအမတ်က အနုဇာတသားကိုပြောသင့်တယ်၊ ဒေဝိန္ဒအမတ်က မိခင်ကိုပြောသင့်တယ်၊ အဲဒီလို အသီးသီးဖြေလျှောက်ကြပါတယ်။ နောက်ဆုံး မဟောသဓ

http://www.dhammadownload.com



အလှည့်ရောက်တဲ့အခါမှာတော့ မဟောသဓက အောက်ပါအတိုင်းဖြေလျှောက်ပါတယ်။

**"အရှင်မင်းကြီး . . လျှို့ဝှက်အပ်သောအမှုကို လျှို့ဝှက်ပဲထားသင့်ပါတယ်။ လျှို့ဝှက်အပ်သောအမှုကို သူတစ်ပါးပြောမိချေသော် နောင်မကောင်းကျိုး ဖြစ်တတ်ပါတယ်။ အရှင်မင်းကြီး ပညာရှိသူဟာ မိမိလိုအပ်သောအမှုကို အဘယ်သူအားမျှမသိစေအပ်ဘဲ၊ မပြောမဆို နှုတ်စောင့်စည်းပြီး ချုပ်တည်းသည်းခံရာ၏။ မိမိအလိုဆန္ဒ ပြည့်စုံသောအခါ၌မှုကား ပြောလိုက ပြောနိုင်ပါတယ်။ ဒါသည်ပင်ပညာရှိတို့သဘောအလေ့ဖြစ်ပါတော့သည် အရှင်မင်းကြီး"**

မဟောသဓရဲ့ အဖြေစကားကိုကြားလိုက်ရတော့မင်းကြီးလဲ သေနကအမတ်တို့ နားသွင်းထားတဲ့အတိုင်းကိုက်ညီနေတာနဲ့ မျက်နှာပျက်သွားပါတယ်။ မဟောသဓသူ့အပေါ်လျှို့ဝှက်အကောက်ကြံနေပြီဆိုတာလည်းတစ်ခါတည်းယုံလိုက်ပါတယ်။ မင်းကြီး မျက်နှာအမူအရာပျက်သွားတာကိုလဲ မဟောသဓက မြင်လိုက်ပါတယ်။ ဒါပေမယ့် လတ်တလော ပြန်လျှောက်ခွင့်မသာတာရယ်၊ နေဝင်သွားတာရယ်ကြောင့် ဦးစွာပဲထပြန်ခဲ့ပါတယ်။ မင်းကြီးလဲ မဟောသဓ မိမိကို တကယ်လုပ်ကြံတော့မှာပဲလို့အဟုတ်ယုံပြီး တုန်တုန်လှုပ်လှုပ်နဲ့ မျက်စိပျက်မျက်နှာပျက်နဲ့နောက်ဆုံး မဟောသဓကို အချိန်မီလုပ်ကြံဖို့ သေနကအမတ်ကို လက်စွဲတော်သန်လျက် ပေးလိုက်ပါတော့တယ်၊

http://www.dhammadownload.com



သေနကအမတ်လဲ မနက်ဖြန်မဟောသဓ မင်းကြီးဆီ အခစားဝင်တဲ့အခါ နန်းတော်တံခါးဝက သန်လျက်နဲ့ ခုတ်ဖို့ အသင့်။

မဟောသဓကလည်း စဉ်းစားပြီ၊ အမတ်လေး ယောက်ထဲမှာ တစ်ယောက်က လျှို့ဝှက်အပ်တဲ့စကားကို မိတ်ဆွေသူငယ်ချင်းကိုပြောသင့်တယ်၊ တစ်ယောက်က ညီကို၊ တစ်ယောက်က သားကို၊ တစ်ယောက်က မိခင်ကို၊ သူတို့ပြောတဲ့စကားတွေဟာ ရှေးပညာရှိတွေရဲ့ စကားလည်း မဟုတ်။ ကိုယ်တိုင် လုပ်ကြံပြီးပြောတဲ့စကားလဲမဟုတ်နိုင်။ သူတို့စကားတွေရဲ့ နောက်ကွယ်မှာ လျှို့ဝှက်သမိုင်းကြောင်း တစ်ခုစီရှိရမယ်။ အဲဒီလိုတွေးပြီး နန်းတော်တံခါးဝမှာ အမတ်လေးယောက်အိမ်မပြန်ခင် ထိုင်နေကျ ခုံကြီးအောက်ကို ဦးစွာ ဝင်ပုန်းနေလိုက်ပါတယ်။ အမတ်လေးယောက်လည်း မဟောသဓရှိနေတဲ့ ခုံကြီးပေါ်ကို ထိုင်နေကျအတိုင်း ထိုင်ကြပါတယ်။

အဲဒီမှာ သေနကအမတ်ကစပြီးမေးပါတယ်၊ 'အချင်း အမတ်တို့ မင်းကြီးကိုလျှောက်တဲ့စကားတွေဟာ ကိုယ်တွေ့နဲ့ယှဉ်ပြီးပြောခဲ့တာလား'ပေါ့။ ကျန်အမတ်တွေကလဲ ဟုတ်ပါတယ်ပေါ့။ သေနကအမတ်က မိမိလည်းကိုယ်တွေ့ ကြောင့်သာပြောခဲ့တာလို့ ပြန်ပြောပါတယ်။ ဒါနဲ့ မိမိတို့ရဲ့ ကိုယ်တွေ့တွေကို အချင်းချင်း ပြောပြဖို့ တောင်းဆိုကြ ပါတယ်။

http://www.dhammadownload.com



ဒီနေရာမှာလဲ သေနကအမတ်ကြီးကစပြီး သူ့ရဲ့ ကိုယ်တွေ့ကို အရင်ဆုံးပြောပြပါတယ်။

**သေနက**။ ။ အချင်းအမတ်တို့၊ ကျွန်ုပ်လျှို့ဝှက်ထားတဲ့ ကိစ္စကို မင်းကြီးသိရင် အသက်ရှင်ခွင့်ရတော့မှာမဟုတ်ပါဘူး။ ဒီမြို့မှာ ပြည့်တန်ဆာမတစ်ယောက် ရှိခဲ့ဖူးပါတယ်။ အခု အဲဒီပြည့်တန်ဆာမကို အချင်းအမတ်တို့ မြင်တော့မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်သူ့ကို အင်ကြင်းဥယျာဉ်တောမှာခေါ်ပြီး ယောကျ်ားတို့ကိစ္စကို ပြုခဲ့ပါတယ်။ ဒါတင်မကဘဲ သူ့ကိုယ်ပေါ်မှာရှိတဲ့ လက်ဝတ်တန်ဆာတွေကိုလိုချင်တာနဲ့ ပြည့်တန်ဆာမကိုသတ်ပြီး သူ့ရဲ့လက်ဝတ်တန်ဆာတွေကို ကျွန်ုပ်အိမ်ရဲ့ဆင်စွယ်ကောက်ထဲမှာ ထည့်ထားပါတယ်။ ဒီအမှုကို ကျွန်ုပ်မိတ်ဆွေတစ်ယောက်သာသိပါတယ်။ မိတ်ဆွေကလဲ လျှို့ဝှက်ပေးထားတာ ဒီနေ့အထိပါပဲ။ ဒါကြောင့် ကျွန်ုပ်က အဆွေခင်ပွန်း မိတ်ဆွေကို ပြောသင့်တယ်လို့ ပြောခဲ့တာပါ။

**ပက္ကုသ**။ ။ ကျွန်ုပ်ရဲ့ လျှို့ဝှက်ထားတဲ့ အမှုကတော့ တခြားမဟုတ်ပါဘူး။ ကျွန်ုပ်ပေါင်မှာ ကုဋ္ဌနူနာရှိပါတယ်။ ဒါကို ကျွန်ုပ်ရဲ့ညီပဲသိပါတယ်။ ညီက မနက်စောစောထပြီး သူတစ်ပါးမသိစေရဘဲ အနာကို ဖန်ရည်ဆေးပေး ဆေးလိမ်းပေးပြီး အနာဝကို ပုဆိုးကြမ်းနဲ့ ရစ်ဖုံးပေးပါတယ်။ ဒါက နေ့စဉ်ပြုနေကျပါ။ နန်းတော်ရောက်တဲ့အခါ သင်တို့မြင်တဲ့ အတိုင်းပါပဲ။ မင်းကြီးက များသောအားဖြင့် ကျွန်ုပ်ပေါင်ပေါ်

http://www.dhammadownload.com



မှာသာ ဦးခေါင်းတင်ပြီး စက်တော်ခေါ်နေကျပါ။ တကယ်လို့ ကျွန်ုပ်ပေါင်မှာ ကုဋ္ဌနူနာရှိမှန်းသာသိရင် မိတ်ဆွေအမတ်တို့ တွေးသာကြည့်ပါတော့။ နူနာရှိတဲ့အကြောင်းကို ကျွန်ုပ်ညီ တစ်ယောက်သာသိပါတယ်။ ညီကလဲ ကောင်းစွာလျှို့ဝှက်ပေးထားပါတယ်။ ဒါကြောင့် ကျွန်ုပ်က ညီကိုပြောသင့်တယ်လို့ ပြောခဲ့တာပါ။

**ကာမိန္ဒ**။ ။ ကျွန်ုပ်မှာ လကွယ်နေ့ ဥပုသ်နေ့တိုင်း တစ်လတစ်ကြိမ်လောက် နရဒေဝမည်တဲ့ ဘီလူးဖမ်းပါတယ်။ အဲဒီလိုဘီလူးဖမ်းပြီဆိုရင် ကျွန်ုပ်မှာ တစ်နေရာတည်းမနေနိုင်တော့ဘဲ ခွေးရူးလို ဟိုပြေးဒီလွှားနဲ့ အော်ဟစ်နေရပါတယ်။ ဒီရောဂါအကြောင်းကိုသိထားတဲ့ကျွန်ုပ်သားက ရောဂါဖြစ်တဲ့နေ့ဆိုရင် ကျွန်ုပ်ကို အိမ်ခန်းထဲထည့်ပြီး သော့ပိတ်ထားပေးပါတယ်။ တစ်ပါးသူတွေ မကြားရအောင်ဆိုပြီး အပြင်မှာလဲ အတီးအမှုတ် တူရိယာသံတွေ ပြုလုပ်ပေးထားပါတယ်။ ဒါကို ကျွန်ုပ်သားက လျှို့ဝှက်ပေးထားပါတယ်။ ဒါကြောင့် သားကိုပြောသင့်တယ်လို့ ပြောခဲ့တာပါ။

**ဒေဝိန္ဒ**။ ။ ကျွန်ုပ်ကတော့ မင်းကြီးဆီမှာရှိတဲ့ပတ္တမြားကို ခိုးထားမိပါတယ်။ ဒီပတ္တမြားက ဘုန်းကျက်သရေနဲ့ စည်းစိမ်ကိုဖြစ်စေတယ်လို့ အဆိုရှိပါတယ်။ ကျွန်ုပ် ပတ္တမြားကို ဆောင်ပြီး မင်းကြီးထံခစားပါဝင်တယ်။ မင်းကြီးလဲ သင်အမတ်တို့ကိုမခေါ်မီ ကျွန်ုပ်ကိုသာ ဦးစွာခေါ်လေ့ရှိပါတယ်။ ဒါကို ကျွန်ုပ်မိခင်တစ်ယောက်သာ သိပါတယ်။

http://www.dhammadownload.com



မိခင်ကလဲ လျှို့ဝှက်ပေးထားပါတယ်။ ဒါကြောင့် မိခင်ကို ပြောသင့်တယ်လို့ ပြောခဲ့တာပါ။

အမတ်လေးယောက်ရဲ့ လျှို့ဝှက်စကားတွေကို ခုံအောက်မှာရှိနေတဲ့မဟောသဓကော မှတ်ထားလိုက်ပါတယ်။ ပြီးတော့မှ အိမ်ကိုပြန်ခဲ့ပါတယ်။ အိမ်ပြန်ရောက်ပြီး ညဥ့်နက်သန်းခေါင်အရောက်မှာ မင်းကြီးရဲ့မိဖုရားကြီးဆီက လျှို့ဝှက်အကြောင်းကြားစာ ရောက်လာပါတယ်။ စာပါအကြောင်းအရာကတော့ 'မနက်ဖြန်မနက် နန်းတော်ဝင်တဲ့အခါ နန်းတော်တံခါးဝကစောင့်ပြီး မဟောသဓကိုလုပ်ကြံကွပ်မျက်ဖို့ မင်းကြီးက လက်စွဲတော်သန်လျက်ကို အမတ်လေးယောက်တို့အား ပေးလိုက်ကြောင်း၊ နက်ဖြန်မနက် နန်းတော်သို့မဝင်စေလိုကြောင်း၊ ဒီစကားတွေကို မင်းကြီးက စက်တော်မခေါ်ခင်ပြောပြလို့ သိရကြောင်း'ပါ။

လျှို့ဝှက်စာရတော့ မဟောသဓလည်း နန်းတော်ကို ပုံမှန်သွားချိန်အတိုင်းမသွားတော့ဘဲ အတော်နောက်ကျမှ သွားပါတယ်။ သေနကတို့အဖွဲ့လဲ အချိန်တော်တော်ကြာအောင် စောင့်နေပေမယ့် မဟောသဓ မလာတော့တဲ့အဆုံး မင်းကြီးဆီခစားဖို့ ဝင်သွားပါတယ်။ဒီတော့မှမဟောသဓကော နန်းတော်ကိုဝင်ပါတယ်။

နန်းတော်ရောက်တော့ မင်းကြီးက 'မဟောသဓ ဘာကြောင့်နောက်ကျသလဲ'လို့ မသိချင်ယောင်ဆောင်ပြီး မေးပါတယ်။ ဒီအခါမှာ မဟောသဓကော 'ကျွန်တော်မျိုးကို

http://www.dhammadownload.com



လုပ်ကြဲဖို့ သေနကအမတ်တို့ သန်လျက်ကိုင်ပြီး နန်းတော်တံခါးဝက စောင့်နေလို့ပါ' လို့ ပြန်လျှောက်ပါတယ်။ မင်းကြီးလဲ အတော်အံ့သြသွားပါတယ်။ 'ဒီလျှို့ဝှက်စကားဘယ်ကရသလဲ'လို့ ပြန်မေးတော့ 'အရှင်မင်းကြီးက လျှို့ဝှက်အပ်တဲ့စကားကို မယားကိုပြောသင့်တယ်လို့ အမိန့်ရှိဖူးပါတယ်။ ညက မင်းကြီးက လျှို့ဝှက်ထားရမယ့်စကားကို မိဖုရားကြီးကို ပြောပါတယ်။ မိဖုရားကြီးဆီက တစ်ဆင့်ကျွန်တော်မျိုးကြားသိရခြင်းပါ' လို့ ပြန်လျှောက်ပါတယ်။

နောက် သေနကအမတ်ရဲ့ လျှို့ဝှက်အမှုဖြစ်တဲ့ ပြည့်တန်ဆာမကိုသတ်ပြီး လက်ဝတ်တန်ဆာတွေကို ယူထားတဲ့အကြောင်း လျှောက်ပါတယ်။ မင်းကြီးက သေနကအမတ်ကို "မှန်ရဲ့လား"လို့မေးတဲ့အခါ သေနကအမတ်လဲ မထိမ်ဝှက်ဝံ့တော့ဘဲ မှန်တဲ့အကြောင်း ဝန်ခံရပါတော့တယ်။ ဒီအခါမှာ မင်းကြီးက သေနကအမတ်ကို နှောင်အိမ်ထဲသွင်းဖို့ တစ်ခါတည်း အမိန့်ချလိုက်ပါတယ်။

ကျန်အမတ်သုံးယောက်ရဲ့ လျှို့ဝှက်အမှုတွေကို ဖော်ထုတ်လိုက်တဲ့အခါမှာလည်း မင်းကြီးက တစ်ခါတည်း နှောင်အိမ်ထဲသွင်းခိုင်းလိုက်ပါတယ်။ အဲဒီတော့မှ မဟောသဓာအောက်ပါအတိုင်း လျှောက်ပါတယ်။

"အရှင်မင်းကြီး အရှင်မင်းကြီးက လျှို့ဝှက်ထားရမယ့်စကားကို မိဖုရားကြီးကိုပြောပါတယ်၊ အမတ်လေးယောက်ကလဲ လျှို့ဝှက်ထားရမယ့် ကိုယ်ရေးကိုယ်တာတွေကို

http://www.dhammadownload.com



အချင်းချင်းပြောမိကြပါတယ်။ နောက်ဆုံးတော့ အားလုံး ပျက်စီးခြင်းသို့ ရောက်ရပါတယ်။ အရှင်မင်းကြီး တကယ်တော့ လျှို့ဝှက်ထားရမယ့်စကားကို လျှို့ဝှက်ထားတာ အကောင်းဆုံးပါပဲ"

လောကမှာသက်တမ်းအလျောက် အသက်ရှင်ခွင့် ရနေကြဦးမယ်ဆိုရင် လျှို့ဝှက်အပ်တဲ့အပြုအမူတွေနဲ့ အခါအခွင့်သင့်သလို တွေ့ကြုံနေကြရဦးမှာပါ။ အဲဒီလို တွေ့ကြုံတဲ့အခါမျိုးမှာ မဟောသဓရဲ့ စကားကိုသာ အာရုံပြုခဲ့မိရင် . . . .

× × ×

ကျမ်းကိုး

– မဟောသဓဇာတ် (မင်းပူးဦးသြဘာသ)

[မြတ်သတိ သြဂုတ် ၂၀၀၀]

http://www.dhammadownload.com

http://www.dhammadownload.com

# ရွာစကားတို့၏ မြစ်ဖျား

၊၂၊



http://www.dhammadownload.com

"တောထဲ၌ပရိသတ်ခွေရံနည်းသည်၊
ကြောက်တော်မမူလော"

(တောင်ဖီလာဆရာတော်)

"ကြောက်ရှုပင်
တောထဲ၌ပရိသတ်အနည်းနှင့်နေပါသည်"

(ရွှေဥမင်ဆရာတော်)

http://www.dhammadownload.com

# ရွှေစကားတို့ရဲ့ မြစ်ဖျား(၃)

အင်းဝခေတ်စာမျက်နှာတွေလှန်လိုက်ရင် လုံးဝချန်လှပ်လို့မရတဲ့။ ရွှေစကားနှစ်ခွန်းရှိပါတယ်။ အဲဒါတွေကတော့ တောင်ဖီလာဆရာတော်နဲ့ ရွှေဥမင်ဆရာတော်တို့ရဲ့စကားနှစ်ခွန်းပါ။ ဒီစကားနှစ်ခွန်းရဲ့ မြစ်ဖျားခံရာကို ကြည့်လိုက်တော့ . . . .

တောင်ဖီလာဆရာတော်နဲ့ ရွှေဥမင်ဆရာတော်ဆိုတာ အင်းဝခေတ် သာလွန်မင်းတရားလက်ထက်မှာ ပေါ်ထွန်းခဲ့တဲ့ ဆရာတော်တွေပါ။ အဲဒီခေတ်လတ်တလော ပစ္စုပ္ပန် အနေအထားအရ တောင်ဖီလာဆရာတော်က မြို့မှာ သီတင်းသုံးတဲ့ ဆရာတော်။ မင်းကိုးကွယ်တဲ့ ဆရာတော်၊ ရွှေဥမင်ဆရာတော်က တောထဲမှာ ကပ္ပိယသူတော်တစ်ယောက်ကိုသာ အဖော်ပြုပြီး သီတင်းသုံးနေတဲ့

http://www.dhammadownload.com



ဆရာတော်။ ဒါပေမယ့် ဆရာတော်နှစ်ပါးလုံး ပါရမီဇာဓိအခံတွေ တူနေကြတော့ လျှောက်လှမ်းနေတဲ့ ခြေလှမ်းနှစ်စုံဟာ တစ်ခုတည်းသော ပန်းတိုင်ဆီကိုသာ ဦးတည်နေပါတယ်။ ဦးတည်ချက်ပန်းတိုင်မှန်ရင် လုပ်ဆောင်ချက်လဲမှန်ကြတာ လောကဓမ္မတာပါ။

တစ်နေ့မှာ သာလွန်မင်းတရားဆီကို 'နှစ်ပေါင်း များစွာ ပျောက်ကွယ်နေတဲ့ မန်းစက်တော်ရာ နှစ်ဆူကို ရှာဖွေပေးဖို့' စာသွင်းလျှောက်ထားကြပါတယ်။ မင်းကြီးလဲ သဘောကျတာနဲ့ ကြည်ညိုရင်းစွဲရှိတဲ့ တောင်ဖီလာဆရာတော် အပါအဝင် ဆရာတော်လေးပါးနဲ့အတူ မန်းစက်တော်ရာ နှစ်ဆူရှာဖို့ အင်းဝနေပြည်တော်ကနေ မင်းဘူးကိုကြွခဲ့ကြပါတယ်။ ဒီလိုနဲ့ တစ်တောဝင် တစ်တောင်ထွက် ရှာလိုက်ကြတာ ရက်တွေသာ ကုန်လွန်သွားပါတယ်။ ဘာသဲလွန်စမှ မရဘူးဖြစ်နေပါတယ်။ ရှာလိုက် နားလိုက် စက်တော်ရာအနီး မရှက်ရွာရောက်တော့ အနားယူရင်း တစ်ညတာ ကျိန်းစက်ဖို့ စီစဉ်ကြပါတယ်။

အဲဒီညမှာပဲ တောင်ဖီလာဆရာတော် အိပ်မက်မက်ပါတယ်။ ဘယ်လိုမက်သလဲဆိုတော့ လူတစ်ယောက်က ခွေးနက်ကြီးတစ်ကောင်နဲ့လာပြီး "ဘုန်းကြီးတို့လာကြ သည်မှာ အန္တရာယ်ကြီးလှပါသည်၊ တောလည်းနက် သားရဲလဲ ထူပြောပါတယ်၊ အဘယ့်ကြောင့်ကြွလာရသနည်း" လို့ မေးပါတယ်၊ ဆရာတော်ကလဲ "ရှေးမင်းတို့ သွားရောက်

http://www.dhammadownload.com



ပူဇော်လေ့ရှိတဲ့ စက်တော်ရာနှစ်ဆူရှိကြောင်း၊ ရာဇဝင်ကြောင်းရှိ၍ ရှာဖွေရန်ကြွလာကြကြောင်း" ပြန်အမိန့်ရှိလိုက်ပါတယ်။ ဒီတော့ ခွေးနက်ကြီးနဲ့လူက "ဤသို့ဆိုလျှင် ခွေးနက်ကြီးဝင်ရာတောသို့ နောက်ကလိုက်လျှင် တွေ့ပါလိမ့်မည်"လို့ပြန်လျှောက်ပါတယ်။ စကားဆုံးတော့ ဆရာတော်လည်း တစ်ခါတည်းနိုးသွားပါတယ်။အဖော်သုံးပါကိုလည်း အိပ်မက်အကြောင်းပြောပြလိုက်ပါတယ်။

မနက်မိုးလင်းတော့ အိပ်မက်အတိုင်းလိုက်ရှာကြ ပါတယ်။ ခွေးနက်ကြီးတစ်ကောင်က ဆရာတော်တို့ရဲ့ ရှေ့က သွားနေတာနဲ့ ခွေးနက်ကြီးနောက်လိုက်ရင်း စက်တော်ရာနေရာရောက်တော့ ပျောက်သွားပါတယ်။ မန်းချောင်းနဖူးအရောက်မှာ နတ်ဘီလူးတစ်ယောက် ကိုယ်ထင်ရှားပြပြီး စက်တော်ရာနှစ်ဆူကိုလိုက်လံ ညွှန်ပြပါတယ်။

တောင်ဖီလာဆရာတော်တို့လည်း စက်တော်ရာနှစ်ဆူ တွေ့ပြီဆိုတော့ တောင်ပေါ်မှာပဲ ကျိန်းစက်ကြပါတယ်။ တောင်ဖီလာဆရာတော်ကတော့ ပဋ္ဌာန်းဒေသနာနဲ့ ရွတ်ဖတ်ပြီးပူဇော်ပါတယ်။ ပြီးတော့ ဆရာတော်က စက်တော်ရာကို ပုံ့သကူသင်္ကန်းနဲ့ လွှမ်းအုပ်ပြီး "ငါသည် ဘုရားဖြစ်မည်ကေန်မှန်လျှင် ဤသင်္ကန်း၌ တစ်ရှော့ရှစ်ကွက် စက်လက္ခဏာများထင်စေသတည်း" ဆိုပြီးအဓိဋ္ဌာန်လိုက် ပါတယ်။ သင်္ကန်းတော်ဟာ ကြိုးကြာရုပ်ကဲ့သို့ ကုန်းကွထ သာတယ်လို့ ဆိုပါတယ်။ ကြိုးလည်းကြိုးစား ကြာလည်း

http://www.dhammadownload.com



ကြာဦးမယ်ဆိုတဲ့ အမှတ်နိမိတ်ပါ။ ဒါတွေ ရေးပြလိုက်ရတာကတော့ စက်တော်ရာနဲ့ တောင်ဖီလာဆရာတော်ရဲ့ ကျေးဇူးရယ်၊ မြန်မာပြည်သား ဘုရားဆုပန် ဆရာတော်တစ်ပါးရဲ့ ပုံရိပ်တစ်စိတ်တစ်ဒေသရယ်ကို ကြည်ညိုစေချင်သိစေချင်လို့ပါ။

တောင်ဖီလာဆရာတော်ဟာ စက်တော်ရာကအပြန် ရွှေဥမင်ဆရာတော်ထံ ဝင်ရောက်ဖူးတွေ့ပါတယ်။ တောင်ဖီလာဆရာတော်က ရွှေဥမင်ဆရာတော်ကို ဖူးရုံသက်သက်မဟုတ်ဘဲ သီခြားရည်ရွယ်ချက်တစ်ခုလည်း ပါလာပါတယ်။ အဲဒါကတော့ မိမိရေးသားပြုစုထားတဲ့ ဝိနည်း ငါးကျမ်း ပါဠိအဋ္ဌကထာ နိဿယနဲ့၊ ရွှေဥမင်ဆရာတော် ပြုစုရေးသားထားတဲ့ ဝိနည်းငါးကျမ်း ပါဠိအဋ္ဌကထာနိဿယတို့ကို တိုက်ဆိုင်ကြည့်ချင်လို့ပါ။

မင်းဆရာတော် ကြွလာတယ်ဆိုတော့ သိတဲ့အတိုင်းပါပဲ။ နောက်ကခြွေရံပရိသတ်တွေ လှူဖွယ်ပစ္စည်းဝတ္ထုတွေအပြည့်နဲ့ပေါ့။ ရွှေဥမင်ဆရာတော်က ကပ္ပိယသူတော်တစ်ယောက်ပဲရှိပါတယ်။ ပြီးတော့ ဘာပစ္စည်းဝတ္ထုမှလည်းမရှိပါဘူး၊ ပစ္စည်းဝတ္ထုဘာယ်လောက်ခေါင်းပါသလဲဆိုရင် မင်းဆရာနဲ့ ပရိသတ်အတွက် နေရာထိုင်ခင်းမပေးနိုင်လို့ မိမိထိုင်နေကျ သားရေနွယ်အခင်းလေးကို ဖုန်ခါပြီးနေရာထိုင်ခင်းပေးရပါတယ်။ အဲဒီလောက်အထိ ပစ္စည်းဝတ္ထုခေါင်းပါးတာပါ။

http://www.dhammadownload.com



ရွှေဥမင်ဆရာတော်ရဲ့ လက်ရှိပစ္စက္ခ အနေအထားအရ တောထဲမှာ ပရိသတ်မရှိပုံ ပရိသတ်မရှိလို့ ပစ္စည်းဝတ္ထု ခေါင်းပါးပုံတို့ကိုကြည့်ပြီး တောင်ဖီလာဆရာတော်က –

"အရှင်ဘုရား ... တောထဲ၌ ပရိသတ်ခြွေရံနည်းသည်၊ ကြောက်တော်မမူလော" လို့မေးလျှောက်ပါတယ်၊ ဒီတော့ ရွှေဥမင်ဆရာတော်က "ကြောက်၍ပင် တောထဲ၌ ပရိသတ် အနည်းနှင့်နေပါသည်" လို့ ပြန်မိန့်လျှောက်ပါတယ်။

မထင်မှတ်တဲ့စကားကြားလိုက်ရတော့ တောင်ဖီလာ ဆရာတော် တော်တော်လေးတုန်လှုပ်သွားပါတယ်။ ပါရမီ အခြေခံရှိပြီးသားဆိုတော့ ဒီစကားနဲ့တန်ပြန်အတွေးတစ်ခု ဝင်လာပါတယ်။ အဲဒါကတော့ "သြော် ... ငါကတော့ မကြောက်တတ်သူဖြစ်ခဲ့ပါပြီ" ဆိုတဲ့ တန်ပြန်အတွေးပါ။ နောက် တောင်ဖီလာဆရာတော်က သူ့မှာပါလာတဲ့ ပစ္စည်း တွေထဲက နှစ်ထပ်သင်္ကန်းကြီးကို ကိုယ်တိုင်ကိုင်ပြီး –

"သင်္ကန်းပါဘုရား ... အရှင်မဟာကဿပကိုဘုရားရှင် ကပ်လှူသော နှစ်ထပ်သင်္ကန်းကြီးကဲ့သို့ မွန်မြတ်သော မင်းဧကရာဇ်လှူ၍ရသော ပစ္စည်းပါဘုရား။ သံသရာကို ချီးမြှောက်သဖြင့် သုံးဆောင်တော်မူပါ"လို့ ပြောဆိုပြီး လှူဒါန်းပါတယ်။ ရွှေဥမင်ဆရာတော်ကလည်း ကိုယ်တိုင် လက်နှစ်ဖက်နဲ့ခံယူပါတယ်။ သင်္ကန်းကိုအောက်မချသေးဘဲ တောင်ဖီလာဆရာတော်နည်းတူ သင်္ကန်းကိုအပေါ်မြှောက် လိုက်ပြီး"သာဓု၊ သာဓု၊ ဤသင်္ကန်းကို ရွှေစည်းခုံဘုရားအား

http://www.dhammadownload.com



လှူပါ၏" လို့ဆိုပြီး အောက်ပြန်ချထားလိုက်ပါတယ်။ နောက် တောင်ဖီလာဆရာတော်က ပါလာတဲ့ပစ္စည်းတွေကို တစ်ခုချင်းလှူပါတယ်။ ပစ္စည်းတစ်ခု လှူတိုင်း လှူတိုင်း ရွှေဥမင်ဆရာတော်က "ဤပစ္စည်းကို ရွှေစည်းခုံဘုရားအား လှူဒါန်းပါ၏" လို့ချည်းဆိုပြီး ဘေးကို ချချထားလိုက်ပါတယ်။

ရွှေဥမင်ဆရာတော်ရဲ့အပြုအမူကိုကြည့်ပြီး တောင်ဖီလာ ဆရာတော်က ဒီလိုတွေးပါတယ်။ "သြော် ... ငါကား မင်းဆရာဖြစ်၍ ငါ့ပစ္စည်းဝတ္ထုတို့၌ရှုံရှာသဖြင့် ဤသို့ ပြုချေသည်"

ရွှေဥမင်ဆရာတော်ရဲ့သဘောကတော့ အဲဒီလို မဟုတ်ပါဘူး၊ ရွှေဥမင်ဆရာတော်ရဲ့သဘောက "ဤ အရှင်မြတ်သည် မင်းဂေဟာဇ်ဆရာတော်ဖြစ်လျက် ကိုယ်တိုင်ငါ့ထံသို့ လာရောက်၍ ပူဇော်သက္ကာရများနှင့် ငါ့အားပူဇော်ပေသည်။ ငါကား သူကဲ့သို့ပူဇော်ရန် ပစ္စည်းဝတ္ထုမရှိသောကြောင့် သူ့အားမပူဇော်ရ။ ထိုအရှင်မြတ်အား ပစ္စည်းပရိသတ် ခြွေရံတို့ကိုစွန့်၍ တောနေခြင်းအကျိုးငှာ မြတ်သောဆုံးမစကားဖြင့် ပူဇော်အံ့။ နောက်တစ်ခုအလွန်ရခဲလှစွာသောရဟန်းအဖြစ်ကို ရပါလျက် မင်းဆရာတော်အခေါ်ခံ၍နေခြင်းသည်အကျိုးမရှိ၊ အကျိုးရှိရာကို ရှာစေအံ့" အဲဒီလိုနှလုံးသွင်းနဲ့ ပြုမူပြောဆိုခဲ့တာပါ။

လှူဖွယ်ဝတ္ထုတွေလှူပြီးတော့ တောင်ဖီလာ ဆရာတော်

http://www.dhammadownload.com



က မိမိရေးသားထားတဲ့ ဝိနည်းငါးကျမ်း ပါဠိအဋ္ဌကထာ နိဿယနဲ့ ရွှေဥမင်ဆရာတော်ရေးသားထားတဲ့ ဝိနည်း ငါးကျမ်း ပါဠိအဋ္ဌကထာနိဿယကို တိုက်ဆိုင်ကြည့် လိုကြောင်း လျှောက်ထားပါတယ်။ ရွှေဥမင်ဆရာတော် ကလည်း မိမိရေးသားထားတဲ့ ပါဠိအဋ္ဌကထာနိဿယကို ချက်ချင်းပဲ ထုတ်ပြပါတယ်။ တောင်ဖီလာဆရာတော်က ရွှေဥမင်ဆရာတော်ရဲ့နိဿယကို စိတ်ကျေနပ်သည်အထိ ကြည့်ရှုပါတယ်။ ကြည့်လို့အားရတော့မှ "ငါရေးသားသည့် နိဿယသည်ကျယ်လွန်းသည်၊ ရွှေဥမင်ဆရာတော့် နိဿယသည် ကျဉ်းသည်၊ ရွှေဥမင်ဆရာတော် နိဿယ သည်ပင် နောင်စားသင်သားတို့အတွက် အားကိုးရာ ဖြစ်လောက်ပြီ၊ နှစ်နည်းရှိသဖြင့် လောကဝယ် ဘုရားနှစ်ဆူ ပွင့်သော် သတ္တဝါတို့၌ သူ့ဘုရားသာသည် ငါ့ဘုရား သာသည် အငြင်းခုံသာဖြစ်၍ အကျိုးမရှိသကဲ့သို့ ရှိပေတော့ မည်" အဲဒီလိုနှလုံးပိုက်ပြီး မိမိကိုယ်တိုင် ရေးသားထားတဲ့ နိဿယတွေကို ရွှေစည်းခုံစေတီရင်ပြင်မှာ မီးပူဇော်လိုက် ပါတယ်။ ပြီးမှပြန်ကြွသွားပါတယ်။

ရှေးရှေးဆရာတော်ကြီးတွေဟာ ဘာစာမူခ ဘာလာဘ သက္ကာရမှ မျှော်လင့်ချက်မထားဘဲ ကျမ်းပေါင်းများစွာကို တကယ့်သဒ္ဓါနှလုံးသားစစ်စစ်နဲ့ ရေးသွားတာပါ။ အဲဒီခေတ် ကာလက ဘောလ်ပင်တွေ၊ စာရွက်တွေ၊ လျှပ်စစ်မီးတွေ မပေါ်သေးတော့ ပေရွက်မှာ ကညစ်တံနဲ့ မီးခွက်ထွန်းပြီး

http://www.dhammadownload.com



ခဲရာခဲဆစ်ရေးခဲ့ကြရတာပါ။ ဒါတင်မကသေးဘဲ ကျမ်းချင်းတူလို့ ကိုယ့်ရဲ့ကျမ်းစာက အားနည်းချက်ရှိနေရင်လည်း မီးပူဖော်ပစ်ဖို့ဝန်မလေးကြပါဘူး၊ ဒါတွေကတော့ စာရေးတဲ့ အခါတိုင်းတွေးရမယ့်အတွေးတွေလို့ နားလည်းထားမိပါတယ်။ ဒါပေမယ့် တကယ်တမ်းကျတော့ လက်တွေ့ အနေအထားနဲ့ကွာဟနေပြန်ပါတယ်၊ "ဩော် . . ဒီအတွေးတွေ တွေးဖြစ်ပါလား" ဆိုတဲ့ အတွေးနဲ့ပဲ ကိုယ့်ကိုယ်ကို ဖော့ပြီး ဖြေဆည်လိုက်ရပါတယ်။

တောင်ဖီလာဆရာတော်နဲ့ ရွှေဥမင်ဆရာတော် နှစ်ပါးရဲ့ အပြုအမူတွေကို ကြည့်နေသူတွေထဲမှာ ကပ္ပိယသူတော်လဲ ပါပါတယ်။ ကပ္ပိယသူတော်က သူ့ဆရာတော်ရဲ့ အပြုအမူတွေကို အားမလိုအားမရဖြစ်နေဟန်တူပါတယ်။ ဒါကြောင့် တောင်ဖီလာဆရာတော်ပြန်ကြွသွားတော့ ရွှေဥမင်ဆရာတော် အနားကပ်ပြီး . . .

"ဘုန်းကြီးတို့ဝိနည်းမှာ သင်္ဃါ၍ လှူသောပစ္စည်းကို မသုံးဆောင်ဘဲ သူတစ်ပါးကိုမပေးအပ်၊ ပေးသော်သူ့သင်္ဃါ တရားကို ဖျက်ဆီးသည်မည်ရကား သင်္ဃါဒေယျဝိနိပါတဒုက္ကဋ်အာပါတ်သင့်သည် မဟုတ်ပါလော။ အဘယ့် ကြောင့် မင်းဆရာကိုယ်တိုင်လာ၍ လှူသည့်ပစ္စည်းကို အားပါးမနာ သူရှေ့တွင်ပင် ရွှေစည်းခံကိုလှူဘိသနည်း။ မသင့်လော" လို့ အပြစ်တင်ဟန်နဲ့လျှောက်ပါတယ်။ ဒီတော့ ရွှေဥမင်ဆရာတော်က "သူတော် ငါစောင့်၏။ သူတော့်

http://www.dhammadownload.com



ဆရာတော်ကို ငါဆုံးမလိုက်သည်။ ဒီကအပြန် စစ်ကိုင်း လေးထပ်ကြီး သူနေသောကျောင်းတော်ကို သူတော့်ဆရာ တော် ဝင်ဝံ့ပေလျှင် လောကဝယ် အာဂယောက်ျားပဲ" လို့ ပြန်အမိန့်ရှိလိုက်ပါတယ်။

မကြာခင်တစ်ရက်မှာ ရွှေဥမင်ဆရာတော်နဲ့ ကပ္ပိယ သူတော်ဆီကို သတင်းတစ်ခု ရောက်လာပါတယ်။ အဲဒီ သတင်းကတော့ "တောင်ဖီလာဆရာတော် ရွှေဥမင် ဆရာတော်ဆီကအပြန် မြို့နေမင်းဆရာအဖြစ်ကို ရှက်ရွံ့လို့ စစ်ကိုင်းတောင် အရှေ့ချောက်ကြား တောင်ဖီလာ တောရမှာ တောရဆောက်တည်သွားကြောင်း" ဆိုတဲ့ သတင်းပါပဲ၊ အဲဒီ အချိန်မှာ ရွှေဥမင်ဆရာတော်က သူတော့်ကို "ကိုင်း ဘယ့်နှယ်လဲ" ဆိုတဲ့အကြည့်နဲ့ ကြည့်နေပုံ သူတော်ကလည်း သူ့ဆရာတော်စကားတစ်ခွန်း တာသွားပုံကို တွေးပြီး ခေါင်းတဆတ်ဆတ်ညိတ်နေပုံ ပုံရိပ်နှစ်ခုကို အတွေးနဲ့ ပုံဖော် ကြည့်လိုက်မိပါတယ်။

× × ×


<u>ကျမ်းကိုး</u>

<u>- သီလဝိသောဓနီ (တတိယနံ့မော်ဆရာတော်)</u>

<u>[မြတ်သတိ - စက်တင်ဘာ - ၂၀၀၀]</u>

http://www.dhammadownload.com

[illegible]



http://www.dhammadownload.com

'ကံသုံးပါးဖြင့် ပြစ်မှားကျူးလွန်
မိုက်မှားမိပါသည်။
တပည့်တော်
ကန်တော့ဝန်ချတောင်းပန်ပါ၏ဘုရား'

(တောင်ငူမင်းသား)

'မင်းသားချည်းမှားသည်မဟုတ်၊ ငါလဲ
မှားလေသည်။ မင်းသားလဲ ပုထုဇဉ်
ငါလဲပုထုဇဉ်ဖြစ်ခဲ့၏။ ပုထုဇဉ်ဂတိကို
လိုက်စားမိသည့်အတွက်
ဖြစ်ကြသောကြောင့် မှားကြရချေပြီ။
ပုထုဇဉ်ပင်ဖြစ်ကြသော်လည်း
မင်းသားက ပုထုဇဉ်အငယ်၊
ငါကပုထုဇဉ်အကြီးဖြစ်၍
ငါက မင်းသားထက် သာလွန်၍
မိုက်မှားမိချေသည်'

(မောင်းထောင်သာသနာပိုင်ဆရာတော်)

http://www.dhammadownload.com

# ရှေးစကားတို့ရဲ့ မြစ်ဖျား(၄)

ကုန်းဘောင်ခေတ်စာမျက်နှာတွေလှန်လိုက်ရင် ရှေ့ပိုင်း စာမျက်နှာတွေဖတ်ရတာ အားပါသလောက် နောက်ပိုင်း စာမျက်နှာတွေကျတော့ သိပ်ပြီးအားမပါတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ 'ဇာတ်သိမ်းပိုင်း'ကို သိထားပြီး ဖြစ်တာကိုး။ ဆရာညိုမြကတော့ ကုန်းဘောင်ရှာပုံတော် စာအုပ် ထဲမှာ ကုန်းဘောင်တစ်ခေတ်ကို နေထွက်ချိန်၊ မွန်းတည့်ချိန်၊ နေဝင်ချိန်ဆိုပြီး လောကနေ့တစ်နေ့နဲ့ ဥပမာပေးထားပါတယ်။ အတက်ကာလ၊ အဆင်းကာလ အားဖြင့် ပြောမယ်ဆိုရင်တော့ အလောင်းမင်းတရားကနေ ဘိုးတော်ဘုရားနတ်ရွာစံတဲ့အထိကို အတက်ကာလ၊ ဘကြီးတော်မင်းတရားကနေ သီပေါမင်းအထိကို အဆင်း ကာလလို့ ဆိုထားပါတယ်။ ပြီးတော့ ကုန်းဘောင်ခေတ်

http://www.dhammadownload.com



(ရှေ့ပိုင်း) မြန်မာပြည်မြေပုံအရ အာသံ၊ မဏိပူရ၊ ဇင်းမယ်၊ အယုဒ္ဓယတို့ဟာ မြန်မာ့အင်ပါယာဖြစ်ခဲ့ဖူးပါတယ်။ အောင်မြင်ခြင်း၊ ကျရှုံးခြင်းဟာ လောကဓမ္မတာဆိုပေမယ့် သမိုင်းကျရှုံးခြင်းတွေကျတော့ နောင်မျိုးဆက်များစွာအထိ ဒီကျရှုံးမှုဒဏ်ရာတွေကို ခံစားရပါတယ်။ နိုင်ငံသစ်တစ်ခု တည်ဆောက်တဲ့နေရာမှာ အတိတ်ခေတ်ရဲ့ သမိုင်းကျရှုံးမှု ဒဏ်ရာတွေကို ဦးစွာကုစားပြီးမှ ကျန်တဲ့အစိတ်အပိုင်းတွေကို တစ်ဆင့်ချင်းတည်ဆောက်ရတာကိုး။ သမိုင်းဒဏ်ရာတွေ ကလည်း စိတ်ပိုင်းဆိုင်ရာဒဏ်ရာ၊ ရုပ်ပိုင်းဆိုင်ရာဒဏ်ရာ နှစ်မျိုးရှိတဲ့အနက်က ရုပ်ပိုင်းဒဏ်ရာကို ကုစားဖို့ လွယ်ကူ သလောက် စိတ်ပိုင်းဒဏ်ရာကျတော့ အချိန်ကာလ များစွာ ယူပြီး ကုစားရပါတယ်။ တချို့သမိုင်းအရှုံးတွေကျတော့ မျိုးဆက်ကုန်တဲ့အထိပဲ ဒဏ်ရာအမာရွတ်တွေကျန်သွားမယ့် အနေအထားပါ။ ရေးနေကျ ရွှေစကားတွေအကြောင်း မရေးခင် ဒီအတွေးတွေ အရင်ဝင်လာတာကတော့ ရွှေစကား အတွက် ရေးဖို့လှန်ထားတဲ့စာမျက်နှာတွေက ကုန်းဘောင် ခေတ် စာမျက်နှာတွေ ဖြစ်နေလို့ပါ။ ကဲ . . . ကုန်းဘောင် ခေတ်စာမျက်နှာတွေထဲက ရွှေစကားတို့ရဲ့မြစ်ဖျားခံရာ လိုက်ကြည့်လိုက်ကြရအောင်။

× ×

တစ်နေ့မှာ မောင်းထောင်သာသနာပိုင်ဆရာတော်က ဦးတောဇဆိုတဲ့ ဦးပဉ္ဇင်းငယ်တစ်ပါးကို စာပြန်ခိုင်းပါတယ်။

http://www.dhammadownload.com



စာပြန်ရတာက သမားရိုးကျပုံစံနဲ့ပြန်ရတာမဟုတ်ပါဘူး။ ဆိုင်းမဆင့်ဗုံမဆင့်ခေါ်ပြီး ပြန်ခိုင်းတာပါ။ ပြန်ခိုင်းတဲ့ စာတွေကတော့ ဘိက္ခုပါတိမောက် ပါဠိနိဿယအကုန်၊ ဘိက္ခုနီပါတိမောက် ပါဠိနိဿယအကုန်၊ ခုဒ္ဒကသိက္ခာ၊ ပါဠိနိဿယအကုန်၊ မူလသိက္ခာပါဠိနိဿယအကုန်ပါ။ ဒီစာတွေက ဝိနည်းပိုင်းဆိုင်ရာစာတွေပါ။ စာပြန်ရမယ်လို့ ကြိုတင်သိမထားတာရယ်၊ ပြန်ခိုင်းတဲ့စာတွေက များလွန်းနေတာရယ်ကြောင့် ဦးတေဇကအကုန်မရပါဘူး။ တချို့တစ်ဝက်ကိုပဲ ရပါတယ်။ မောင်းထောင်သာသနာပိုင်ဆရာတော်ကလည်း မရမချင်း အထပ်ထပ်ပြန်ဆိုခိုင်းပါတယ်။ အစကတည်းက ကြိုတင်ပြင်ဆင်ခွင့်မရလာတာကြောင့် ဘယ်လိုပြန်ခိုင်းပြန်ခိုင်း မရပါဘူး။ ဒါကြောင့် စာမရ,ရ ကောင်းလားဆိုပြီး သဲဒဏ် ရေဒဏ် ပေးပါတယ်။

စာပြန်ခိုင်းခံရသူ ဦးတေဇဆိုတာက တခြားမဟုတ်ပါဘူး။ တောင်ငူမင်းသားရဲ့ရဟန်းပါ။ တောင်ငူမင်းသားက သူ့ရဟန်း မောင်းထောင်သာသနာပိုင်ဆရာတော်ကျောင်းမှာ ဒဏ်ထမ်းနေရတဲ့သတင်းကို ကြားသွားပါတယ်။ သတင်းကြားတာနဲ့ ကျောင်းကို တစ်ခါတည်း ထလိုက်သွားပါတယ်။ ကျောင်းရောက်တော့ သူ့ရဟန်း ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ ဒဏ်ထမ်းနေရတာကိုမြင်ရပါတယ်။ သူ့ရဟန်းအတွက် အတော်လေးစိတ်မကောင်းဖြစ်သွားဟန်တူပါတယ်။ ဒါကြောင့်သာသနာပိုင်ဆရာတော်ဆီသွားပြီး 'တပည့်တော်ရဲ့

http://www.dhammadownload.com



ရဟန်း စာမရပေမယ့် ဝိနည်းသိက္ခာနဲ့ဆန့်ကျင်တဲ့ အကျင့်ပျက်မှုများရှိပါသလား'လို့ လျှောက်ထားပါတယ်။ သာသနာပိုင်ဆရာတော်က 'အကျင့်သိက္ခာပုဒ်မပျက်လိုက်နာကြောင်းငါသိတယ်။ ဒင်း စာမရလို့ ငါဒဏ်ပေးတာ' လို့ ပြန်အမိန့်ရှိပါတယ်။ ဒီတော့ တောင်ငူမင်းသားက 'စာမရသော်လည်း အကျင့်သိက္ခာပုဒ်မပျက်ရင် သည်းခံတော်မူသင့်ပါတယ်။ မေ့နေတဲ့စာကို နောင်ပြန်ကျက်ရင် ရနိုင်တာပဲမဟုတ်လားဘုရား'လို့ ပြန်လျှောက်ပါတယ်။ သာသနာပိုင်ဆရာတော်ကလည်း 'မဟုတ်ဘူးမင်းသားရဲ့၊ ဒင်း ဝိနည်းသိက္ခာကျမ်းကို အာဂုံအမြဲဆောင်ထားရမှာကို အရဆောင်မထားလို့ နောင်မှတ်သွားအောင် ငါက ဒဏ်ပေးထားတာ'လို့ ထပ်မိန့်ပါတယ်။ တောင်ငူမင်းသားက ကိုယ့်ရဟန်းဆိုတဲ့သံယောဇဉ်ရယ်၊မင်းသားဆိုတဲ့ဂုဏ်ရယ်ကြောင့် 'မာန်'လေး ဝင်လာပုံ ရပါတယ်။ အဲဒီဝင်လာတဲ့ 'မာန်'လေးနဲ့ အတူ တောင်ငူမင်းသားက 'အရှင်ဘုရားဟာ မဟုတ်သေးပါဘူး။ အရှင်ဘုရားက အခုချက်ချင်းအကုန်ရ,ရမယ်လို့ အမိန့်ချပြီး ချက်ချင်းပြန်ခိုင်းတော့ ဘယ်လာရနိုင်မှာလဲ။ စာကျက်ရက်ပေးပြီး ပြန်ခိုင်းတာမရလို့ဒဏ်ပေးတယ်ဆိုတော်သေး။ အခုအပြစ်ပေးတာလဲ အတော်ပင်ပန်းနေပြီ၊ သည်းခံတော်မူပါဘုရား'လို့ လျှောက်ပါတယ်။

ဆရာတော်ကလည်း သာသနာပိုင်ဆိုတဲ့ရာထူးကို လွယ်လွယ်ကူကူနဲ့ ရ,ထား.....မှမဟုတ်တာ။ ဘက်စုံ

http://www.dhammadownload.com



ထက်မြက်လို့ ရ,ထားတာကိုး။ ပြီးတော့ တောင်ငူမင်းသား နည်းတူ 'သာသနာပိုင်'ဆိုတဲ့ 'မာန်'ကလေးကလည်း တစ်ခါတည်းဝင်လာလေတော့ 'နင် ဘာလာစကားများ နေတာလဲ'ဆိုပြီး အနီးမှာရှိတဲ့ထွေးခံနဲ့ ပစ်ပေါက်လိုက် ပါတယ်။ တောင်ငူမင်းသားကလည်း ထွေးခံကိုကောက်ပြီး ဆရာ တော်ကို ပြန်ပေါက်ပါရော။ ဒီတော့ ဆရာတော်က ထ,တဲ့ ပြီး ခြေထောက်နဲ့ပြေးကန်ပစ်လိုက်ပါတယ်။ တောင်ငူ မင်းသားကလည်း အကန်ခံနေရာကနေချက်ချက်းထ၊ ဆရာတော်ကိုဖက်ပြီး နပန်းသတ်တော့တာပါပဲ။ သာသနာ ပိုင်ဆရာတော်နဲ့ တောင်ငူမင်းသား ထွေးလုံးရစ်ပတ်နဲ့ နပန်းသတ်နေကြတာကို အနားမှာရှိတဲ့ တိုက်အုပ်၊ တိုက် ကြပ် ဘုန်းကြီးတွေ၊ ကပ္ပိယတွေက ဒီအတိုင်းပဲ ကြည့်နေ ကြရပါတယ်။ ဘယ်သူမှဝင်ပြီး မခွဲဝံ့ကြပါဘူး။ နောက် မဟာဒါန်ဝန်ရောက်လာပြီး မဟာဒါန်ဝန်ကခွဲပေးမှ ရန်ပွဲ ပြီးသွားပါတယ်။ တောင်ငူမင်းသားကလည်း သူ့ရဲ့ရဟန်း ဦးတေဇကို ဒဏ်ထမ်းနေရာကနေပင့်ပြီး ပြန်သွားပါတယ်။

ဒီသတင်းကို ဘိုးတော်ဘုရားကြားသွားတော့ 'အင်း တောင်ငူကလည်း တောင်ငူပဲ။ မောင်းထောင်ကလဲ မောင်း ထောင်ပဲ'လို့ ညည်းတွားမိန့်တော်မူပါတယ်။ ဘိုးတော် ဘုရားအနေနဲ့ တစ်ဖက်ကလည်းသားတော်၊ တစ်ဖက် ကလည်း သာသနာပိုင်ဆရာတော်၊ ဘုန်းကြီးဘက်က မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လောကရေးနဲ့ကြည့်ရင်

http://www.dhammadownload.com



အမြင်မလှပါဘူး။ ဒါကြောင့် လူဖြစ်တဲ့သားတော်အနေနဲ့ ဝန်ချတောင်းပန်စေချင်ပါတယ်။ ဒါပေမယ့် သားတော် တောင်ငူမင်းသားက ခပ်စွာစွာ ခပ်ထက်ထက် မာနနဲ့။ မိမိ ပြောလို့ကတော့ ဘယ်လိုမှတောင်းပန်မှာမဟုတ်တဲ့ အကြောင်း ကိုယ့်သားတော်အကြောင်း ကိုယ်သိပြီးသားပါ။ ဒီတော့ သားတော်တောင်ငူမင်းသားကိုနိုင်တဲ့ ရန်ကုန် ဝန်ကြီး ဦးကျော်ရွှေးကို အကူအညီတောင်းရပါတယ်။ ဦးကျော်ရွှေး ဆိုတာက တောင်ငူမင်းသားငယ်ငယ်က ချိုပိုးထိန်းကျောင်း ခဲ့ရသူ။ ရိုက်သင့်ရင် ရိုက်ပြီးဆုံးမခဲ့သူ။ တောင်ငူမင်းသား ကိုယ်တိုင်ကလည်း ချစ်ကြောက်ရိုသေရသူ၊ တောင်ငူ မင်းသားက ငြင်းမယ့်သူမဟုတ်ပါဘူး။ လောကထုံးစံ အတိုင်း နိုင်ရာနဲ့ကိုင်တွယ်တာပါ။ ဘိုးတော်မင်းတရား အနေနဲ့ သားတော်တောင်းပန်တယ်ဆိုတဲ့နေရာမှာလဲ ကာယကံရှင်နှစ်ဦးသာသိတဲ့ တောင်းပန်မှုမျိုးမဟုတ်ဘဲ သံဃာ့ပရိသတ်၊ မင်းပရိသတ်၊ လူပရိသတ်အလယ်မှာ တောင်းပန်စေချင်တာပါ။ ဘိုးတော်မင်းတရားက သူ လိုချင်တဲ့ပုံစံကိုပါ တစ်ပါးတည်းပြောပြပါတယ်။

ဦးကျော်ရွှေးက တောင်ငူမင်းသားကို လောကရေး၊ ဓမ္မရေးတွေနဲ့ဆုံးမပြီး သာသနာပိုင်ဆရာတော်ကို ဝန်ချ တောင်းပန်ဖို့ပြော၊ တောင်ငူမင်းသားကလည်းခေါင်းညိတ်၊ ဒီလိုနဲ့ ဝန်ချတောင်းပန်ပွဲအစီအစဉ်ကို ပြုလုပ်ကြပါတော့ တယ်။

http://www.dhammadownload.com



နန်းတော်ရဲ့ ဇေတဝန်ဆောင် သံဃာစင်ပေါ်မှာ မောင်းထောင်သာသနာပိုင်ဆရာတော်၊ သုဓမ္မာဝင်ဆရာတော်များ၊ အောက်ခြေမှာ ဘိုးတော်မင်းတရားနဲ့ မိဖုရားခေါင်ကြီး၊ ဝန်ကြီးဦးကျော်ရွှေ၊ အမတ်ကြီးဦးပေါ်ဦး၊ အခြား မှူးမတ်ကြီးများ၊ သားတော်သမီးတော်များ၊ မောင်းမမိဿံများ၊ ရဟန်းပရိသတ်၊ မင်းပရိသတ်၊ လူပရိသတ် စုံစုံညီညီ၊ ရဟန်းတော်များဆွမ်းစားခြင်းကိစ္စပြီးလို့ ငါးပါးသီလယူ၊ ပရိတ်တရားတော်လည်းနာပြီးပြီ။ အပ်ကျသံ ကြားရလောက်အောင် ခန်းမဆောင်တစ်ခုလုံး ငြိမ်သက်နေပါတယ်။ အားလုံးရဲ့စိတ်က တောင်ငူမင်းသားဆီမှာ။တောင်ငူမင်းသားဆီကအသံကို အားလုံးနားစွင့်နေကြပါတယ်။တောင်ငူမင်းသားက ဦးကျော်ရွှေကို တစ်ချက်ကြည့်လိုက်ပါတယ်။ စ,ရတော့မလားပေါ့။ ဦးကျော်ရွှေက ခေါင်းဆတ် ပြလိုက်ပါတယ်။ တောင်ငူမင်းသားက ပုဆစ်တုပ်ထိုင်နေရာကနေ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီး–

**'ကျေးဇူးတော်ရှင်သာသနာပိုင်ဆရာတော်ဘုရား ... တပည့်တော်သည် မကောင်းသောဒေါသ၏ နောက်ပါဖြစ်၍ စိတ်လိုက်မာန်ပါ ဆရာတော်ဘုရားအား ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးဖြင့် ပြစ်မှား ကျူးလွန်မိုက်မှားမိပါသည်။ ထိုမိုက်မှားကျူးလွန်မိသောအပြစ်ကို ချမ်းသာပေးသနားတော်မူပါရန် တပည့်တော် ကန်တော့ဝန်ချတောင်းပန်ပါ၏ဘုရား။ ဝန်ချတောင်းပန် ကန်တော့**

http://www.dhammadownload.com



သည့်အတိုင်း တပည့်တော်ကို သနားသောအားဖြင့် သည်းခံတော်မူပါရန် အကြိမ်ကြိမ်ကန်တော့ဝန်ချပါကြောင်း ရှိခိုးလျှောက်ထားဝံ့ပါသည်ဘုရား'လို့ ဝန်ချ တောင်းပန်လိုက်ပါတယ်။ တောင်ငူမင်းသားရဲ့စကားဆုံးတာနဲ့ ပရိသတ်အားလုံးက ဝိုင်းပြီး သာဓုခေါ်ကြပါတယ်။ ပရိသတ်အားလုံးသာဓုခေါ်သံအဆုံးမှာ မောင်းထောင်သာသနာပိုင် ဆရာတော်က တည်တည်ငြိမ်ငြိမ်နဲ့ မိန့်တော်မူပါတယ်။

'အင်း ... သာဓု၊ သာဓု၊ သာဓု ငါသည်းခံ၏။ မင်းသားချည်း မှားသည်မဟုတ်။ ငါလဲ မှားလေသည်။ မင်းသားလဲ ပုထုဇဉ်၊ ငါလဲ ပုထုဇဉ်ဖြစ်ခဲ့၏။ ပုထုဇဉ်ဂတိလိုက်စားမိသည့်အတွက် ဖြစ်ကြသောကြောင့် မှားကြရချေပြီ။ ပုထုဇဉ်ပင်ဖြစ်သော်လည်း မင်းသားက ပုထုဇဉ်အငယ်၊ ငါက ပုထုဇဉ်အကြီးဖြစ်၍ ငါက မင်းသားထက် သာလွန်၍ မိုက်မှားမိချေသည်။ မြတ်စွာဘုရား၏အရေတော်ကို ဝတ်ဆင်မြန်းလျက် မဟာသံဃရာဇာအမည်ကိုရရှိသဖြင့် သည်းမခံနိုင်ဘဲ သာသနာပိုင်ဂုဏ်ယစ်မူးသောကြောင့် ဒေါသဂတိကိုလိုက်စားမိသဖြင့် ဖြစ်ရချေသည်။ သို့အတွက် မင်းသားလဲ ငါ့အပေါ်၌အမျက်မထားလေနဲ့။ သည်းခံပါလေ'

သာသနာပိုင်ဆရာတော်က ခေတ္တရပ်လိုက်တော့ ပရိသတ်အားလုံးက ဝိုင်းပြီး သာဓုခေါ်ကြပါတယ်။ ပြီးမှ ဆရာတော်က မိန့်လက်စ စကားကိုဆက်ပြီး မိန့်ပါတယ်။ 'မင်းသားကို ဥပမာတစ်ခုပြောရဦးမယ်။ မြတ်စွာဘုရား

http://www.dhammadownload.com



ဟောတော်မူသော မဟောသဓဇာတ်တော်မှာ စူဠနီမင်းဟာ မဟောသဓကို သတ်ပစ်ရန်သာဒေါသအမျက်ထားပြီးလျှင် ကြံစည်လျက်ရှိနေသည်။ မဟာဥပကာရီဥမင် လိုဏ်ခေါင်း အတွင်းသို့ကျရောက်မှ နောက်နောက်က ပျက်စီးအောင် ကြံခဲ့ကြသော ဒေါသအမျက်ကြီးတွေကို တစ်ခါတည်း ပျောက်ကွယ်၍ တစ်ယောက်နှင့်တစ်ယောက် အသက်ချင်း လဲကြ၍ ချစ်ကြည်ကြသောအဖြစ်သို့ ရောက်လေသကဲ့သို့ ဤနန်းတော်ဇေတဝန်အဆောင်သည် မဟာဥပကာရီ ဥမင် လိုဏ်ခေါင်းဟု သဘောထား၍ ဖြစ်ခဲ့သော ဒေါသအမျက် တို့သည် တစ်ခါတည်းစွန့်ပစ်ပယ်ဖျောက်ပြီး အသက်ချင်း လဲကြသကဲ့သို့ ရှေ့ကိုအသက်ရှည်သမျှကာလပတ်လုံး မေတ္တာစိတ်မပျက်ကြရအောင်သာ သတိပြုကြရန် ဖြစ်တော့ သည်ကို အသင်မင်းသား မှတ်ယူပါလော့"

သာသနာပိုင်ဆရာတော်ရဲ့ တရားမိန့်ကြားသံ ဆုံးတော့ ပရိသတ်အားလုံးက သာဓုထပ်မံခေါ်ကြပါတယ်။ နောက် တောင်ငူမင်းသားကိုယ်တိုင် အလှူတော်သကာန်းတွေကို ဆရာတော်များအားကပ်လှူပါတယ်။ ကိစ္စဝိစ္စတွေပြီးလို့ ဆရာတော်တွေပြန်ကြွတဲ့အခါ တောင်ငူမင်းသားက သာသနာပိုင်ဆရာတော်ရဲ့ဖိနပ်ကို ကိုယ်တိုင်ကိုင်ပြီး ဖိနပ်ကို ခင်းပေးပါတယ်။ ဒီမြင်ကွင်းကိုကြည့်ပြီး ပရိသတ်တွေရဲ့ မျက်နှာမှာကြည်နူးကျေနပ်စိတ်တွေကအထင်းသားနေမှာပါ။

တကယ်တော့ ဒီပွဲဟာ မောင်းထောင်သာသနာပိုင်

http://www.dhammadownload.com



ဆရာတော်နဲ့ တောင်ငူမင်းသားတို့ ကိုယ့်ရဲ့မာနကို နိဝါတ ဆိုတဲ့ဆပ်ပြာနဲ့ ဖွပ်လျှော်တဲ့ပွဲ။တစ်နည်းအားဖြင့် မာနနဲ့ နိဝါတ လဲလှယ်တဲ့ပွဲ။ ဒါမှမဟုတ် တမလွန်ကို မာနတွေ ယူမသွားဘဲ နိဝါတတွေသာယူသွားမယ်လို့ တရားဝင် ကြေညာတဲ့ပွဲ။ ဘာပဲပြောပြော နိဝါတမင်္ဂလာနဲ့ ပြည့်စုံလှတဲ့ ပွဲတစ်ပွဲပါပဲ။ မောင်းထောင်းသာသနာပိုင်ဆရာတော်ရဲ့ "ငါကပုထုဇဉ်အကြီးဖြစ်၍ ငါကမင်းသား ထက်သာလွန်၍ မိုက်မှားမိချေသည်" ဆိုတဲ့စကားဟာ ကုန်းဘောင်ခေတ်မှာ ဘယ်လောက်အထိ မြည်ဟည်းခဲ့တယ်ဆိုတာ မပြောတတ် ပေမယ့် စာရေးသူကတော့ မောင်းထောင်းသာသနာပိုင် ဆရာတော်ရဲ့ နိဝါတမင်္ဂလာကိုအာရုံပြုပြီး ကန်တော့လိုက် မိတာတော့အမှန်ပါ။

× × ×

ကျမ်းကိုး
(၁) ပါးစပ်ရာဇဝင် (မှော်ပီဆရာသိန်းကြီး)
(၂) ကုန်းဘောင်ရှာပုံတော် (ညိုမြ)
[မြတ်သတိ အောက်တိုဘာ၊၂၀၀၀]

http://www.dhammadownload.com

# ချစ်စကားဝို့ဂါ့

## မြတ်ဖျား

၊၅၊



http://www.dhammadownload.com

"လူထွက်သောရဟန်းသည်
အဘယ်ကြောင့် မမိုက်ဘဲရှိတော့မည်နည်း။
ရဟန်းမည်သည်ကား သူတစ်ပါးလှူသော
အဝတ်အစား၊ သူတစ်ပါးလှူသော
အရိပ်သင်္ခမ်းကိုသုံးဆောင်စားသောက်၍
ချမ်းသာစွာနေထိုင်ရပေသည်။
စာပေကျမ်းဂန်သင်ကြားလိုကသင်ကြားနိုင်၏။
မသင်လိုလျှင်လဲ သင်္ကန်းကြီးကို
ခြုံကန်ကာသာအိပ်လိုသမျှ
အိပ်နေနိုင်သည်။
ထိုသို့စဉ်လျက် သူ့ကျွန်ခံဦးမည်၊
မယားကျွန်ပြု၍ လုပ်ကျွေးဦးမည်၊
လူထွက်သောရဟန်းထက်
မိုက်သောလူမရှိပြီ။ လူမိုက်မယား
ဖြစ်ချေက ကျွန်ုပ် မဆင်းရဲပြီလော"

(အမည်မသိဒကာမတစ်ယောက်)

http://www.dhammadownload.com

# ရှေးစကားတို့ရဲ့ မြစ်ဖျား(၅)

"ကဲ ဒီနေ့တော့ တော်ဦးစို့ကွယ်၊ မနက်ဖြန်မှ ကျန်တာကို ဆက်ပြီးပို့ချကြတာပေါ့"

'အင်း ...ဒီနေ့စာချတာအချိန်နည်းနည်းကြာသွားလို့လား မပြောတတ်ဘူး။ ရင်ထဲက မောလာသလိုပဲ။ အသက်အရွယ်ကလည်း စကားပြောလာတယ်ထင်ပါရဲ့။ အင်း ... ခြောက်ဆယ့်ခြောက်နှစ်ဆိုတော့ လူ့အိုထဲရောက်လာပါပကော။ ဘာလိုလိုနဲ့ စာပေပို့ချလာတာလည်း အနှစ်သုံးဆယ်ကျော်လာပြီ။ ဒီနှစ်စာလိုက်သံဃာနှစ်ရာဝန်းကျင်လောက်ရှိအံ့ထင်ပါရဲ့။ တကယ်ဆိုဒီထက်မက သံဃာများများကို ပို့ချပေးချင်တာ။ ဒါပေမယ့် နေရာက မပေးနိုင်ဘူး။ ဒါတောင်အင်းဝနေပြည်တော်က နရာဝရမင်း ပုညရှင်

http://www.dhammadownload.com



စေတီတော်လာဖူးရင်းကျောင်းထဲဝင်လာလို့ ကျောင်းဆောင်တွေဆောက်လှူလို့၊ အမယ်“တိလောကဂုရု”ဆိုတဲ့ဘွဲ့တောင်ကပ်သွားသေး။ အဲဒီတုန်းက အသက်က ဘာရှိသေးတုန်း။ သုံးဆယ်ကျော်လေးဆယ်ဝန်းကျင်ပေါ့၊ ဒီကတည်းကအားလုံးက“တိလောကဂုရု”ဆရာတော်လို့ပဲ ခေါ်ကြတော့တာ။ တိလောကဂုရုဆိုတော့ လောကသုံးပါးရဲ့ဆရာပေါ့။ မင်းဆရာလည်းဖြစ်ပြန်၊ စာသင်သားကိုယ်တော်လေးတွေအားထားရတဲ့ဆရာလည်းဖြစ်ပြန်ဆိုတော့ သြော် . . အင်း . . ဟုတ်ပြီ . . ဟုတ်ပြီ၊ သူ့ကျေးဇူး ...သူ့ကျေးဇူး ဒီဒကာမလေး အခုချိန် ရှိပဲရှိသေးလား။ ရှိရင်လည်း ခြောက်ဆယ်ကျော် ခုနစ်ဆယ် ဝန်းကျင်ပေါ့။

× ×

ဒီအတွေးတွေကတော့ တိလောကဂုရုဆရာတော်ရဲ့ ပုံရိပ်တွေထဲက နောက်ပိုင်းပုံရိပ်တစ်ခုကို စိတ်ကူးနဲ့မှန်းပြီး တွေးကြည့်လိုက်တာပါ။ ဆရာတော်ကိုယ်တိုင်လဲ မကြာမကြာ တွေးဖြစ်မယ့် အတွေးတွေလို့ထင်ပါတယ်။ တွေးဖြစ်အောင်လည်း နောက်ခံသမိုင်းကြောင်းက ခိုင်မာခဲ့တာကိုး။

× ×

၁၀၃၄ ခုနှစ်၊ ပြည်မင်းတရားသားတော် နရာဝရမင်းလက်ထက်။ ရွှေစည်းခုံစေတီ မြောက်ဘက်စောင်းတန်းအနီး ဇေတဝန်ကျောင်းတိုက်မှာ နှစ်ဆယ်စွန်းစ ရဟန်းပျိုလေးတစ်ပါး စာသင်နေပါတယ်။ တနေ့မှာ အရွယ်အလျောက်

http://www.dhammadownload.com



လူငယ် တွေး,တွေးရင်း လူထွက်ချင်စိတ်ပေါက်လာပါတယ်။ ကိုယ့်အရွယ်ကိုယ်ပြန်ကြည့်လိုက်တော့လဲ လူ့ဘဝမှာ နေလို့ကောင်းတဲ့အရွယ်ဖြစ်နေပါတယ်။ ဒါကြောင့် တစ်ခါတည်းပဲ လူဝတ်လဲဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ရဟန်းဘဝမှာ ဘာလုပ်လုပ်၊ ဘယ်သွားသွား ဦးစွာဘုရား ရှိခိုးပြီးမှလုပ်တဲ့ အပြုအမူလေးက အကျင့်ပါနေလေတော့ အခုလူဝတ်လဲဖို့ စီစဉ်တော့လည်း လုပ်နေကျအပြုအမူကလေးက ဦးစွာခေါင်းထဲဝင်လာပြန်ပါတယ်။ ဘယ်လို ဝင်လာသလဲဆိုတော့ "လူမထွက်ခင် ရဟန်းဝတ်နဲ့ ရွှေစည်းခုံဘုရားကို ရှိခိုးလိုက်ဦးမယ်၊ ဘုရားရှိခိုးပြီးမှ လူထွက်မယ်" ဆိုတဲ့ အတွေးပါ။

ဒါကြောင့် အဖော်ရဟန်းတွေနဲ့အတူ အဝတ်အစားတွေယူလာပြီး ရွှေစည်းခုံဘုရားဆီကို ထွက်ခဲ့ပါတယ်။အဖော်ရဟန်းတွေခေါ်ခဲ့ရတာက ရဟန်းတစ်ပါးလူထွက်မယ်ဆိုရင် ကိုယ့်ဟာကိုယ်ထွက်လို့မရပါဘူး။အခြားတစ်ပါးက သိက္ခာချပေးမှ သိက္ခာကျတာပါ။ (လူဖြစ်တာပါ) ဒါကြောင့် အဖော်ရဟန်းတွေခေါ်ခဲ့တာပါ။ရွှေစည်းခုံဘုရားရောက်တော့အဖော်ရဟန်းတွေကို အဝတ်အစားတွေပေးပြီး ခပ်လှမ်းလှမ်းမှာ စောင့်ခိုင်းထားလိုက်ပါတယ်။ရဟန်းပျိုကတော့ ဘုရားရှိခိုးဖို့ ဘုရားလိုဏ်ဂူတွင်းကိုဝင်ခဲ့ပါတယ်။ လိုဏ်တွင်းမှာ ဘုရားရှိခိုးနေရင်း တစ်ဝက်လောက်ရောက်တော့ လိုဏ်ပြင်က ဆုတောင်းသံတစ်ခု ကြားလိုက်ရပါတယ်။ ဘယ်လို ဆုတောင်းသံလဲဆိုတော့ "**တပည့်တော်မသည် ဤကောင်းမှု**

http://www.dhammadownload.com



**ဖြင့် ဆင်းရဲနွမ်းရိကြင်းရပါလို၏။ ဖြစ်လေရာ ဘဝတိုင်း၌လဲ ဘုန်းကြီးလူထွက်မယား မဖြစ်ရပါလို၏" တဲ့။**

ဆုတောင်းသံကြားပြီး ရဟန်းပျိုလည်းတော်တော်အံ့ဩသွားပါတယ်။ ကိုယ်ကလဲ လူထွက်ဖို့လာ၊ ဒကာမကလဲ လူထွက်မယား မဖြစ်ရပါလိုလို့ ဆုတောင်း၊ တိုက်ဆိုင်တယ်ပဲပြောပြော၊ ဘာကြောင့် လူထွက်မယားမဖြစ်ချင်ရတာကိုတော့ မေးဦးမှပဲဆိုပြီး လိုဏ်ပြင်ထွက်ခဲ့ပါတယ်။ လိုဏ်ပြင်မှာ ရဟန်းပျိုနဲ့သက်တူရွယ်တူ ဒကာမ တစ်ယောက်ကို တွေ့ရပါတယ်။ ရဟန်းပျိုက ဒကာမနား ကပ်သွားပြီး ...

'စောစောကဆုတောင်းသံသည် ဒကာမထံမှဖြစ်မည်ထင်သည်'

'ဟုတ်ပါသည် အရှင်'

'အဘယ်ကြောင့် လူထွက်မယား မဖြစ်ရပါလိုလို့ ဆုတောင်းရပါသနည်း'

'လူမိုက်မယားမဖြစ်လိုသောကြောင့်ပါ အရှင်'

'နေပါဦး ...လူထွက်လျှင်ပင် မိုက်လေတော့သလား'

**'လူထွက်သောရဟန်းသည် အဘယ့်ကြောင့် မမိုက်ဘဲရှိတော့အံ့နည်း။ ရဟန်းမည်သည်ကား သူတစ်ပါးလှူသော အဝတ်အစား၊ သူတစ်ပါးလှူသော အရိပ်သစ်မ်းကို သုံးဆောင်စားသောက်၍ ချမ်းသာစွာနေထိုင်ရပေသည်။ စာပေကျမ်းဂန်သင်ကြားလိုက သင်ကြားနိုင်၏။ မသင်လို**

http://www.dhammadownload.com



**လျှင်လဲ သက်နံ့ကြီးကို ခြေကန်ကာသာအိပ်လိုသမျှ အိပ်နေနိုင်သည်။ ထိုသို့စဉ်လျက် သူ့ကျွန်ခံဦးမည်၊ မယားကျွန်ပြု၍ လုပ်ကျွေးဦးမည်။ လူထွက်သောရဟန်းထက် မိုက်သောလူ မရှိပြီ။ လူမိုက်မယားမဖြစ်ချေက ကျွန်ပ် မဆင်းရဲပြီလော'**

ဒကာမရဲ့အဖြေစကားကိုကြားရတော့ရဟန်းပျိုလည်း ထိတ်လန့်သွားပါတယ်။ ထိတ်လန့်မှုနဲ့အတူ မြတ်စွာဘုရားတောင်မှ ရဟန်းဘဝကို ကိုးကြိမ်ပဲရခဲ့တာ။ ရဟန်းဝတ်နဲ့ လောကအကျိုး၊ သာသနာအကျိုးဆောင်ရွက်နိုင်ခွင့် ပိုပြီး အခွင့်အရေးရတာ'စတဲ့ အတွေးတွေတွေးပြီး မှင်သက်မိသွားပါတယ်။ ဒါကြောင့် ဘေးဘီကိုတောင်သတိမထားမိတော့ဘဲ တစ်နေရာတည်းမှာခြေစုံရပ်ပြီး 'တွေ'နေမိပါတယ်။

ရဟန်းပျိုရဲ့အခြေအနေကို ခပ်လှမ်းလှမ်းမှာစောင့်နေတဲ့ အဖော်ရဟန်းတွေက အထင်းသားမြင်တွေ့နေရပါတယ်။ ဒါကြောင့် အဖော်တွေက လှမ်းပြီးအသံပြုပါတယ်။ ရဟန်းပျိုလည်း အဖော်ရဟန်းတွေရဲ့အသံကြားမှ ကိုယ့်ကိုယ်ကို ပြန်သတိရသွားပါတယ်။ အဖော်ရဟန်းတွေဆီ မသွားနိုင်တော့ဘဲ မိမိဆီကိုပဲလာခဲ့ကြဖို့ လက်ယပ် ခေါ်လိုက်ပါတယ်။ အဖော်ရဟန်းတွေအနားရောက်တော့ မိမိအတွေ့အကြုံကိုပြောပြပြီး 'တပည့်တော် လူမထွက်တော့ဘူး' ဆိုပြီး စစ်ကိုင်းဘက်ကို ကူးသွားပါတယ်။

စစ်ကိုင်းရောက်တော့ အပြင်အာရုံတွေအဝင်မခံတော့

http://www.dhammadownload.com



ဘဲ ဆရာတွေဆီမှာ ဆက်လက်စာသင်လိုက်တာ ပိဋကတ် သင်ရိုးကုန်တဲ့အထိ တက်မြောက်သွားပါတယ်။ ပိဋကတ် စာပေသင်ရိုးကုန်တတ်ပြီးတဲ့အခါ ပုညရှင်စေတီအနီးက ကျောင်းမှာပဲ စာပေပို့ချပြီး သီတင်းသုံးနေပါတယ်။ စာလိုက် သံဃာတွေ တဖြည်းဖြည်းများလာလိုက်တာ ကျောင်းဆောင် မလောက်တော့လို့ တဲသာသာကျောင်းဆောက်ပြီး နေကြ ရတဲ့အထိ စာလိုက်သံဃာတွေ ပေါများခဲ့ပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ အင်းဝနရာဝရာမင်း ပုညရှင်စေတီ ကို လာဖူးရင်း ရဟန်းပျိုလေးရဲ့ကျောင်းတိုက်ကို တွေ့သွား ပါတယ်။ စာသင်သားကိုယ်တော်လေးတွေ တဲသာသာ ကျောင်းဆောင်တွေမှာ ဆင်းဆင်းရဲရဲစာသင်နေရတာကို မြင်တွေ့ပြီး တစ်ခါတည်း ကျောင်းဆောင်သစ်တွေ ဆောက်လုပ်လှူဒါန်းပေးပါတယ်။ ပြီးတော့ ရဟန်းပျိုလေး ကိုလည်း 'တိလောကဂုရု'ဆိုတဲ့ ဘွဲ့တံဆိပ်ကို ဆက်ကပ် လှူဒါန်းသွားပါတယ်။ ဒကာမင်းမြတ်အနေနဲ့ သဒ္ဓါနဲ့ တာဝန်ကို ဟန်ချက်ညီညီဆောင်ရွက်သွားတယ်လို့ ဆိုနိုင် ပါတယ်။ စာထဲမှာ တိုက်ရိုက်မပါပေမယ့် တစ်ဆင့်စကား ကြားဖူးတာကတော့ အဲဒီခေတ်ကာလတုန်းက ရဟန်းပျို ရခဲ့တဲ့ဘွဲ့ဟာ အမြင့်ဆုံးဘွဲ့လို့ဆိုပါတယ်။

ကဲ-ကြည့်ပါဦး။ အမည်မသိ သာမန်မိန်းကလေး တစ်ယောက်ရဲ့စကားတစ်ခွန်းဟာ လူတစ်ယောက်ရဲ့ ဘဝ တစ်ခုလုံးကိုပြောင်းလဲစေခဲ့တာ။ အဲဒီပြောင်းလဲမှုဟာလည်း

http://www.dhammadownload.com



တစ်ဦးတစ်ယောက်အတွက်သာမဟုတ်ဘဲ လောကအတွက် သာသနာအတွက်ပါ အကျိုးများစေခဲ့တာ။ လောကမှာ စကားကောင်းတွေပြောဖြစ်ဖို့လိုအပ်သလို စကားကောင်း တွေ ကြားနာခွင့်ရဖို့လည်း လိုအပ်ပါတယ်။ ဒီအခွင့်အရေး နှစ်ခုကိုရဖို့အတွက် ဗုဒ္ဓရဲ့စကားခြောက်ခွန်းကို အစဉ်သဖြင့် အာရုံပြုထားဖို့လိုပါတယ်။

**စကားခြောက်ခွန်း**

၁။ မဟုတ်မမှန်ဘူး။ အကျိုးလဲ မရှိဘူး။ ကြားရသူ မနှစ်သက်တဲ့စကားမျိုး။

၂။ မဟုတ်မမှန်ဘူး။ အကျိုးလဲ မရှိဘူး။ ကြားရတဲ့သူ နှစ်သက်တဲ့စကားမျိုး။

၃။ ဟုတ်မှန်တယ်။ အကျိုးလဲ မရှိဘူး။ ကြားရတဲ့သူ မနှစ်သက်တဲ့စကားမျိုး။

၄။ ဟုတ်မှန်တယ်။ အကျိုးလဲ မရှိဘူး။ ကြားရတဲ့သူ နှစ်သက်တဲ့စကားမျိုး။

၅။ ဟုတ်မှန်တယ်။ အကျိုးလဲရှိတယ်။ ကြားရတဲ့သူ မနှစ်သက်တဲ့ စကားမျိုး။

၆။ ဟုတ်မှန်တယ်။ အကျိုးလဲရှိတယ်။ ကြားရတဲ့သူ နှစ်သက်တဲ့စကားမျိုး။

အထက်ပါစကားခြောက်ခွန်းမှာ နံပါတ် ၁၊၂၊ ၃၊ ၄ ဖြစ်တဲ့ စကားတွေက မပြောရမယ့်စကားတွေဖြစ်ပြီး နံပါတ် ၅၊၆ ကတော့ ပြောရမယ့်စကားတွေဖြစ်ပါတယ်။ ဒါကြောင့်

http://www.dhammadownload.com



'စကားခြောက်ခွန်း၊ လျှို့ထွန်း၊ လေးခွန်းကို မျှော၊ နှစ်ခွန်း ပြော' လို့ စပ်ဆိုခဲ့ကြပါတယ်။

ဘာပဲပြောပြော မနက်အိပ်ရာထ,ကနေ ညအိပ်ရာဝင်တဲ့အထိ စကားတွေကတော့ မဖြစ်မနေ ပြောနေကြရမှာပါ။ တစ်နေ့တာ အိပ်ရာဝင်တဲ့အခါ နဖူးပေါ်လက်တင်ပြီး 'ငါ ဒီနေ့တစ်နေ့တာကုန်းဆုံးလို့ ပြောဖြစ်ခဲ့တဲ့စကားတွေထဲမှာ စကားခြောက်ခွန်းထဲက ဘယ်လိုစကားတွေ ပြောဖြစ်ခဲ့သလဲ?..'အဲဒီလိုများ စဉ်းစားဖြစ်ခဲ့ရင်။

× × ×

ကျမ်းကိုး

(၁) သာသနာ့လင်္ကာရစာတမ်း (မဟာဓမ္မသင်္ကြံ)

(၂) ပုခန်းသာသနာဝင် (လယ်တီ ဦးလုပိုင်)

[မြတ်သတိ နိဝင်ဘာ၊၂၀၀၀]

http://www.dhammadownload.com



http://www.dhammadownload.com

အရှင်မင်းကြီး
ကျွန်ုပ်မှာ စစ်ထိုးရန်ရှိပါသေးသည်။

(အဘယစစ်သူကြီး)

'သင်တို့သခင် ငါလျှင်ကေရာဇ်ဖြစ်တပြီးကား၊
အဘယ်မည်သောစစ်ထိုးခြင်း ရှိသေးသနည်း။

(ဒုဋ္ဌဂါမဏိမင်း)

မြတ်သောမင်းကြီး
ကျွန်ုပ်အား အလွန်အောင်နိုင်ခဲသော
ကိလေသာတည်းဟူသော ရန်သူတို့၏စစ်ရှိ
ပါသည်။ ကိလေသာရန်သူတို့နှင့်
စစ်ထိုးခြင်းကိုပြုပါအံ့။
ကျွန်ုပ်ကို ခွင့်ပြုတော်မူပါ'

(အဘယစစ်သူကြီး)

http://www.dhammadownload.com

# ရွှေစကားတို့ရဲ့ မြစ်ဖျား(၆)

ဗုဒ္ဓသာသနာဝင်သမိုင်းကိုပြောရင် မဖြစ်မနေပြောရမယ့် သာသနာဝင်တစ်ခုရှိပါတယ်။ အဲဒါကတော့ သီဟိုဠ်သာသနာဝင်ပါ။ မြတ်စွာဘုရားကိုယ်တော်တိုင်ကလည်း ပရိနိဗ္ဗာန်စံတော်မူခါနီး ရတနာညောင်စောင်းမှာလျောင်းတော်မူလျက် (အမိန့်ရှိတော်မူခဲ့တဲ့ ငါးချက်ထဲမှာ) 'ငါဘုရား ပရိနိဗ္ဗာန်စံပြီးသောအခါ ငါ၏သာသနာသည် လင်္ကာဒီပ သီဟိုဠ်ကျွန်း၌ ထွန်းလတ္တံ့' လို့ အမိန့်ရှိတော်မူခဲ့ပါတယ်။ ဟုတ်လဲဟုတ်ပါတယ်။ ဘယ်လောက်အထိ သာသနာထွန်းကားခဲ့သလဲဆိုရင် ဈာန်အဘိညာဉ်ရတဲ့ ရဟန်းတော်တွေ ကောင်းကင်မှာ လူးလာခေါက်ပြန် ပျံသန်းနေလို့ စပါးတွေလှန်းထားတာ တော်တော်နဲ့မခြောက်သွေ့တဲ့အတွက် ဒကာမတွေ ညည်းညူယူရတဲ့အထိ ဖြစ်ခဲ့ပါ

http://www.dhammadownload.com



တယ်။ ရဟန်းမှန်ရင် ပုထုဇဉ်မရှိသလောက်အထိ သာသနာ ထွန်းကားခဲ့ပါတယ်။ အဲဒီအထဲက သီဟိုဠ်သာသနာဝင် အကြောင်း ပြောပြန်ရင်လဲ ဒုဋ္ဌဂါမဏိမင်းကိုချန်လှပ်ထားလို့ မရပြန်ပါဘူး။ ချန်လှပ်လို့မရအောင်ကိုဘဲ ဒုဋ္ဌဂါမဏိမင်းက သာသနာအတွက် အလုပ်လုပ်ခဲ့တာပါ။ ဒါကြောင့် ဒုဋ္ဌဂါမဏိမင်းအကြောင်းပြောရင်သူနဲ့နွယ်ရာ သာသနာရေး တွေပါ ပူးတွဲပါလာတော့မှာပါ။

ဒုဋ္ဌဂါမဏိမင်း ငါးနှစ်သားအရွယ်မှာ ခမည်းတော်က သံဃာငါးရာပင့်ပြီး ထမင်းခွံ့မင်္ဂလာပြုပေးပါတယ်။ ညီတော် တိဿနဲ့အတူပါ။ သံဃာတော်များကို နို့ဃနာဆွမ်း ဆက်ကပ်ပါတယ်။ ပိုတဲ့ဆွမ်းကို 'သင်တို့ဟာ မြတ်စွာဘုရား သာသနာကိုစွန့်ပယ်လျှင် ဝမ်းသို့ဝင်သော ဤဃနာနို့ထမင်း ကျေးသည် အစာမကြေဖြစ်ပါစေသတည်း'ဆိုပြီး ကျွေးပါ တယ်။ ဒုဋ္ဌဂါမဏိမင်းနဲ့ ညီတော်တိဿတို့လည်း အားရ ဝမ်းသာ စားကြပါတယ်။ ဒုဋ္ဌဂါမဏိမင်း တစ်ဆယ့် နှစ်နှစ်သား အရွယ်ရောက်ပြန်တော့လဲ သံဃာငါးရာပင့်ပြီး ဆွမ်းကျွေးပြန်ပါတယ်။ ပိုတဲ့ဆွမ်းကို ရှေးနည်းအတိုင်း ကျွေးပြီး သစ္စာဆိုပြန်ပါတယ်။ ပထမထမင်းတစ်ပန်းကန်ကို 'ချစ်သားတို့ ငါတို့ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်ခဲ့တဲ့ ဘုရား သာသနာတော်ကို မျက်ကွယ်ပြုလျှင် ဤအစာသည် အစာမကြေဖြစ်ပါစေသတည်း' ဆိုပြီးကျွေးပါတယ်။ ဒီအခါမှာ သားတော်နှစ်ပါးကလည်း အားရဝမ်းသာ

http://www.dhammadownload.com



စားလိုက်ပြန်ပါတယ်။

နောက်တစ်ခါ ဒုတိယပန်းကန်ကို 'ညီအစ်ကိုနှစ်ယောက် ဘယ်သောအခါမှ မသင့်မတင့်မဖြစ်ပါ။ ဖြစ်ခဲ့လျှင် ဤအစာသည် အစာမကြေဖြစ်ပါစေသတည်း'ဆိုပြီး ကျွေးပြန်ပါတယ်။ ဒီအခါမှာလဲ အားရဝမ်းသာ စားလိုက်ကြပြန်ပါတယ်။

တတိယပန်းကန်ကိုထပ်ပေးပြီး 'သာသနာပျက် မိစ္ဆာဒိဋ္ဌိကျေးကုလားများနှင့် မည်သည့်အခါမျှ စစ်မတိုက်ပါ။ စစ်တိုက်ခဲ့လျှင် အစာမကြေဖြစ်ပါစေသတည်း'လို့ ဆိုပြီးကျွေးတဲ့အခါကျတော့ မစားကြတော့ဘဲ အစာတွေကိုဘေးကို ပစ်ထုတ်လိုက်ကြပါတယ်။ ပြီးတော့ သားကြီးဒုဋ္ဌဂါမဏိက အိပ်ရာမှာ ခွေခွေကြီး သွားအိပ်နေပါတယ်။ မယ်တော် မိဖုရားက နောက်ကလိုက်လာပြီး 'ချစ်သားဂါမဏိ...ဘာဖြစ်လို့ ခွေခွေကြီးအိပ်နေရသလဲ။ခြေလက်တွေဆန့်တန်းပြီး လွတ်လွတ်လပ်လပ်အိပ်ပါတော့လား'လို့ပြောပါတယ်။ ဒီတော့ ဒုဋ္ဌဂါမဏိက 'မယ်တော်ဘုရား ...ဂင်္ဂါမြစ်တစ်ဖက်ကမ်းမှာ မိစ္ဆာဒိဋ္ဌိ ကျေးလူမျိုးတွေ နေနေတယ်။ ဂေါဋ္ဌသမုဒ္ဒရာကြီးကလဲ အိမ်နားမှာ ကပ်နေတယ်။ ဒီလောက်ကျဉ်းကျပ်နေတာ သားတော်ဘယ်လိုလုပ်ခြေလက်ဆန့်ပြီး အိပ်လို့ရမှာလဲ'လို့ ပြန်ပြောလိုက်ပါတယ်။ ဒီစကားကိုခမည်းတော်ကြားတော့ စိတ်ထဲက ကျိတ်ပြီးကျေနပ်နေပါတယ်။ ငယ်ငယ်ကတည်းက အမျိုးကိုချစ်တဲ့

http://www.dhammadownload.com



စိတ်၊ သာသနာကိုချစ်တဲ့စိတ်ကို ရိုက်သွင်းပေးလိုက်တဲ့ သဘောပါ။ ဒုဋ္ဌဂါမဏိကိုယ်တိုင်ကလည်း မွေးကတည်းက မျိုးချစ်စိတ်ဓာတ် ကပ်ပါလာတဲ့သဘောကို ဆောင်နေပါ တယ်။ ဒါက ဒုဋ္ဌဂါမဏိရဲ့ပုံရိပ်အစပါ။သူ့ရဲ့ပါရမီဖြည့်ဖက် အဘာယစစ်သူကြီးရဲ့ငယ်ဘဝဟာလဲ ဘာသာသာသနာ ချစ်စိတ်ကိုအခြေတည်ပြီး ကြီးပြင်းခဲ့ရတာပါ။

ဒုဋ္ဌဂါမဏိရဲ့ခမည်းတော်ရှိစဉ်ကာလမှာ သူ့ရဲကောင်း ဆယ်ဦး ပေါ်ထွန်းခဲ့ပါတယ်။ အဲဒီအထဲမှာ အဘာယစစ်သူ ကြီးလည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့ပါတယ်။ အဘာယ ဟာ ငယ်ငယ်ကတည်းက သူများနဲ့မတူအောင် ခွန်အားဗလ ကြီးမားခဲ့ပါတယ်။ လူငါးယော. ိုင်းမပြီး မ,နိုင်တာတောင် မကြွတဲ့ကျောက်ဖျာကြီးတွေကို ထွေလုပ်ပြီး ကစားနိုင်ပါ တယ်။ အဘာယတစ်ဆယ့်ခြောက်နှစ်အရွယ်မှာပဲ သူ့ရဲ့ဖခင် က တစ်ဆယ့်ခြောက်တောင်ရှိတဲ့တုတ်ကို လုပ်ပေးထားရပါ တယ်။ အဲဒီတုတ်နဲ့ပဲ အုန်းပင်၊ ထန်းပင်တွေကို ရိုက်ချိုး နိုင်တဲ့အထိ အားကောင်းပါတယ်။ အဘာယရဲ့သတင်းကို တစ်ဆင့်စကားတစ်ဆင့်ကြားရင်း မင်းကြီးနားကို ရောက် သွားပါတယ်။ ဒါပေမယ့် အဘာယရဲ့ဖခင်က သူ့သားကို မင်းမှုထမ်းမဖြစ်စေလိုပါဘူး။ ဒါကြောင့် သာမဏေပြုပေးဖို့ အမြန်စီစဉ်ပါတယ်။ သူကိုယ်တိုင် ဦးစွာသာသနာ့ဘောင်ကို ဝင်လိုက်ပါတယ်။ ပြီးမှ သူ့ရဲ့သား အဘာယကို သာမဏေ ပြုပေးလိုက်ပါတယ်။ အဘာယသာမဏေက ရဟန်းသံဃာ

http://www.dhammadownload.com



တော်များအတွက် ထန်းပင်၊ အုန်းပင်စတဲ့ စားပင်သောက်ပင်တွေကို ကျောင်းထဲမှာ စိုက်ပျိုးထားပါတယ်။ ဒီလိုနဲ့ တစ်နေ့ အဘယသာမဏေရွာတွင်းဝင်နေတုန်းမင်းကြီးရဲ့သူရဲကောင်းတစ်ယောက်ဖြစ်တဲ့ ကောဋ္ဌတိမ္ဗရက အဖော်တွေနဲ့ ကျောင်းထဲကိုရောက်လာပါတယ်။ အဖော်တွေက ကျောင်းထဲက အုန်းပင်ပေါ်မော့ကြည့်ပြီး အုန်းသီးစားချင်ကြောင်း ပြောပါတယ်။ ဒါနဲ့ ကောဋ္ဌတိမ္ဗရက အုန်းပင်တွေကို လှုပ်ပြီး ကျွေးပါတယ်။ စားသောက်ပြီးတော့ ကျောင်းထဲမှာပဲ တရေးတမော အိပ်နေလိုက်ကြပါတယ်။ မကြာမီ အဘယသာမဏေ ပြန်ရောက်လာပါတယ်။ အုန်းပင်တွေ ကျိုးကြေနေ၊ အုန်းခွံအုန်းဆံတွေလည်း ဖရိုဖရဲဖြစ်နေတာတွေ့ပြီး ဒေါသအလွန်ထွက်သွားပါတယ်။ တရားခံကိုမေးပြီး ကောဋ္ဌတိမ္ဗရဆိုတာသိရတာနဲ့ 'ဒီလူတွေဟာ ကိုယ့်မှာသာ အစွမ်းရှိတယ်ထင်နေတာ။ ငါ့အစွမ်းလဲ သိစေရမယ်' ဆိုပြီး အိပ်နေတဲ့ ကောဋ္ဌတိမ္ဗရကို ခြေမနဲ့ညှပ်ပြီးလှည့်လိုက်တာ ကောဋ္ဌတိမ္ဗရလဲ ကိုယ့်ကိုယ်ကို ပြန်တောင်မထနိုင်တော့ပါဘူး။ ဒါပေမယ့် ကောဋ္ဌတိမ္ဗရက အဘယသာမဏေကို စိတ်မဆိုးဘဲ 'အရှင်ဘုရား တပည့်တော်တစ်ယောက်သာ ပြိုင်ဘက်မရှိ ခွန်အားရှိတယ်ထင်နေတာ။ အရှင်ဘုရားနဲ့ တွေ့မှ အဖော်ရတော့တယ်။ ဝမ်းမြောက်ပါတယ်။ ဒီလောက်အစွမ်းရှိတာ မင်းကြီးဆီမှာလာပြီးအမှုထမ်းရင် တပည့်တော်ကဲ့သို့ သူကောင်းပြုခံရမှာပါဘုရား' လို့

http://www.dhammadownload.com



လျှောက်ပါတယ်။

ဒီတော့ အဘယသာမဏေက 'ငါက မင်းချမ်းသာကို အလိုမရှိ၊ ငါ့မိဘတွေမှာ ရွှေ၊ ငွေ များစွာရှိတယ်'လို့ ပြန်မိန့်ပါတယ်။ ကောဋ္ဌတိမ္ဗရကလည်း မလျှော့ပါဘူး။ 'အရှင်ဘုရား ပြောတာမှန်ပါတယ်။ ယခုအခါမှာ မိစ္ဆာဒိဋ္ဌိကျေးလူမျိုးတွေဟာ ဇောဓိပင်နှင့်တကွ စေတီဘုရား၊ ကျောင်းတွေကို ဖျက်ဆီးနေတာ အရှင်ဘုရားအသိပါ။ ရဟန်းသံဃာတော်တွေလဲ စိတ်ဆင်းရဲရ၊ ဒကာ ဒကာမတွေလဲ အကျိုးမဲ့ သေကြေရ ဖြစ်နေပါတယ်။ မင်းကြီးရဲ့သားတော်ကြီး ဂါမဏိနဲ့ပေါင်းပြီး တိုင်းပြည်ရန်နဲ့ သာသနာ့ရန်စွယ်တွေကို ရှင်းလင်းပစ်သင့်ပါတယ်။ ဒီလိုရှင်းလင်းပြီးမှ သာသနာ့ဘောင် ပြန်ဝင်ပြီး တရားအားထုတ်ရင်လဲ ရပါတယ်ဘုရား' လို့ အချက်ကျကျ လျှောက်ပါတော့တယ်။

ကောဋ္ဌတိမ္ဗရရဲ့စကားတွေထဲမှာ တိုင်းပြည်နဲ့ သာသနာအတွက်ဆိုတဲ့စကားကပါလာတော့ တစ်ခါတည်း လူထွက်ပစ်လိုက်ပါတယ်။ ဒါကတော့ အဘယစစ်သူကြီးရဲ့ ငယ်ဘဝအစပါ။ ရွှေစကားတွေရဲ့အကြောင်းပဲ ပြောချင်တာဆို တော့ ဒုဋ္ဌဂါမဏိမင်းနဲ့ အဘယစစ်သူကြီးတို့ရဲ့ဖြတ်သန်းမှု ဖြစ်စဉ်တွေကို အသေးစိတ် ရေးပြမနေတော့ပါဘူး။

ခမည်းတော် နန်ရွာစံတဲ့အခါ ထုံးစံအတိုင်း ညီအစ်ကို နှစ်ယောက် နန်းလုကြပါတယ်။ပထမစစ်ထိုးပွဲမှာ ဒုဋ္ဌဂါမဏိ စစ်ရှုံးပြီး ထွက်ပြေးရပါတယ်။ ဒုဋ္ဌဂါမဏိ ရဲ့နောက်မှာသူ့ရဲ့

http://www.dhammadownload.com



အမတ်တိဿနဲ့ မြင်းမတစ်ကောင်ပဲ ပါလာခဲ့ပါတယ်။ ပြေးရင်းလွှားရင်း ညီတော်တိဿရဲ့ဘေးကင်းရာ တစ်နေရာ ရောက်တော့ နားကြပါတယ်။ ရင်ထဲမှာလည်း ဆာလောင်နေတာနဲ့ တိဿအမတ်ကို 'ဆာလိုက်တာ'လို့ ပြောတော့ တိဿအမတ်က ရွှေခွက်နဲ့ယူလာတဲ့ တစ်နပ်စာထမင်းတော့ ပါလာတဲ့အကြောင်းလျှောက်ပြီး ထမင်းကို ရွှေခွက်နဲ့ ဆက်သပါတယ်။ ဒီတော့ ဒုဋ္ဌဂါမဏိက 'အမောင်တိဿ ငါသည် စားဦးကိုမလှူဘဲ စားလေ့မရှိဘူး။ ဒါကြောင့် ဒီထမင်းကို လှူရန်တစ်ဖို့၊ ကျွန်ုပ်၊ သင်၊ မြင်းတို့အတွက် တစ်ဖို့အားဖြင့် လေးစုပုံပါ။ ပြီးရင် အလှူခံအရှင်တို့ ဆွမ်းအလှူခံကြွပါလို့ ကြွေးကြော်'လို့ စေခိုင်းပါတယ်။ တိဿအမတ်ရဲ့ကြွေးကြော်သံကြားတော့ ဒုဋ္ဌဂါမဏိကို သရဏဂုံပေးဖူးတဲ့ ဂေါတမထေရ်က ဒိဗ္ဗသောတအဘိညာဉ်နဲ့ ကြားတော်မူလို့ တပည့်ဖြစ်တဲ့ရဟန်းတစ်ပါးကို ကြွပြီး အလှူခံစေပါတယ်။ စစ်ပြေးရင်းတောင် အလှူနဲ့မကင်းကွာခဲ့တဲ့ ဒုဋ္ဌဂါမဏိပါ။

ဒုတိယအကြိမ်စစ်ထိုးပွဲမှာတော့ ဒုဋ္ဌဂါမဏိ အနိုင်ရပါတယ်။၂-နှစ်ကျော်ကာလအထိ အဘယစစ်သူကြီးနဲ့အတူ သာသနာဖျက် မိစ္ဆာဒိဋ္ဌိ ကျေးလူမျိုးတွေကို တိုက်ခိုက်အနိုင်ယူခဲ့ပါတယ်။ မဟာဝင်မှာတော့ ဒုဋ္ဌဂါမဏိမင်း အနိုင်ယူခဲ့တဲ့ ကျေးမင်းတွေကို နာမည်နဲ့တကွ အကျယ်ဖော်ပြထားပါတယ်။ စစ်အတွင်းကာလမှာ ဒုဋ္ဌဂါမဏိကအောက်ပါ

http://www.dhammadownload.com



အတိုင်း သစ္စာဆိုပြီး စစ်တိုက်ခဲ့ပါတယ်။

'ငါ ယခုစစ်ထိုးခြင်းသည် မင်းချမ်းသာကို ခံစားလိုသော လုံ့လဖြင့် စစ်ထိုးသည်မဟုတ်၊ လူ နတ်တို့၏မှီခိုရာ ဘုရားသခင်၏သာသနာတော်ကို ကောင်းစွာထားလို၍သော စစ်ထိုးခြင်းဖြစ်ပါသည်။ ဤသစ္စာစကားကြောင့် ငါ၏ စစ်သည်တော်တို့၏ကိုယ်၌ဆင်သောတန်ဆာသည် မီးလျှံဝါကဲ့သို့ ထွန်းလင်းစွာဖြစ်စေသတည်း'။

သာသနာဖျက် မိစ္ဆာဒိဋ္ဌိကျေးလူမျိုးတွေကို ၂-နှစ်ကျော် တိုက်ခိုက်ခဲ့ရပါတယ်။ ဒုဋ္ဌဂါမဏိဟာ တိုက်ပွဲတွေပြီးလို့ ထီးနန်းဥကင်ဖွင့်တဲ့အခါ တိုက်ရင်းခိုက်ရင်း လူတွေ သတ်ခဲ့ရတာကိုတွေးပြီး 'သာသနာပြုချင်လို့လုပ်ရပေမယ့် အပါယ်လားမယ့်အလုပ်တွေများဖြစ်နေမလား'ဆိုပြီး အိပ်မပျော်ဖြစ်နေပါတယ်။ ဒီအကြောင်းကို အဘိညာဉ်ရ ရဟန္တာမထေရ်ကြီးတွေသိရတော့ ဒုဋ္ဌဂါမဏိမင်းကြီးဆီကို တရားပြဖို့ ရဟန္တာမထေရ်ရှစ်ပါးကို လွှတ်လိုက်ပါတယ်။ ဒုဋ္ဌဂါမဏိမင်းကလည်း မိမိခံစားနေရတဲ့အတွေးသောကကို ပြောပြပါတယ်။ ဒီတော့ ရဟန္တာမထေရ်များက-

'ဒကာတော်မင်းကြီး ... ဤကျေးစစ်သည်တို့ကို သတ်ဖြတ်ခြင်းတည်းဟူသောကံဖြင့် နတ်ပြည်သို့လားခြင်းကိုလည်း မတားမြစ်နိုင်။ မဂ်ဖိုလ်ရခြင်းကိုလဲ မတားဆီးနိုင်။ အက္ခောဘိဏီ (၂၁၈၇၀၀)မကသော များစွာသော ကျေးလူမျိုးတို့ကိုသတ်ခြင်းကြောင့် သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် မဖြစ်။

http://www.dhammadownload.com



သေလေသောစစ်သည်အပေါင်းတို့တွင် လူတစ်ယောက်နှင့် တစ်ပိုင်းကိုသာသတ်မိ၏။ ဤမှတစ်ပါးသောသူကား မိစ္ဆာအယူလည်းရှိ၏။ ထိုသူတို့ကား သားနွားတိရစ္ဆာန်နှင့်သာတူ၏။ သားကိုလည်းကောင်း၊ နွားကိုလည်းကောင်း သတ်သောအပြစ်မျှသာရှိ၏။

ဒကာတော်မင်းကြီး ... သင်သည် ဘုရားရှင်သာသနာကို စင်ကြယ်စွာ ထွန်းပစေလတ္တံ့သောသူတည်း၊ ထိုသို့သာသနာတော်ကိုချီးမြှောက်သောကုသိုလ်ကံ၏ အန္တရာယ်ကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် နှလုံးမသာ မရှိပါလင့်၊ရှေးဦးစွာ ကြံစည်ထားသောအတိုင်း ကျွန်းသူ ကျွန်းသားအများစုတို့ ဘုရားရှင်သာသနာတော်ကို ကောင်းစွာသက်ဝင်အောင် ရွက်ဆောင်တော်မူပါလော့'လို့ ဟောပြောပေးကြပါတယ်။

(လူတစ်ယောက်နဲ့တစ်ပိုင်းကိုသာသတ်မိ၏ဆိုတာ ငါးပါးသီလတည်သူတစ်ဦးနှင့် သရဏဂုံတည်သူတစ်ဦးကို ဆိုလိုတာပါ။)

ဒီစကားတွေကြားမှ ဒုဋ္ဌဂါမဏိမင်းကြီးလည်း သက်သာရာရပါတော့တယ်။ ဒီနေရာမှာကြုံလို့ ဖြတ်ပြောလိုက်ရပါဦးမယ်။ ကုန်းဘောင်ခေတ်မှာ အင်္ဂလိပ်တွေ မြန်မာပြည်ကို နယ်ချဲ့လာတော့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးက ဒုဋ္ဌဂါမဏိပြဇာတ်ကိုရေးပြီး တိုင်းပြည်အုပ်ချုပ် နေသူအကြီးအကဲနဲ့ပြည်သူတွေကို သတိပေးနှိုးဆော်စေခဲ့

http://www.dhammadownload.com



ပါတယ်။ ဒါက ကြုံလို့ပြောလိုက်ရတာပါ။ ဒုဋ္ဌဂါမဏိမင်းကြီး နောက်အတွေးတစ်ခု ဝင်လာပြန်ပါတယ်။ မင်းကြီးဟာ မယ်တော်ခမည်းတော်တို့ ထမင်းခွံ့မင်္ဂလာပြုချိန်ကစပြီး သံဃာတော်တွေကိုမလှူဒါန်းဘဲ စားဦးစားဖျားကို စားလေ့မရှိပါဘူး။ ဒါပေမယ့် စစ်ပွဲကာလအတွင်း တစ်ခုသော နံနက်စားတော်ခေါ်ရာမှာတော့ သံဃာတော်ကိုမလှူဒါန်းဘဲ ငရုတ်သီးတစ်တောင့်ကို စားခဲ့ဖူးပါတယ်။ ဒီအတွက် ကိုယ့်ကိုယ်ကို ဒဏ်ခတ်တဲ့အနေနဲ့ ငရုတ်သီးတစ်တောင့်စေတီ (မရီစဝဋ္ဋိစေတီ)ကို တည်ထားလှူဒါန်းခဲ့ပါတယ်။ အဲဒီ ငရုတ်သီးတစ်တောင့်စေတီရေစက်ချပွဲကတော့ သီဟိုဠ်သာသနာဝင်သမိုင်းမှာ ထင်ရှားတဲ့ သမိုင်းဝင်ရေစက်ချပွဲကြီး ဖြစ်ခဲ့ပါတယ်။

ကိစ္စတွေအားလုံးပြီးတော့ မင်းကြီးက မိမိရဲ့တိုက်ဖော်တိုက်ဖက် စစ်သူကြီးတွေကို ရာထူးဌာနန္တရတွေကိုယ်စီကိုယ်စီပေးပါတယ်။ အသီးသီးရာထူးတွေပေးလို့ အဘယစစ်သူကြီးက မင်းကြီးပေးလာတဲ့ရာထူးကို မယူဘဲနေနေပါတယ်။ ပြီးမှ လက်အုပ်ချီပြီး . . .

**"အရှင်မင်းကြီး၊ ကျွန်ုပ်မှာ စစ်ထိုးရန် ရှိပါသေးသည်"**

**"သင်တို့သခင် ငါလျှင်ကေရာဇ်ဖြစ်တပြီးကား၊ အဘယ်မည်သော စစ်ထိုးခြင်းရှိသေးသနည်း"**

**"မြတ်သောမင်းကြီး ကျွန်ုပ်အား အလွန်အောင်နိုင်ခဲသော ကိလေသာတည်းဟူသော ခိုးသူတို့၏ စစ်ရှိပါသည်၊**

http://www.dhammadownload.com



**ကိလေသာရန်သူတို့နှင့် စစ်ထိုးခြင်းကို ပြုပါအံ့"**

ဒုဋ္ဌဂါမဏိမင်းက အကြိမ်ကြိမ်တားပါသေးတယ်။ ဒါပေမယ့် အဘယစစ်သူကြီးက မင်းကြီးကို ပြန်တောင်းပန်ပြီး ရဟန်းပြုသွားပါတော့တယ်။ နောက်မကြာခင်မှာ မင်းကြီးဆီကို သတင်းတစ်ခုဝင်လာပါတယ်။ အဲဒီသတင်းကတော့ အဘယစစ်သူကြီး ရဟန္တာဖြစ်သွားပြီဆိုတဲ့သတင်း ပါပဲ။ ဒီသတင်းကြားရတော့ မင်းကြီးက 'သြော် ... ငါစစ်ထိုးခဲ့တဲ့အမှုတွေဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို မတားမြစ်ဘူးဆိုတဲ့ ရဟန္တာမထေရ်မြတ်တွေရဲ့စကားဟာ မှန်ပါလား' ဆိုပြီး စိတ်ကျေနပ်မှုကို ရလိုက်ပါတယ်။

ဒုဋ္ဌဂါမဏိမင်းကြီးရဲ့သက်တမ်းတစ်လျှောက်လုံး ဘာသာရေးကောင်းမှုတွေကိုပဲ အဓိကထားလုပ်သွားပါတယ်။ အဲဒီဘာသာရေးကောင်းမှုတွေထဲက သမိုင်းအဝင်ဆုံးဖြစ်ခဲ့တာတွေကတော့ မဟာစေတီတည်ထားကိုးကွယ်မှုပါပဲ။ မဟာစေတီကြီးအကြောင်းကို သီဟိုဠ်သာသနာဝင်ကို ပြန်လှန်မိသူတိုင်း ဒီနေ့အထိ တသသ ပြောနေရတုန်းပါ။

မင်းကြီးရဲ့ မဟာစေတီတည်ပွဲမှာ ပြည်သူပြည်သားများသာမက ရဟန္တာအရှင်မြတ်များကလည်း ကူညီပံ့ပိုးခဲ့ကြပါတယ်။ တချို့အလုပ်သမားတွေဆို အခကြေးငွေယူပြီး အလုပ်လုပ်ခဲ့ရပေမယ့် ကုသိုလ်စိတ်နဲ့ယှဉ်ပြီးလုပ်ခဲ့တဲ့ အတွက်ကြောင့် သေလွန်တဲ့အခါ နတ်ပြည်သုဂတိကိုရောက်ကြတယ်လို့ ဆိုပါတယ်။

http://www.dhammadownload.com



စေတီတော်ကြီး အပြီးအဆုံးမရောက်ခင်မှာပဲ မင်းကြီး ဆီကို သေခြင်းနဲ့နီးတဲ့ရောဂါ ဝင်ရောက်လာပါတော့တယ်။ မင်းကြီးလည်း ပုထုဇဉ်ဆိုတော့ သေဘေးကိုတွေးပြီး တော်တော် ထိတ်လန့်တုန်လှုပ်သွားပါတယ်။ 'ငါသေရတော့ မှာလား'ဆိုတဲ့ အတွေးကမင်းကြီးကို အကြီးအကျယ် နှိပ်စက် နေပါတယ်။ ဒီလိုနှိပ်စက်ခံနေရတဲ့အချိန်မှာ ပထမဆုံး သတိရလိုက်တာက အဘယစစ်သူကြီးတဖြစ်လဲ အဘယ ရဟန္တာမထေရ်ကြီးကိုပါ။ အဲဒီတော့ မင်းကြီးက ဘယ်လို တွေးသလဲဆိုတော့ . . .

"အဘယစစ်သူကြီးဟာ ကျေးမင်းတွေနဲ့ နှစ်ဆယ့်ရှစ် ကြိမ်တိုင်တိုင် စစ်ထိုးရာ၌ ငါ အရှုံးမရှိအံ့သည်ကို မြင်၍ ငါ့ထံ၌ ဝန်းရံကာ အဖော်သဟဲပြုလုပ်ပေးခဲ့သည်။ ယခုအခါ သေမင်းနှင့် စစ်ထိုးရာ၌ ငါရှုံးလတ္တံ့သည်ကိုမြင်သောကြောင့် ငါ့ထံသို့ မကပ်ရောက်တော့တာထင်သည်"လို့ တွေးပါတယ်။

မင်းကြီးရဲ့အကြံကို အဘယရဟန္တာမထေရ်ကြီးက အဘိညာဉ်နဲ့ ကြားသိရတော့ ရဟန္တာငါးရာခြံရံပြီး ကောင်းကင်က ကြွလာပါတယ်။ ဒီတော့ မင်းကြီးက ရောက်ရောက်ချင်းပဲ "အရှင်ဘုရား ... အကျွန်ုပ်သည် ရှေး အခါက သူရဲကြီးတစ်ကျိပ်ဖြစ်ကုန်သော အရှင်မြတ်တို့နှင့် စစ်ထိုး၍ စစ်အောင်ခဲ့ဖူးပါပြီ။ ယခုအခါ၌ ကျွန်ုပ် တစ်ယောက်တည်းသာ သေမင်းနှင့် စစ်ထိုးနေရပါသည်။ သေမင်းတည်းဟူသော ရန်သူကိုတော့ မနိုင်တော့ပါချေ"လို့

http://www.dhammadownload.com



လျှောက်ထားပါတယ်။

ဒီတော့ အဘယရဟန္တာမထေရ်မြတ်ကြီးက ဒုဋ္ဌဂါမဏိ မင်းကြီးကို ရုပ်နာမ်တရားတွေ မမြဲတဲ့အကြောင်း,ပြီးတော့ မင်းကြီးပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ အကြောင်းကို တော်တော်ကြာကြာ တရားဟောပေးပါတယ်။ ဒီလိုတရားစကား တွေကို နာကြားရတော့မှ မင်းကြီးလည်း ဝမ်းမြောက်ဝမ်း သာဖြစ်ပြီး . . .

**"အရှင်ဘုရား . . အရှင်မြတ်သည် သေမင်းနှင့်တိုက် ခိုက်ရသည့် ကျွန်ုပ်၏နှစ်ကြိမ်မြောက်သော စစ်ပွဲ၌လည်း အဖော်သဟဲဖြစ်ပါပေသည်"** လို့အားရဝမ်းသာလျှောက်ထား လိုက်ပါတယ်။ နောက် မင်းကြီးနတ်ရွာစံတဲ့အခါ တုသိတာ နတ်ပြည်ကို ရောက်သွားတယ်လို့ ဆိုပါတယ်။

လောကမှာ လောကီရေးရာအဖော် လိုအပ်သလို လောကုတ္တရာရေးရာအဖော်လည်း လိုအပ်ပါတယ်။ တစ်နည်းအားဖြင့် ပစ္စုပ္ပန်အဖော်နဲ့ သံသရာအဖော်ပေါ့။ ဒီအဖော်နှစ်စုံကို ရရင်မှဖြင့် . . .။

× × ×

<u>ကျမ်းကိုး</u>

<u>၁။ မဟာဝင် (ကျီးသဲလေးထပ် ဆရာတော်)</u>

<u>၂။ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ (ဦးဌေးလှိုင်)</u>

<u>[ မြတ်သတိ ဒီဇင်ဘာ၊၂၀၀၀ ]</u>

http://www.dhammadownload.com

http://www.dhammadownload.com

# ဩစကားတို့၏ ပြဿနာများ ။၃။



http://www.dhammadownload.com

# 'ဘယ်သူ ကဲ့ရဲ့ ကဲ့ရဲ့၊ ဘုရားမကဲ့ရဲ့အောင်နေ'

(ဆရာတော်ဦးဗုဓ်)

http://www.dhammadownload.com

# ရှေးစကားတို့ရဲ့ မြစ်ဖျားများ(၇)

ဆရာတော်ဦးဗုဓ်ဆိုတာ ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားနဲ့ နန်းမတော်မယ်နုတို့လက်ထက်မှာ ပေါ်ထွန်းခဲ့တဲ့ ဆရာတော်ပါ။ နန်းမတော်မယ်နု ဆောက်လုပ်လှူဒါန်းတဲ့ အုတ်ကျောင်းတော်ကြီးမှာ သီတင်းသုံးခဲ့လို့ မယ်နုအုတ်ကျောင်းဆရာတော်လို့လည်း ခေါ်ကြပါတယ်။ ဆရာတော်ဦးဗုဓ်သီတင်းသုံးခဲ့တဲ့ မယ်နုအုတ်ကျောင်းတော်ကြီးဟာ အင်းဝမှာ ဒီနေ့အထိ တည်ရှိနေတုန်းပါ။

ဆရာတော် ဦးဗုဓ်ဆိုတာ မြန်မာနိုင်ငံ ပရိယတ္တိပညာရေးသမိုင်းမှာ စာအတတ်ဆုံးပုဂ္ဂိုလ်အဖြစ် ပညာရှင်အသီးသီးက (လယ်တီဆရာတော်တို့ အပါအဝင်ပေါ့) တညီတညွတ်တည်း အသိအမှတ်ပြုထားရတဲ့ ဆရာတော်ပါ။ ဒါကြောင့် ဗုဓ်အစ၊ ဗုဓ်အလယ်၊ ဗုဓ်အဆုံးဆိုပြီး ဥဒါန်းစကားတွင်ရစ်ခဲ့တာပါ။

http://www.dhammadownload.com



အဲဒီဥဒါန်းစကားရဲ့အဓိပ္ပါယ်က ဗုဒ်အစဆိုတာ ဗုဒ္ဓဘုရား။ ဗုဒ်အလယ်ဆိုတာက အရှင်မဟာဗုဒ္ဓဃောသပါ။ အရှင်မဟာဗုဒ္ဓဃောသဆိုတာက သီရိဓမ္မာသောကမင်းပေါ်ပြီးနောက်ပိုင်းမှာ ပေါ်ထွန်းခဲ့တဲ့ ထေရ်အရှင်ပါ။ ဘုရားဟောပါဠိတော်အားလုံးရဲ့အဖွင့်ဖြစ်တဲ့အဋ္ဌကထာတွေကို ရေးသားခဲ့ပါတယ်။ ဒီနေရာမှာ စကားစပ်လို့ပြောရရင် ပါဠိတော်ရယ်၊ အဋ္ဌကထာရယ်၊ ဋီကာရယ်ကို ကွဲကွဲပြားပြား သိထားစေချင်ပါတယ်။ ပါဠိတော်ဆိုတာ ဘုရားဟောခဲ့တဲ့ မူရင်းစကားတွေကိုခေါ်တာပါ။ အဋ္ဌကထာဆိုတာ ဘုရားဟော ပါဠိတော်တွေကို ဉာဏ်နည်းသူတွေ လေ့လာကျက်မှတ်တဲ့အခါ မရှင်းမလင်းနဲ့အခက်အခဲတွေ့မှာစိုးလို့ ပါဠိပုဒ်တစ်ပုဒ်ချင်းကို ဖွင့်ဆိုအကျယ်ချဲ့ပြီး ရေးသားထားတဲ့ကျမ်းစာပါ။ ဋီကာဆိုတာကတော့ အဲဒီ အဋ္ဌကထာကျမ်းကို တစ်ခါထပ်ပြီး ထပ်ဆင့်ဖွင့်ဆို ရေးသားတဲ့ကျမ်းစာပါ။ ဒီဋီကာကျမ်းကိုပဲ မရှင်းမှာစိုးလို့ဆိုပြီး ထပ်ဆင့်ဖွင့်ဆိုတဲ့ အနုဋီကာ၊ မဓုဋီကာ ဆိုတာတွေလဲ ရှိပါသေးတယ်။ ဒါက ကျမ်းစာအမျိုးအစားတွေကို ခွဲခြားသိရအောင်ပြောပြတာပါ။

အထက်ကစကားကိုပြန်ကောက်ရင်ဗုဒ်အဆုံးဆိုတာကတော့ ဆရာတော်ဦးဗုဒ်ပါပဲ။ ဆိုလိုရင်းကတော့ ဗုဒ္ဓမြတ်စွာရယ်၊ အရှင်မဟာဗုဒ္ဓဃောသရယ်၊ ဆရာတော်ဦးဗုဒ်ရယ် အဲဒီသုံးပါးဟာ ဗုဒ္ဓဘာသာပညာအရာမှာ ခေတ်ကာလအလျောက်ပေါ် အတော်ဆုံးအတတ်ဆုံးပါတဲ့။

http://www.dhammadownload.com



ဆရာတော်ဦးဗုဓ်ဟာ မြန်မာပြည်မှာ စာအတတ်ဆုံးလို့ ဆိုကြတာကတော့ ဆရာတော်ရဲ့ နောက်ခံသမိုင်းတစ်ခုတည်းကို ကြည့်ပြီး ပြောကြတာတော့ မဟုတ်ပါဘူး။ အဓိက,ကတော့ ဆရာတော်ပြုစုခဲ့တဲ့ကျမ်းစာတွေရဲ့ အတိမ်အနက်ကိုကြည့်ပြီးဆုံးဖြတ်ကြတာပါ။ ဒီနေရာမှာဆရာတော်ဦးဗုဓ်ရဲ့စာပေစွမ်းရည်ကို အရင်မပြောခင် ဆရာတော်နဲ့ဆက်နွယ်နေတဲ့ပုဂ္ဂိုလ်တွေအကြောင်းအနည်းငယ်ပြောပြချင်ပါသေးတယ်။ ပထမဆုံးတွေ့ရတာက ဘကြီးတော်မင်းတရားနဲ့နန်းမတော်မယ်နုပါ။ အထူးသဖြင့်တော့ နန်းမတော်မယ်နုပေါ့လေ။ ဆရာတော်ဦးဗုဓ်ဟာ မင်းနဲ့မိဖုရားနှစ်ပါး အထူးကိုးကွယ်တဲ့ဆရာတော်ပါ။ ဒါပေမယ့် ဆရာတော်ဟာ မင်းနဲ့မိဖုရားနှစ်ပါးကို မျက်နှာသာမပေးခဲ့ပါဘူး။ အကြောင်းတိုက်ဆိုင်လာလို့ ပြောစရာရှိရင်လဲ၊ တိုတိုတုတ်တုတ်နဲ့ထိထိမိမိ ခပ်ပြတ်ပြတ်သာ ပြောလေ့ရှိပါတယ်။ မျက်နှာသာမပေးပုံကတော့ အုတ်ကျောင်းတော်ကြီးပေါ်ကိုရောက်ရောက်ချင်းပဲ ဇာတိပြတော့တာပါပဲ။ မင်းမိဖုရားနှစ်ပါးက ဆရာတော်ဦးဗုဓ်ကိုပင့်ပြီး အုတ်ကျောင်းတော်ကြီးကို ရေစက်ချလှူဒါန်းပါတယ်။ အဲဒီ ကျောင်းရေစက်ချပွဲမှာ ပရိသတ်ကလဲစုံလှပါတယ်။ ရဟန်းပရိသတ်၊ လူပရိသတ်ပေါ့။ အဲဒီမှာ ရေစက်ချပြီးတော့ မင်းနဲ့မိဖုရားနှစ်ပါးက ဆရာတော်ဦးဗုဓ်ကို ဩဝါဒပေးဖို့တောင်းပန်ပါတယ်။ ဆရာတော်က ဘယ်လိုဩဝါဒပေးသလဲဆိုတော့

http://www.dhammadownload.com



**'မင်းနှင့်တူအောင်ကျင့်က ငါတို့ ဆုံးမသြဝါဒပေးရန်မလို၊ မင်းနှင့်တူအောင်မကျင့်ပါက ငါတို့နှင့်မဆိုင် အဝီစိနှင့်သာ ဆိုင်သည်'**တဲ့။ ကဲ–ဘယ်လောက်တိုပြီး ဘယ်လောက် ထိမိလိုက်သလဲ။ ဆရာတော်နဲ့ မင်းမိဖုရားတို့ဟာ အခုမှ တွေ့ကြတာပါ။ အရင်ကမတွေ့ဖူးပါဘူး။ ဆရာတော့် ဘဝသမိုင်းစာမျက်နှာမှာ စကားပြောတာ သိပ်မတွေ့ရ ပါဘူး။ အမြဲစာကြည့်စာရေးအလုပ်နဲ့ပဲ အချိန်ကုန်နေတာ ပါပဲ။ မန္တလေးကစာချဆရာတော်တစ်ပါးပြောသလို ပရိယတ္တိနဲ့ကိလေသာကိုပယ်ထားတဲ့သဘောပါ။ ဆရာတော် က မလွှဲမရှောင်သာစကားပြောရရင်လဲ တိုတိုနဲ့ထိထိမိမိပဲ ပြောလေ့ရှိပါတယ်။ အပိုမပြောပါဘူး။

ဆရာတော် စကားကိုထိထိမိမိပြောတတ်ပုံနဲ့ ပတ်သက်ပြီး အမတ်ကြီးဦးပေါ်ဦးကို ပြေးပြီး သတိရမိပါ သေးတယ်။ အမတ်ကြီးဦးပေါ်ဦးဆိုတာ စကားအလွန်တတ် တဲ့ ပညာရှိအမတ်ကြီးအဖြစ် အားလုံးသိထားပြီးသားပါ။ ဒီလိုနဲ့တစ်နေ့မှာပေါ့ ...အမတ်ကြီးဦးပေါ်ဦးတစ်ယောက် ဆရာတော်ကို ဖူးမြော်ကန်တော့ဖို့ ကျောင်းကိုရောက်လာ ပါတယ်။ အမတ်ကြီးရောက်လာတဲ့အချိန်မှာ ဆရာတော်က ရေကန်အနီးမှာ တံမြက်လှည်းနေပါတယ်။ အဲဒီတော့ အမတ်ကြီးက ကျောင်းတလင်းပြင်ပေါ်မှာပဲ ဦးချကန်တော့ရ တယ်ပေါ့။ ဦးချပြီးတော့ ဆရာတော်နဲ့အမတ်ကြီးဦးပေါ်ဦး အပြန်အလှန်စကားပြောကြပုံကိုကြည့်ပါဦး။

http://www.dhammadownload.com



ဦးပေါ်ဦး – ရေကန်ကြီးက အလွန်ကောင်းပါတယ် ဘုရား။

ဆရာတော် – အေး ... ကောင်းတယ်။

ဦးပေါ်ဦး – ရေကလဲ အလွန်ကြည်ပါပေတယ် ဘုရား။

ဆရာတော် – အေး ... ကြည်တယ်။

ဦးပေါ်ဦး – ရေကန်ကြီး ဘယ်လောက်နက်ပါသလဲ ဘုရား။

ဆရာတော် – ငါမသိဘူး။

ဦးပေါ်ဦး – ဆရာတော်သိတင်းသုံးတော်မူတဲ့ ကျောင်းတိုက်အတွင်းမှာဖြစ်လို့ နီးတဲ့အတွက် သိလိမ့်မည်ထင်မှတ်၍လျှောက် ထားမိပါတယ် ဘုရား။

ဆရာတော် – နီးတိုင်းသာသိရမယ်ဆိုရင် သင့်ရဲ့ နှုတ်ခမ်းမွေး ဘယ်နှစ်ပင်ရှိသလဲ။

ဦးပေါ်ဦး – သတိမထားမိ၍ ဘယ်နှစ်ပင်ရှိကြောင်း မသိပါဘုရား။

ဆရာတော် – သင့်နှုတ်ခမ်းမွေးကိုမှ ဘယ်နှစ်ပင်ရှိကြောင်း မသိဘဲ ဒီရေကန်ရဲ့ အတိမ်အနက်ကိုရော ငါသိနိုင်မှာလား။

ဆရာတော်ပြောလိုက်တဲ့စကားကြောင့် အမတ်ကြီး ဦးပေါ်ဦးလဲ ရှေ့ကိုစကားမဆက်နိုင်တော့ပါဘူး။ ဦးချပြီး ခပ်ကုတ်ကုတ်နဲ့ ပြန်သွားရပါတော့တယ်။

http://www.dhammadownload.com



ဆရာတော်ဟာ အပြောအဆိုသာထိမိတာမဟုတ်ပါဘူး။ အပြုအမူပိုင်းမှာလဲ ထိမိလှပါတယ်။ အပြုအမူထိမိပုံကတော့ ကျမ်းပြုတဲ့ရဟန်းငယ်တစ်ပါးနဲ့ ဆက်စပ်နေပါတယ်။

တစ်နေ့မှာ ရဟန်းငယ်တစ်ပါးဟာ ဆယ်ကြောင်းပေ, သုံးအင်္ဂါရှိတဲ့ ကျမ်းတစ်စောင်ရေးသားပြီး ဆရာတော်ထံယူလာပါတယ်။ဆရာတော်ထံရောက်တော့ သူ့ရဲ့ကျမ်းစာကိုကြည့်ရှုပြီး အမှားရှိရင်မှားတဲ့နေရာကို ထုံးစက်ပြပေးပါဘုရားတဲ့။ ဆရာတော်ကလဲ 'အေး ...ထားခဲ့။ မနက်ဖန်ညနေ လာယူ' လို့ မိန့်လိုက်ပါတယ်။

ရဟန်းငယ်ရေးတဲ့ကျမ်းစာကို သေချာကြည့်ရှုပါတယ်။ ကြည့်ရှုတော့ ကျမ်းစာက တစ်စောင်လုံး ကမောက်ကမနဲ့ အမှားတွေချည်းပါပဲ။ အဲဒီတော့ ဆရာတော်က အနားမှာရှိတဲ့ တပည့်ရဟန်းတစ်ပါးကိုခေါ်ပြီး 'မောင်ပဉ္စင်း ဒီပေစာကိုဟိုထုံးအိုးကြီးထဲမှာ မြုပ်သွားအောင် နှစ်ထားလိုက်စမ်း'လို့ အမိန့်ရှိပါတယ်။ တပည့်ကလည်း ဆရာတော် အမိန့်ရှိတဲ့အတိုင်း ထုံးအိုးထဲမှာ မြုပ်သွားအောင် သွားနှစ်ထားလိုက်ပါတယ်။

နောက်တစ်နေ့ညနေ စာမူရှင်ရဟန်း စာမူလာယူတော့ ဆရာတော်က 'ကိုယ်တော်ရဲ့ပေစာဟိုထုံးအိုးကြီးထဲမှာ နှစ်ထားတယ် ယူသွား' လို့ မိန့်လိုက်ပါတယ်။ စာမူရှင်ရဟန်းလည်း ကိုယ့်ပေစာကိုယူပြီး မိမိကျောင်း ပြန်သွား

http://www.dhammadownload.com



ပါတယ်။ ကျောင်းရောက်တော့ သီတင်းသုံးဖော် သူငယ်ချင်းတွေကို အကျိုးအကြောင်းပြောပြပါသတဲ့။ သီတင်းသုံးဖော်သူငယ်ချင်းတွေကဆရာတော့်အပြုအမူကိုသဘောကျလွန်းလို့ ဆရာတော်ရှိရာကျောင်းတိုက်ကိုမှန်းပြီး ဦးချကြပါသတဲ့။ ကုန်းဘောင်ခေတ်ရဲ့ စာပေဝေဖန်ရေးဆိုရင်လဲ ဆိုနိုင်ပါတယ်။ စဉ်းစားကြည့်မိပါတယ်။ တကယ်လို့သာ ဆရာတော်က အမှားတွေထူလဗျစ်နဲ့ ကျမ်းစာကိုဝေဖန်ရမှာ အားနာလို့၊ ဒါမှမဟုတ် အကြောင်းတစ်ခုခုကိုငဲ့လို့ 'ကောင်းပါတယ်'လို့ ပြောပြီး ပြန်ပေးလိုက်ရင် ခေတ်အဆက်ဆက် ဒီနေ့စာသင်သားတွေအထိပေါ့၊ မတွေးဝံ့စရာပါပဲ။ ဝေဖန်စရာရှိရင်ဝေဖန်ပြီး ချီးကျူးစရာရှိရင်လဲ ချီးကျူးတာဟာ ပညာရှိတွေရဲ့ သဘောတံထွာ ဓမ္မတာပါ။

တကယ်တော့ ဆရာတော်ဦးဗုဓ်ဟာ သက်တော် ၅၅-နှစ်ပဲ နေထိုင်သွားရပါတယ်။၅၅-နှစ်ပဲနေသွားရပေမယ့် ပြုစုရေးသားသွားတဲ့ကျမ်းစာတွေကတော့ ၆၀-ကျော် ပါတယ်။ သက်တော် ၈၀-လောက်များနေခဲ့ရင် ကျမ်းပေါင်း ၂၀၀-ကျော်လောက်များ ပြုစုသွားမလားလို့ တွေးမိပါသေးတယ်။ ဆရာတော်ပြုစုတဲ့ကျမ်းပေါင်း ၆၀-ကျော်ထဲမှာ နိဿယကျမ်းချည်း ၄၅-ကျမ်းတိတိ ရှိတယ်လို့ ဆရာတော်မာဃဓီ (သာစည်) တို့ကဖော်ထုတ်ပြထားပါတယ်။ဘာဖြစ်လို့ နိဿယကျမ်းချည်း အဓိကထားပြီးပြုရသလဲဆိုရင် နောင်ခေတ် စာသင်သားတွေ မပင်မပန်း၊ ချမ်းချမ်းသာသာ

http://www.dhammadownload.com



သင်ယူလေ့ကျက်နိုင်အောင် ဖြစ်နိုင်ပါတယ်။ ဒီနေ့ သတင်းစာနဲ့ ရေဒီယို၊ ရုပ်မြင်သံကြားတွေမှာ နေ့စဉ်နဲ့အမျှ တွေ့နေရတဲ့လောကနီတိဟာ ဆရာတော်ဦးဇုဓ် နီသဿယ ပြန်ဆိုခဲ့တာပါ။

နီသဿယ ပြန်ဆိုရေးတဲ့ နေရာမှာလဲ ကျမ်းစုံလှပါ တယ်။ နီသဿယတွေထဲမှာသံပျင် ဋီကာနီသဿယတောင် ပါလိုက်ပါသေးတယ်။ သံပျင်ဋီကာဆိုတာ ကျစွာမင်းရဲ့ သမက်ဖြစ်မယ့် ရဟန်းငယ်တစ်ပါးပြုစုခဲ့တာပါ။ ဒီ ကျမ်း ပြုစုလို့လဲ ဘုရင့်သမီးတော်ရခဲ့တဲ့ ရာဇဝင်ရှိပါတယ်။ သံပျင် ဋီကာနဲ့ပတ်သက်လို့ သီးသန့်ရေးသားပါဦးမယ်။

ဆရာတော်ပြုစုခဲ့တဲ့ နီသဿယကျမ်းတွေထဲက မြန်မာပြည်အရပ်ရပ်က အိမ်တိုင်းအိမ်တိုင်းမှာတွေ့နေရတဲ့ နီသဿယကျမ်းတစ်စောင်ကိုပြပါဆိုရင် ဓမ္မစကြာနီသဿယကိုပဲ ပြရမှာပါ။ မြန်မာပြည်သာသနာသမိုင်းမှာ ဓမ္မစကြာပါဠိကို ပထမဆုံး နီသဿယပြန်ဆိုတာ ဆရာတော်ဦးဇုဓ် ဖြစ်တယ်လို့ သမိုင်းဆရာတို့က ဆိုကြပါတယ်။ ဓမ္မစကြာပါဠိကို ခေတ် အဆက်ဆက် တခြားဆရာတော်တွေ နီသဿယပြန်ဆိုခဲ့ ပေမယ့် ဆရာတော်ဦးဇုဓ်နီသဿကို မကျော်နိုင်ခဲ့လို့လဲ ဆိုပါတယ်။ အဲဒီမှာ ကြုံလို့ပြောရရင် ဓမ္မစကြာပါဠိတော်ရဲ့ အစမှာ 'ဘိက္ခုနံ ပဉ္စဝဂ္ဂိနံ ဣသိပတန နာမကေ'အစချီတဲ့ အမွှမ်းဂါထာသုံးပုဒ်ရှိပါတယ်။အဲဒီဂါထာသုံးပုဒ်က ဘုရားဟော မဟုတ်ပါဘူး။ ဆရာတော်ဦးဇုဓ် ဓမ္မစကြာ

http://www.dhammadownload.com



ပါဠိကို နိဿယပြန်ဆိုရေးသားစဉ်က ဓမ္မစကြာကို ကြည်ညို လွန်းလို့ဆိုပြီး ဆရာတော်ကိုယ်တိုင် ပါဠိဂါထာသုံးပုဒ် သီကုံးပြီးထည့်သွင်းခဲ့တာပါ။ ဒီနေ့အထိ အဲဒီဂါထာ သုံးပုဒ် ကို ဓမ္မစကြာပါဠိရဲ့အစမှာ တွေ့နိုင်ပါတယ်။ ဆရာတော် ဦးဗုဓ်နဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် ပြောစရာတွေ အများကြီးပါပဲ။ ပြောချင်တာတွေထဲက တစ်ခုပြောစရာရှိပါ သေးတယ်။ အဲဒါ ခုဒ္ဒသိက္ခာနိဿယကျမ်းရဲ့ရာဇဝင်ပါ။ ခုဒ္ဒသိက္ခာကျမ်းဆိုတာ ရဟန်းတော်တွေအတွက် ဝိနည်း ကျင့်ဝတ်တွေကို ပြထားတဲ့ကျမ်းပါ။ ဂါထာပေါင်း ၄၈၀ ဂါထာ ရှိပါတယ်။

အဲဒီ ခုဒ္ဒသိက္ခာကျမ်းကို နိဿယပြန်ဆိုနေချိန်မှာ ဆရာတော်ဦးဗုဓ်ရဲ့ကျန်းမာရေးက လုံးဝမကောင်းပါဘူး။ ဒူလာသွေးဝမ်းကျရောဂါ ဖြစ်နေပါတယ်။ ရောဂါက လျော့ မသွားဘဲ တိုးလို့တိုးလို့သာ ဖြစ်နေပါတယ်။ အဲဒီတော့ ကုဋီ တက်လိုက်၊ ကျောင်းပေါ်ပြန်တက်ပြီးစာရေးလိုက်နဲ့ စာရေး ရတာ အတော်ဒုက္ခရောက်နေပါတယ်။ စာရေးတယ် ဆိုတဲ့နေရာမှာလည်း ပြောစရာက ရှိလာပြန်ပါတယ်။ ဆရာ တော် ဦးဗုဓ်တို့ခေတ်တုန်းက ဒီခေတ်လို ဘောလ်ပင်တွေ ဖောင်တိန်တွေနဲ့ ရေးရတာမဟုတ်ပါဘူး။ ပေရွက်ပေါ်မှာ ကညစ်တံနဲ့ ခဲရာခဲဆစ်ရေးရတာပါ။ ဘယ်လောက် ဒုက္ခ ရောက်မယ်ဆိုတာ တွေးသာကြည့်ပါတော့။

ကုဋီတက်လိုက်၊ ကျောင်းပေါ်ပြန်တက်ပြီး စာရေး

http://www.dhammadownload.com



လိုက်နဲ့ စာရေးရတာ အတော်အနှောင့်အယှက်ဖြစ်နေတော့ နောက်ပိုင်း ကျောင်းပေါ်ပြန်မတက်တော့ဘဲ ကုဋီထဲမှာပဲ နေလိုက်ပါတော့တယ်။ တပည့်ကြီးတွေကို ကုဋီနံရံမှာ သင်ပုန်းလိုမီးသွေးနဲ့ သုတ်လိမ်းခိုင်းစေပါတယ်။ ဝမ်းသွားလိုက်၊ စာထရေးလိုက်နဲ့ နေ့မနားညမနား ရေးသားပါတယ်။ ဆရာတော်ရေးပြီးတဲ့ ကုဋီနံရံကစာတွေကို တပည့်ကြီးတွေကလာပြီး ပုရပိုက်နဲ့တစ်ဆင့် ကူးယူပေးထားရပါတယ်။ ဒီလိုနဲ့ ကျမ်းတစ်စောင်ပြီးတဲ့အထိပါပဲ။

ဆရာတော် ရောဂါဖြစ်နေတဲ့ကြားက အနားမယူဘဲ ဘာကြောင့် ကျမ်းတစ်စောင်ပြီးအောင် ရေးခဲ့သလဲ။ သာသနာတော်အတွက်ဆိုတဲ့ယုံကြည်ချက်တစ်ခုကြောင့်ပဲဖြစ်ပါတယ်။ ဘာကျော်ကြားမှု၊ ဘာအောင်မြင်မှုကိုမှမျှော်ကိုးပြီး ရေးသားခဲ့တာမဟုတ်ပါဘူး။ တကယ့်သဒ္ဓါစစ်စစ်နဲ့ ရေးသွားတာပါ။

ဆရာတော်က ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ခုဒ္ဒသိက္ခာနိဿယနိဂုံးမှာ အောက်ပါအတိုင်း ရေးသားပေးထားတာကို တွေ့ရပါတယ်။

*ဝိဇ္ဇာ မာနေပိ ရောဂမှိ၊*
*တံ နပေက္ခ ဝယောကတော*
*တသ္မာဟိ မနုယုဥ္ဇန္တု၊*
*သောတာရဇ္ဇာန ပေက္ခိနော၊*

http://www.dhammadownload.com



## မြန်မာပြန်

*'ကိုယ့်စိတ်မသာ ကျင်နာခြင်းရှိလျက်လည်း ထို ရောဂါကို မငဲ့မူ၍သာလျှင် ခုဒ္ဒသိက္ခာနိဿယကို ရေးသား ပြုစုအပ်၏။ ထို့ကြောင့် သင်စာသင်သားတို့သည် ကိုယ်နှင့် အသက် မငဲ့ကွက်ဘဲ ဤခုဒ္ဒသိက္ခာကျမ်းကို ကိစ္စတစ်ပါး၊ စွန့်ပစ်ထား၍ ဖန်များကြိမ်ခါ လွန်စွာကြိုးထုတ် အားထုတ် မြဲပင် ယူဉ်စေကုန်သတည်း'*

ဒီနိဂုံးပါဋ္ဌိအမှာလေးကို ပြန်ပြန်ကြည့်မိတိုင်း ဆရာတော့်အပေါ် ကြည်ညိုလို့မဆုံးဖြစ်မိပါတယ်။ ဆရာ တော် ဦးဗုဓ်ဟာ စကားအလွန်နည်းတော့ တသီးတသန့် ဩဝါဒပေးတာတွေဘာတွေ သိပ်မတွေ့ရပါဘူး။ ဩဝါဒ ပေးတာလည်း သိပ်ပြီးအားသန်ပုံမပေါ်ပါဘူး။ အသက် ထက်ဆုံး လက်ကိုင်ထားပြီး ကိုယ်တိုင်လဲကျင့်သုံး တပည့် တွေကိုလည်း ကျင့်သုံးစေခဲ့တဲ့ ရွှေစကားလေးတစ်ခုရှိပါ တယ်။ အဲဒီ ရွှေစကားလေးကတော့ ...

*'ဘယ်သူ ကဲ့ရဲ့ ကဲ့ရဲ့၊ ဘုရားမကဲ့ရဲ့အောင်နေ' ပါတဲ့။*

<u>ကျမ်းကိုး ၁။ သောင်ကန်သာသနာဝင် (ဦးသုဒဿန)</u>
<u>၂။ ဆရာတော်ဦးဗုဓ် နှစ်(၂၀၀)ပြည့်စာစောင်</u>
<u>၃။မယ်နုအုတ်ကျောင်းဆရာတော်(အရှင်ပညာသာမိ)</u>
<u>[ မြတ်သတိ မတ် ၂၀၀၁]</u>

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

"သတ္တဝါတို့၏မွေတာသည်လည်း
သဒ္ဓါလွန်လျှင်ကွန့်သည်၊ ပညာလွန်လျှင်
ဆွံ့သည်။ ဝီရိယလွန်လျှင်ပြန့်သည်၊
သမာဓိလွန်လျှင်တွန့်သည်၊ သတိသာလျှင်
လွန်သည်မရှိ၊ လိုသည်သာဖြစ်သည်။
ထို့ကြောင့် ယခု ငါသည်
အာဟာရကိုမျှတစေလျက်
ကိုယ်လက်ကိုဖြည့်တင်း၍ သဒ္ဓါနှင့်ပညာ
ဝီရိယနှင့်သမာဓိကို မျှတစေတော့အံ့"

(ဘုရားအလောင်းသိဒ္ဓတ္ထ)

http://www.dhammadownload.com

# ရွှေစကားတို့ရဲ့ မြစ်ဖျားများ(၈)

လောကမှာ အယူအဆတစ်ခု၊ ဝါဒတစ်ခုအပေါ်မှာ အစွန်းရောက်လာပြီဆိုရင် အောင်မြင်မှုလမ်းကြောင်းက သွေဖည်သွားတတ်ပါတယ်။ ဒါက လောကဓမ္မတာ တစ်ခုရဲ့ ဖြစ်စဉ်ပါ။ လူသားတွေရှိနေသရွေ့ အယူအဆသစ်တွေ၊ ဝါဒသစ်တွေကတော့ ဆင့်ကဲ ဆင့်ကဲ ပေါ်နေဦးမှာပါ။ ဘာကြောင့်လဲဆိုတော့ ဒီအယူအဆတွေ၊ ဝါဒတွေကိုပဲ လူသားတွေက ဖန်တီးနေတာကိုး။

တလောဆီက မဂ္ဂဇင်းတိုက်တစ်ခုမှာ လူငယ်လေး တစ်ယောက်ကိုတွေ့ပါတယ်။ စာရေးဆရာဖြစ်ဖို့ ကြိုးစားနေတဲ့ လူငယ်လေးပါ။ အသက်က နှစ်ဆယ် တောင် မပြည့်သေးပါဘူး။ ဆယ်တန်းအောင်ပြီးသားပါ။ အင်္ဂလိပ်စာမှာလည်း ဘာသာပြန်နိုင်တဲ့အဆင့်ထိ ရောက်နေ ပြီလို့ဆိုပါတယ်။ စာရေးဆရာဦးဇင်းတစ်ပါးရဲ့ လမ်းညွှန်

http://www.dhammadownload.com



ပေးမှုကြောင့် စာကြီးပေကြီးတွေနဲ့ ထိုက်သင့်သလောက် ထိတွေ့ပြီးနေပါပြီ။ စာပေဝမ်းစာ အတိုင်းအတာတစ်ခုအထိ ရှိနေပြီဆိုပါတော့။

သူက ဘာဆိုလာသလဲဆိုတော့ "ဒီနေ့ခေတ် အချစ်ဝတ္ထုတွေနဲ့နာမည်ကြီးနေတဲ့ စာရေးဆရာမလေး တွေကို လုံးဝအထင်မကြီးကြောင်း၊ ပြီးတော့ ဖတ်လဲ မဖတ် ကြောင်း" ဆိုလာပါတယ်။ ဒီစကားကြားရတော့ ဝမ်းသာ ခြင်းတစ်ဝက်၊ ဝမ်းနည်းခြင်းတစ်ဝက် ခံစားလိုက်ရပါတယ်။ ဝမ်းသာတာက စာအလေး,အပေါ့နဲ့ စာကောင်းပေမွန်တွေကို ခွဲခြားသိနေတာကြောင့် ရယ်ပါ။ ဝမ်းနည်းရတာကတော့ 'ဣဒမေဝ သစ္စံ၊ မောဃညံ – ငါ့ အယူအဆသာမှန်တယ်၊ အခြားသူရဲ့အယူအဆက အချည်းနှီးအ့လကား" ဆိုတဲ့ တစ်ဖက်သားကို အထင်သေးတတ်တဲ့အမြင်ပါ ပူးတွဲတွေ့ လိုက်ရလို့ပါ။ တကယ်တော့ အယူအဆတစ်ခုကိုကိုင်ပြီး တစ်ဖက်သားကို အထင်သေးတတ်တဲ့ စိတ်ဝင်လာပြီဆိုရင် တိုးတက်ဖို့ထက် ဆုတ်ယုတ်ဖို့ကများလာပါတယ်။ တစ်ချိန်က ပညာတတ်လူငယ်လေးတချို့ဟာ ရုပ်ကြမ်းဝါဒ စတဲ့ အယူအဆတွေ အစွဲအလန်းကြီးခဲ့လို့ အရွယ်မတိုင်မီ နစ်မွန်းသွားကြတာ ကြားဖူးဖတ်ဖူးထားခဲ့လို့ပါ။ စောစောက ပြောတဲ့ အချစ်ဝတ္ထုရေးတဲ့ စာရေးဆရာမလေးတွေရဲ့စာဟာ စာပေတန်းနဲ့ချိန်ရင်တော့ တစ်မျိုးပေါ့။

ဒါပေမယ့် သူတို့အောင်မြင်မှုကလည်း ကြောက်

http://www.dhammadownload.com



ခမန်းလိလိပဲလေ။ သူတို့ကို ကိုယ်က တစ်ဖက်သတ်သွားပြီး အထင်သေးလို့တော့ ဘယ်ကောင်းပါ့မလဲ။ ဒါက အတိတ်ကံနဲ့လည်း ဆိုင်ပါတယ်လေ။ စာကြီးပေကြီးတွေဖတ်ပြီး ဒီလို အတွေးမျိုးဝင်လာတတ်တာတော့ သိပ်ပြီးမဆန်းလှပါဘူး။ တကယ်တော့ အချစ်ဝတ္ထုတွေဟာ စာကြီးပေကြီးတွေ၊ ဂန္ထဝင်စာပေတွေရဲ့လှေကားထစ်တွေပါပဲ။ ကိုယ်က အဲဒီမှာတင် ရပ်မနေဘဲ တစ်ဆင့်ချင်း တက်သွားနိုင်ဖို့သာ အဓိကပါ။

"သားငယ် အယူအဆတစ်ခုအပေါ် သိပ်ပြီး အစွန်းရောက်သွားရင်တော့ မကောင်းဘူး။ သတိတော့ထား"

မိမိက ဒီလောက်ပဲ ပြောဖြစ်ခဲ့ပါတယ်။ ဒီထက်လဲ ပိုပြီး မပြောချင်ပါဘူး။ ပြောရအောင်ကလဲ မိမိက ဘာမှ ဟုတ်သေးတာ မဟုတ်ပါဘူး။ ဒီတော့ ဒီလောက်ပဲ ပြောနိုင်ခဲ့ပါတယ်။ အဓိကကတော့ စာပေလေ့လာခါစ ကလေးရဲ့ ဦးနှောက်ထဲမှာ အယူအဆတစ်ခုတည်းကြောင့် အတွေးအခေါ်တွေ အညွန့်ကျိုးမသွားစေချင်ပါဘူး။ အရွယ်ကငယ်သေးတော့ လေ့လာစရာ၊ သိစရာတွေ အများကြီး ကျန်ပါသေးတယ်။ နှလုံးသားတံခါးကို တတ်နိုင်သမျှ ဖွင့်ထားစေချင်ပါတယ်။ ဒါမှ လောကကြီးကို နားလည်နိုင်ပြီး ကိုယ်ချင်းစာစိတ် ကရုဏာစိတ်တွေ ထားနိုင်မှာပါ။

× ×

ဗုဒ္ဓဝင် ပြန်ဖတ်မိရင်းက အထက်ပါ အတွေးတွေ

http://www.dhammadownload.com



ဆက်စပ်ပြီး ဝင်လာတာပါ။ မြတ်စွာဘုရားကိုယ်တော်တိုင်ကလဲ ဒီအယူအဆအစွန်းရောက်မှုကို အားမပေးခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြတ်စွာဘုရားကိုယ်တော်တိုင်ကလဲ အစွန်းရောက်မှု လမ်းကြောင်းပေါ်ကို လျှောက်ခဲ့ဖူးလို့ပါ။ ပြီးတော့ မြတ်စွာဘုရားက မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ဘုရားဖြစ်တဲ့နေ့မှာပဲ တရားဦးအဖြစ်ဟောခဲ့ပါတယ်။

ဒီရှေ့စကားတို့ရဲ့ မြစ်ဖျားခံရာကိုကြည့်လိုက်တော့ ဗုဒ္ဓဝင်ရှေ့ပိုင်းစာမျက်နှာမှာပဲ တွေ့ရပါတယ်။ ဘုရားအလောင်းရဟန်းပြုပြီး ပထမဆုံး ဆွမ်းခံခဲ့တဲ့ပြည်က ရာဇဂြိုဟ်ပြည်ပါ။ ရာဇဂြိုဟ်ပြည်မှာ မင်းအဖြစ်အုပ်ချုပ်နေသူက ဗိမ္ဗိသာရမင်းပါ။ ဘုရားအလောင်းဆွမ်းခံကြွလိုက်တော့ ရာဇဂြိုဟ်တစ်ပြည်လုံး အုတ်အုတ်ကြွက်ကြွက်ဖြစ်သွားပါတယ်။ ဖြစ်မယ်ဆိုရင်လဲ ဖြစ်စရာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ နန်းစည်းစိမ်ကို စွန့်ပြီး သပိတ်တစ်လုံးနဲ့ အိမ်စဉ်လှည့်လည်နေတာက သူ့တို့စိတ်ထဲမှာ အံ့သြစိတ်နဲ့ ထူးခြားနေမှာပါ။ ကျန်တဲ့ သာမန်လူ တစ်ယောက်က ဒီလိုထလုပ်တယ်ဆိုရင်တော့ ထူးခြားချင်မှထူးခြားမှာပါ။ ရပြီးလို့စွန့်တာနဲ့ မရဘဲနဲ့ စွန့်တာက ကွာသေးတာကိုး။

ပြည်သူပြည်သားတွေတင်မကပါဘူး။ဘုရင်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကပါထူးခြားအံ့သြနေပါတယ်။ဘုရားအလောင်း ဆွမ်းခံကြွနေတဲ့မြင်ကွင်းကို ဗိမ္ဗိသာရမင်း ကိုယ်တိုင်ကလည်း

http://www.dhammadownload.com



လေသွန်ပြတင်းက မြင်တွေ့နေပါတယ်။ ပထမတော့ ရေရေရာရာ မသိသေးပါဘူး။ မင်းချင်းတစ်ယောက်ကို သွားကြည့်ခိုင်းပြီးမှ ရေရေရာရာ သိရတာပါ။ သိတော့ သူလည်း အံ့ဩရတာပေါ့။ ဘုရားအလောင်းမင်းသား ဆွမ်းခံပြီးတော့ မြို့ထဲကထွက်ခဲ့ပါတယ်။ မြို့ရဲ့အရှေ့ဘက် ပဏ္ဍဝတောင်ရိပ်မှာ အရှေ့ဘက်ကိုမျက်နှာမူပြီးထိုင်ပါတယ်။ ဆွမ်းဘုဉ်းပေးဖို့ သပိတ်ကိုဖွင့်လိုက်တော့ အနီရောင်တွေ၊ အဖြူရောင်တွေ၊ အကြောင်ကြောင်အကျားကျားနဲ့ ရောနှောနေတဲ့ ဆွမ်းတွေကိုမြင်လိုက်ရပါတယ်။ ဒီအခါမှာ အူအသည်းတွေ ပြောင်းပြန်လန်ပြီး ပျို့အန်မတတ်ဖြစ်သွားပါတယ်။ နောက်မှ ကိုယ့်ကိုယ်ကိုပြန်ပြီး ဆုံးမဘုဉ်းပေးပါတယ်။ ဘယ်လို ဆုံးမသလဲဆိုတော့...

"သိဒ္ဓတ်မင်းသား သန့်စင်မွှေးပျံ့သော သလေးထမင်းကို စွန့်ခွာ၍ ရလွယ်သောအာဟာရဖြင့် မျှတမှီတင်းလျက် သေမင်းမတွေ့ရာဘဝ၏အဆုံးကိုရှာအံ့ဟုရည်မှတ်၍ ကြီးမြတ်သောမင်း၏ချမ်းသာကို စွန့်ခွာခဲ့သည်မဟုတ်လော။ အပုပ်အတိပြီးသော ဤကိုယ်ကို တန်ဆာဆင်ခြင်း၌ အဘယ်ကြောင့် ရောင့်ရဲခြင်းမရှိသနည်း" လို့ဆိုပြီး ဆုံးမဘုဉ်းပေးပါတယ်။ လောကမှာ သူတစ်ပါးက ဆုံးမတာထက် ကိုယ့်ကိုယ်ကို ပြန်ပြီးဆုံးမတာဟာ အကောင်းဆုံးပါ။

ဘုရားလောင်းပျို့အန်မတတ်ဖြစ်သွားပုံနဲ့ ပတ်သက်ပြီး ဆရာဦးအောင်သင်းကတော့ 'ဘုရားအလောင်း

http://www.dhammadownload.com



က ဇာတ်မြင့်ကလာသူဖြစ်ကြောင်း၊ ရလာတဲ့ဆွမ်းတွေထဲမှာ ဇာတ်နိမ့်တွေရဲ့ဆွမ်းတွေလဲပါလာကြောင်း၊ ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားတတ်တဲ့ အိန္ဒိယနိုင်ငံရဲ့ဓလေ့အရ အမှတ်တမဲ့ သတိလက်လွှတ်ဖြစ်ပြီး ပျို့အန်မတတ်ဖြစ်သွားဟန် ထင်ကြောင်း မဂ္ဂဇင်းတိုက်တစ်ခုမှာဆုံတုန်း မှတ်ချက်ချပြ မါတယ်။ စောစောက ဗိမ္ဗိသာရမင်းကလွှတ်လိုက်တဲ့ မင်းချင်းက ဘုရားအလောင်းကိုယ့်ကိုယ်ကို ဆုံးမပြီး ဘုဉ်းပေးနေတာကို မြင်လဲမြင်၊ ကြားလဲကြားသွားပါတယ်။ ဒီတော့ ချက်ချင်းပဲ ဘုရင့်ဆီပြန်ပြီး သံတော်ဦးတင်ပါတယ်။ ဗိမ္ဗိသာရမင်းကလည်း တော်တော်လေး အံ့သြသွားပါတယ်။ အံ့သြရုံနဲ့တင် ရပ်မထားပါဘူး။ ဘုရားအလောင်းဆီကို ထ,လိုက်သွားပါတယ်။ ဘုရားအလောင်းရဲ့အပြုအမူကို တွေ့လိုက်ရတော့ အနွယ်ရယ်၊ အရွယ်ရယ်၊ ပညာရယ်၊ ဂုဏ်ရယ်တို့ကို ယှဉ်တွေးတွေးပြီး နှမြောသွားပုံရပါတယ်။ ဒါကြောင့် ဘုရားအလောင်းနားကပ်သွားပြီး ...

"ပြည်တော် တစ်ဝက်ပေးပါမည်။ အသက်အရွယ် ကလည်း ငယ်ပါသေးသည်၊ တောမထွက်ပါနှင့်။ မင်းပြု၍ ခံစားပါဦး"လို့ လျှောက်ပါတယ်။ အဲဒီတော့ ဘုရား အလောင်းက ဘယ်လို ပြန်မိန့်သလဲဆိုတော့ ...

"အဆွေတော်မင်းမြတ်၊ ခံစားအပ်သောမင်း၏ ချမ်းသာသည် ရေပေါ်၌တက်သောရေပွက်၏ပမာ တစ် သက်လျှာ မျှသာဖြစ်ချေသည်။ ထိုစည်းစိမ်ကိုမှီ၍ကိလေသာ

http://www.dhammadownload.com



ပွားသဖြင့် များသောအကုသိုလ်ဒုစရိုက်ဖြစ်၍ သံသရာ၌ နစ်မွန်းရခြင်း၏အကြောင်းသာ ဖြစ်ချေသည်။ ထို့ကြောင့် ပြည်၏စည်းစိမ်ကို ဘင်အိမ်၌ လောက်၊ တံတွေးပေါက် ကဲ့သို့ရွံရှာ၍ ငါ စွန့်ခွာထွက်ခဲ့သည်" လို့ မိန့်ပါတယ်။ နောက်ကို တစ်ဖဝါးမှ ခြေလှမ်းပြန်မဆုတ်တော့မယ့် ဘုရားအလောင်းစကားကြားရတော့ ဗိမ္ဗိသာရမင်းလဲ ထပ်ပြီး မတားတော့ပါဘူး။ ဒါပေမယ့် သူ့အတွက် အကျိုးရှိမယ့် စကားတစ်ခွန်းကိုတော့ မှာလိုက်ပါတယ်။ အမှာစကားက "အရှင်သိဒ္ဓတ္ထ၊ ဖြောင့်မတ်စွာအားထုတ်ပါလော့။ သို့ရာတွင် သင်ဘုရားဖြစ်လျှင်တော့ အကျွန်ုပ်ပြည်သို့ ရှေးဦးစွာ ကြွတော်မူပါ"တဲ့။ ဒီတော့ ဘုရားလောင်းကလဲ"ကောင်းပြီ" လို့ ဝန်ခံကတိပေးခဲ့ပါတယ်။

ဘုရားအလောင်းက အဲဒီကနေ တောအုပ်ရှိရာ ကို ကြွသွားတော်မူပါတယ်။ တောအုပ်မှာ ပထမဦးဆုံး တွေ့ရ သူက လောကီဈာန်ကို စီးဖြန်းနေတဲ့ အာဠာရ ရသေ့ကိုပါပဲ။ အဲဒီ အာဠာရရသေ့ထံကပ်ပြီး ဈာန်သမာပတ်ကို နှီးနှောပြီး အားထုတ်လိုက်တော့ လောကီဈာန် ခုနစ်တန်ကို ရပါတယ်။ နောက်ဥဒကရသေ့ထံကပ်ပြီး အားထုတ်လိုက်ပြန်တော့ သမာပတ်ရှစ်ပါးကို ရတော်မူပြန်ပါတယ်။ ဒီလိုရပြီး ဘယ်လို ထပ်စဉ်းစားပြန်သလဲဆိုတော့ "ဒီသမာပတ်ရှစ်ပါးဟာဘုရား ဖြစ်ကြောင်း သဗ္ဗညုတဉာဏ်ရဲ့ အကြောင်းမဟုတ်သေးဘူး။ အကြောင်းကို ရှာဦးမှဖြစ်ချေမယ်" လို့ စဉ်းစားပါတယ်။

http://www.dhammadownload.com



ဒါကြောင့် ဥရုဝေလတောကိုဆက်ပြီး ကြွသွားပါတယ်။ အဲဒီဥရုဝေလတောမှာ ပဉ္စဝဂ္ဂီငါးဦးနဲ့ တွေ့တာပါ။

ဒီနေရာမှာ ပဉ္စဝဂ္ဂီငါးဦးအကြောင်းကို ထည့်ပြောဦးမှ ဖြစ်မှာပါ။ ဘုရားအလောင်းဖွားမြင်ပြီး ငါးရက်မြောက်မှာ နာမည်မှည့်ဖို့ စီစဉ်ကြပါတယ်။ အဲဒီ အမည်မှည့်ပွဲမှာ နာမည်ကျော်ပုဏ္ဏား တစ်ရာ့ရှစ်ယောက်ကိုပါဖိတ်ပြီး အဖျော်ယမကာ ယနာနို့ထမင်းတွေနဲ့ ညှော့ကျွေးမွေးပါတယ်။ ပြီးတော့ ဘုရားအလောင်းရဲ့ လက္ခဏာနိမိတ်ကို စစ်ဆေးစေပါတယ်။ အဲဒီအခါမှာ ပုဏ္ဏားတစ်ရာ့ရှစ်ယောက်ထဲက ရာမ၊ ဓဇ၊ လက္ခဏာ၊ ဇောတိမန္တ၊ ယည၊ သုဗောဇ၊ သုယာမ ဆိုတဲ့ ပုဏ္ဏားခုနစ်ယောက်က လက်ညှိုးနှစ်ချောင်းထောင်ပြီး "အရှင့်သားတော်မြတ်သည် စကြာမင်းသော်လည်းဖြစ်လတ္တံ့၊ ဘုရားသော်လည်းဖြစ်လတ္တံ့"လို့အယူနှစ်မျိုးဟောကြပါတယ်။ ပုဏ္ဏားတွေထဲက အသက်အငယ်ဆုံးဖြစ်ပြီး ကောဏ္ဍညအနွယ် သုဒတ္တဆိုတဲ့ပုဏ္ဏားတစ်ယောက်ကတော့ လက်ညှိုးတစ်ချောင်းသာထောင်ပြီး "အရှင့် သားတော်မြတ်သည် ဘုရားစင်စစ်ကေန်ဖြစ်ပါလိမ့်မည်"လို့ စကားတစ်ခွန်းပဲ ဟောလိုက်ပါတယ်။

ဒါနဲ့ လက္ခဏာဖတ်တဲ့ ပုဏ္ဏားခုနစ်ယောက်ဟာ ကိစ္စဝိစ္စတွေပြီးတော့ အိမ်ကို ပြန်ခဲ့ကြပါတယ်။ အိမ်ရောက်တော့ အသီးသီးပါပဲ၊ မိမိတို့ရဲ့ သားတွေကိုခေါ်ပြီး "သုဒ္ဓေါဒနမင်းကြီးရဲ့သားဟာ ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မယ်။

http://www.dhammadownload.com



အဲဒီမင်းသားဘုရားဖြစ်တဲ့အခါ သူ့ရဲ့အဆုံးအမကို ခံယူပြီး ရဟန်းပြုကြပါ"လို့ မှာကြားပါတယ်။ဒီလိုနဲ့ပဲ လက္ခဏာဖတ် ပုဏ္ဏားခုနစ်ယောက်လည်း သေကုန်တယ်ပဲ ဆိုပါတော့။ ကောဏ္ဍညပုဏ္ဏားတစ်ယောက်တည်းသာ အသက်ရှင်လျက် ကျန်ခဲ့ပါတယ်။

ဒီနေရာမှာ စဉ်းစားစရာတစ်ခုက လက်နှစ်ချောင်း ထောင်ခဲ့တဲ့ ပုဏ္ဏားခုနစ်ယောက်ဟာ နန်းတော်ထဲက ဘုရင့်ရှေ့မှာ စကြာမင်းဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဘုရားဖြစ်လိမ့်မယ်လို့ စကားနှစ်ခွန်းပြောခဲ့ပြီး အိမ်မှာ သားတွေကိုကျတော့ ဘုရားဖြစ်လိမ့်မယ်လို့ စကားတစ်ခွန်းပဲ ပြောတဲ့ကိစ္စပါ။ အဲဒီအချိန်က သုဒ္ဓေါဒနမင်းကြီးအနေနဲ့သူ့သားတော်ကို ဘုရားဖြစ်ခြင်းထက် စကြာမင်းဖြစ်ခြင်းကို ပိုပြီးလိုအပ်နေတဲ့အချိန်ပါ။ ပုဏ္ဏားခုနစ်ယောက်က ဘုရားဖြစ်မယ့်အရေးကိုသိပါလျက် ဘုရင့်ဆန္ဒအလိုကိုကြည့်ပြီး စကားနှစ်ခွန်းကိုပဲ ပြောဟောခဲ့လေသလား။ ဒါမှမဟုတ် တစ်ကယ်ပဲ မသိလို့လားဆိုတာကို တော့ စဉ်းစားစရာပါ။ ဘုရားဖြစ်မှာသိပါလျက်ကယ်နဲ့ လက်နှစ်ချောင်းထောင်ခဲ့တယ်ဆိုရင်တော့ ကိုယ့်ပညာနဲ့ သိက္ခာအပေါ် သစ္စာဖောက်ခဲ့ကြတဲ့ ပုဏ္ဏားတွေလို့ ဆိုရမှာ ပါပဲ။

စောစောကစကားကိုပြန်ဆက်ရရင် ဥရုဝေလတောမှာ ပဉ္စဝဂ္ဂီငါးဦးက ဖခင်ပုဏ္ဏားတွေမှာခဲ့တဲ့အတိုင်း ဘုရားအလောင်းကို စောင့်နေကြတာပါ။ ဒီတော့ ဘုရားအလောင်း

http://www.dhammadownload.com



ဥရုဝေလတောကို ကြွလာတဲ့အချိန်မှာ ပဥ္စဝဂ္ဂီငါးဦးတို့နဲ့ တွေ့တာပါပဲ။ ပဥ္စဝဂ္ဂီငါးဦးဆိုတာက ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနမ်၊ အဿဇိတို့ ဖြစ်ပါတယ်။ ပဥ္စဝဂ္ဂီငါးဦးကလဲ ဘုရားအလောင်းကိုတွေ့တာနဲ့ ဘုရားအလောင်းကို ပြုစုလုပ်ကျွေးကြပါတယ်။ ဘုရားအလောင်းက ပဥ္စဝဂ္ဂီငါးဦးရဲ့ ပြုစုလုပ်ကျွေးမှုကိုခံယူပြီး တစ်နေ့ကို ဆွမ်းတစ်လုပ်၊ သစ်သီးတစ်လုံး၊ တစ်ခါတလေ အာဟာရကိုမမှီဝဲဘဲ တရားကျင့်ပါတော့တယ်။ အာဟာရမမှီဝဲတာကြာတော့ ကိုယ်တော်က ကြုံလှီလာပါတယ်။နောက် လက္ခဏာတော်ကြီးလက္ခဏာတော်ငယ်တွေပါ ပျောက်ကွယ်သွားပါတယ်။တဖြည်းဖြည်းနဲ့ အာဟာရကို မမှီဝဲတာများလာတော့ အာနာပါနစျာန်ကိုတောင် မဝင်စားနိုင်တော့ဘဲ စင်္ကြံဦးမှာလဲကျသွားပါတော့တယ်။ အဲဒီလိုတွေကျင့်လိုက်တာ ခြောက်နှစ်တာကာလအထိတောင် ရောက်လာခဲ့ပါတယ်။ အများသိကြတဲ့ ဒုက္ကရစရိယာခြောက်နှစ်ပါပဲ။ ဒီတော့ ဘုရားအလောင်းက ကိုယ့်လုပ်ရပ်တွေကိုယ် ပြန်သုံးသပ်ရင်း အစွန်းရောက်နေတာ သိသွားပါတော့တယ်။ အဲဒီလိုသိလိုက်ရတဲ့အချိန်မှာ ကိုယ့်ကိုယ်ကို ပြန်ပြီးဆုံးမလိုက်ပါတယ်။

**"သတ္တဝါတို့၏မွေ့တာသည်လည်း သဒ္ဓါလွန်လျှင်ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်။ ဝီရိယလွန်လျှင်ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိသာလျှင်လွန်သည်မရှိ၊ လိုသည်သာဖြစ်သည်။ ထို့ကြောင့် ယန**

http://www.dhammadownload.com



ငါသည် အာဟာရကိုမျှတစေလျက် ကိုယ်လက်ကိုဖြည့်တင်း၍ သဒ္ဓါနှင့်ပညာ ဝီရိယနှင့်သမာဓိကို မျှတစေတော့အံ့"

ဘုရားအလောင်းက အစွန်းရောက်နေတဲ့ လမ်းစဉ်ကနေ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ပြောင်းလိုက်ပါတယ်။ ပြောင်းတဲ့အတိုင်း မြို့ရွာတွေကို လှည့်လည်ပြီး ဆွမ်းခံဘုဉ်းပေးတော်မူပါတယ်။

အာဟာရတွေ ပြည့်တင်းလာတာနဲ့ အမျှ စောစောပိုင်းက ပျောက်ကွယ်နေတဲ့ မဟာပုရိသလက္ခဏာတွေလဲ ပြန်ပေါ်လာပြီး နဂိုခန္ဓာကိုယ်အတိုင်း ပြန်ဖြစ်လာပါတယ်။

ဘုရားအလောင်း ဒီလိုလုပ်လိုက်တာနဲ့အတူ ဘုရားအလောင်းရဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ဆန့်ကျင်တဲ့သူတွေ ပေါ်လာပါတယ်။ အဲဒီသူတွေကတော့ တခြားသူတွေ ဟုတ်ရိုးလား၊ ဘုရားအလောင်းကိုအလုပ်အကျွေးပြုနေကြတဲ့ ပဉ္စဝဂ္ဂီငါးဦးပါပဲ။ သူတို့ ဘယ်လို ဆန့်ကျင်စကားပြောကြသလဲဆိုတော့ "သိဒ္ဓတ်မင်းသားဟာ အလွန်ခြိုးခြံခေါင်းပါးစွာကျင့်နေတာတောင် ဘုရားမဖြစ်ဘူး။ အခုလို ဆွမ်းခံစားပြီး ကျင့်မယ်ဆိုရင် ဘယ်မှာ ဘုရားဖြစ်တော့မှာလဲ"လို့ဆန့်ကျင်စကား ဆိုကြပါတယ်။ ပြီးတော့ ဘုရားလောင်းနဲ့ အယူအဆမတူတော့တာနဲ့ ဘုရားအလောင်းကိုစွန့်ခွာပြီး ဘုရားလောင်းနဲ့ တစ်ဆယ့်ရှစ်ယူဇနာလောက်ကွာဝေးတဲ့ ဣသိပတနမိဂဒါဝုန်တောကို ထွက်ခွာသွားကြပါတယ်။

ဒီလိုနဲ့ ဘုရားအလောင်းဟာ မဇ္ဈိမပဋိပဒါ

http://www.dhammadownload.com



လမ်းကြောင်းပေါ်ကနေ ကျင့်ကြံအားထုတ်လိုက်တာ သဗ္ဗညုတရွှေဉာဏ်တော်ကိုရပြီး ဘုရားဖြစ်သွားရောပဲ ဆိုပါတော့။ ဘုရားဖြစ်ပြီဆိုတော့ တရားဦးအဖြစ် ဓမ္မစကြာတရားကို ဟောရတော့မှာပါ။ ဒီတော့ ဘယ်သူ့ကို အရင်ဟောရမလဲ၊ ဒီနေရာမှာ မြတ်စွာဘုရားရဲ့ အပြုအမူနဲ့ အတွေးအခေါ်ဟာ သတိမူစရာနဲ့ တကယ့်အတုယူစရာပါ။ မြတ်စွာဘုရားက တရားဦးဟောဖို့စဉ်းစားတော့ ကျေးဇူးတရားနဲ့ယှဉ်ပြီး စဉ်းစားပါတယ်။ ဘယ်သူဟာ ငါ့အပေါ် ပထမ ကျေးဇူးအများဆုံးလဲ? ဘယ်သူဟာ ငါ့အပေါ် ဒုတိယ ကျေးဇူးအများဆုံးလဲ? ဘယ်သူဟာ ငါ့အပေါ် တတိယ ကျေးဇူးအများဆုံးလဲ? စသည် စသည်ဖြင့်ပေါ့။ တရားဦးဟောဖို့ ကျေးဇူးတရားတွေကို ရှေ့တန်းတင်ပြီး စဉ်းစားပါတယ်။ ဉာဏ်တော်နဲ့ ပထမကျေးဇူးရှင်ကို ကြည့်လိုက်တော့ ဘယ်သူ့ကိုသွားမြင်သလဲဆိုတော့ အာဠာရရသေ့ကိုပါ။ ဒါပေမယ့် မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ရလို့ ဘုရားဖြစ်တဲ့အချိန်မှာ အာဠာရရသေ့ဟာ လူ့ပြည်မှာ မရှိတော့ပါဘူး။ သေလွန်လို့ ခုနစ်ရက်ရှိပြီး အာကိဉ္စညာယတနဘုံမှာ ရောက်နေပါပြီ။

အာကိဉ္စညာရတနဘုံဆိုတာ ရုပ်ဖြစ်ရှစ်ပါးထဲမှာ ပါတဲ့ အရူပဗြဟ္မာတွေနေထိုင်ရာဘုံကိုပြောတာပါ။ အရူပဗြဟ္မာတွေမှာ နာမ်ပဲရှိပါတယ်။ ရုပ်မရှိပါဘူး။ ရုပ်ခန္ဓာမရှိတော့ တရားနာလို့မရပါဘူး။ (တကယ်လို့သာ ၃၁-

http://www.dhammadownload.com



ဘုံထဲက တရားနာလို့ရတဲ့ ဘုံတစ်ဘုံမှာသာရောက်နေရင် မြတ်စွာဘုရားက အာဠာရ ရသေ့ရောက်ရာဘုံကို လိုက်ပြီး ဟောမှာပါ။) ဒီတော့ မြတ်စွာဘုရားက အာဠာရ ရသေ့ အတွက် မဟာဆုံးရှုံးမှုကြီးလို့ မိန့်ပါတယ်။

နောက် ဒုတိယကျေးဇူးရှင်ကို ကြည့်လိုက်တော့ ဥဒကရသေ့ကို တွေ့ပါတယ်။ ဥဒကရသေ့လဲ ကံမကောင်း ရှာပါဘူး။ ယမန်နေ့သန်းခေါင်ယံကပဲ သေလွန်သွားပြန် ပါတယ်။ သေလွန်လို့ နေဝသညာ နာသညာယတနဘုံကို တောင် ရောက်နေပါပြီ။ ဒီဘုံဟာလဲ အရူပဗြဟ္မာများ နေထိုင်ရာဘုံပါပဲ။ နောက် တတိယကျေးဇူးရှင်ကို ကြည့် လိုက်တော့ ပဥ္စဝဂ္ဂီငါးဦးကို သွားတွေ့ပါတယ်။ ဒါပေမယ့် သိတဲ့အတိုင်းပါပဲ ပဥ္စဝဂ္ဂီငါးဦးဟာ မြတ်စွာဘုရား အနားမှာ မရှိတော့ပါဘူး။ မြတ်စွာဘုရားနဲ့ တစ်ဆယ့်ရှစ်ယူဇနာ ဝေးတဲ့ မိဂဒါဝုန်တောကိုရောက်နေပါတယ်။တကယ်တော့ ပဥ္စဝဂ္ဂီငါးဦးဟာ မြတ်စွာဘုရားရဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို မကြိုက်လို့ တစ်နည်းအားဖြင့် ဝါဒမတူလို့ မြတ်စွာဘုရားကို စွန့်ခွာခဲ့သူတွေပါ။ ဒါပေမယ့် မြတ်စွာဘုရားက ကျေးဇူး တရားကိုပဲ ရှေ့တန်းတင်ထားလေတော့ ဝါဒတူခြင်း၊ မတူခြင်း၊ အယူအဆတူခြင်း၊ မတူခြင်းတွေကို ထည့်စဉ်းစား မနေတော့ပါဘူး။ အဲဒီဝါဒတွေကို ဘေးကိုပဲ ချထားလိုက် ပါတယ်။ မြတ်စွာဘုရားက ပဥ္စဝဂ္ဂီငါးဦးရှိရာ တစ်ဆယ့်ရှစ် ယူဇနာဝေးတဲ့ မိဂဒါဝုန်တောကို ကြွသွားရှာပါတယ်။

http://www.dhammadownload.com



မိဂဒါဝုန်တောကိုရောက်ပြန်တော့လဲ ပဥ္စဝဂ္ဂီငါးဦးတို့ရဲ့ အယူအဆပြင်းထန်ပုံကိုကြည့်ပါဦး။မြတ်စွာဘုရား မိမိတို့ဆီ ကြွလာတာ အဝေးကမြင်လိုက်တာနဲ့ ချက်ချင်းအရေးအပေါ် အစည်းအဝေးခေါ်ပြီး 'အရှင်ဂေါတမဟာ ဘုရားဖြစ်ဖို့ ဒုက္ကရစရိယာကျင့်တယ်။ ဒါပေမယ့် ဘုရားမဖြစ်မီမှာဘဲ အကျင့်ကထွက်ပြီး ဆွမ်းသက်န်းများအောင်ရှာပြီး မြို့ရွာတွေကို လှည့်လည်တယ်။ ဒါအကျင့်ပျက်တဲ့သဘော၊ အကျင့်ပျက်တဲ့သူပဲ။ ဒါကြောင့် တို့ အရှင်ဂေါတမကို ခရီးဦး မကြိုဆိုဘူး။ နေရာထိုင်ခင်း မပေးဘူး"အဲဒီလို တမုဟုတ်ချင်း ကတိကဝတ်ပြုလိုက်ကြပါတယ်။တကယ်တမ်း မြတ်စွာဘုရား ပဥ္စဝဂ္ဂီငါးဦးအနား ရောက်လာချိန်မှာတော့ မြတ်စွာဘုရားရဲ့အသရေ၊ ကရုဏာမျက်လုံး စတာတွေကိုကြည့်ပြီး ထားထားကြတဲ့ ကတိကဝတ်တွေကို ပြိုင်တူပဲဖျက်လိုက်ကြပါတယ်။ တစ်ဦးက သပိတ်လှမ်းယူ၊ တစ်ဦးက သင်္ကန်းလှမ်းယူ၊ တစ်ဦးက ခြေဆေး၊ တစ်ဦးက နေရာထိုင်ခင်းပြင်၊ အသီးသီး ကိုယ်စီလှုပ်ရှားကြတော့တာပါပဲ။ ဒီတော့ မြတ်စွာဘုရားက ပဥ္စဝဂ္ဂီငါးဦးကို "မိမိဘုရားဖြစ်ပြီ ဆိုတဲ့အကြောင်း၊ သင်တို့ကို တရားဦးဟောမယ့်အကြောင်း၊ တရားဦးနာယူကြဖို့အကြောင်း"မိန့်ပါတယ်။ ဒါပေမယ့် ပဥ္စဝဂ္ဂီငါးဦးက ဘုရားဖြစ်ပြီဆိုတာကိုလုံးဝ မယုံကြည်ကြပါဘူး။ မယုံတဲ့အပြင် မြတ်စွာဘုရားရဲ့ တရားဦးဟောဖို့ ပြောဆိုချက်ကိုလဲ သုံးကြိမ်သုံးခါ ပယ်ချကြပါတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားက ကျေးဇူးတရားကိုပဲ ရှေ့တန်းတင်ထားတော့ ပရိယာယ်နဲ့ ဘုရားဖြစ်ကြောင်းကိုသိစေပြီး သက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ညနေ နေဝင်စအချိန်မှာ 'ဒွေမေ ဘိက္ခဝေ' အစရှိတဲ့ ဓမ္မစကြာ ဒေသနာတော်ကို တရားဦးအဖြစ် ဟောတော်မူပါတယ်။ ပဉ္စဝဂ္ဂီငါးဦးလဲ အသီးသီးရဟန္တာဖြစ်သွားကြပါတယ်။

ဘဝမှာ အယူအဆတစ်ခု၊ ဝါဒတစ်ခုအပေါ်မှာ ကာလကြာကြာအထိ အစွန်းရောက်ခဲ့ဖူးပါတယ်။ အစွန်းရောက်တဲ့အလျှောက် ပြုမူခဲ့၊ ပြောဆိုခဲ့ဖူးပါတယ်။ အကြောင်းတိုက်ဆိုင်လို့ ကျေးဇူးတရားရဲ့သရုပ်ကို ဖော်ရပြန်ပြီဆိုရင်လဲ ပစ္စုပ္ပန်ကာလတစ်ခုတည်းကိုသာကြည့်ပြီး သရုပ်ဖော်ခဲ့ဖူးပါတယ်။ အတိတ်ကာလ အနာဂါတ်ကာလတွေကို ထည့်မစဉ်းစားဖြစ်ခဲ့ပါဘူး။

ဒီဗုဒ္ဓဝင်ကို ကြည့်ညိုဖြစ်တော့မှ "သြော်..ငါဟာ နွားကျောင်းသူအဆင့်ပဲ ရှိသေးပါလား၊ နွားပိုင်သူ၊ နွားနို့သောက်ခွင့်ရှိသူအဆင့် မရောက်သေးပါလား" ဆိုတဲ့ အတွေးက သက်ပြင်းတွေကို အကြိမ်ကြိမ်မွေးဖွားဖို့ ဖန်တီးပေးလိုက်သလိုပါပဲလေ။

× × ×

ကျမ်းကိုး

– စိနုတ္တပကာသနီ (ကြီးသဲလေးထပ်ဆရာတော်)

(မြတ်သတိ ဧပြီ၊၂၀၀၁)

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

“ဘုရားရှင်ပရိနိဗ္ဗာန်စံခါနီး၌
သာသနာကို စောင့်ရှောက်ပါမည်ဟု
သိကြားမင်းဝန်ခံခဲ့သည်။
ဤသို့ဝန်ခံခဲ့ပါလျက်
ယခုအခါသာသနာတော်ကို
ဆောင်ရွက်နေသောငါတို့အား
မစောင့်ရှောက်သောကြောင့်
သိကြားမင်းသေကြောင်း သိရပေသည်။
ထို့ကြောင့်
ဤစည်ကိုတီးရခြင်းဖြစ်ပါသည်။

(အရှင်ဇေမာစာရ)

http://www.dhammadownload.com

# ရှေးစကားတို့ရဲ့ မြစ်ဖျား(၉)

မြန်မာ့ရာဇဝင်ဇာတ်ခုံပေါ်မှာ အပြုအမူမျိုးစုံ၊ အပြောအဆိုမျိုးစုံ၊ အတွေးအခေါ်မျိုးစုံနဲ့ မင်းများစွာပြုမူလှုပ်ရှားသွားခဲ့ကြပါတယ်။ ပရိသတ်အားကျတဲ့မင်း၊ ပရိသတ်နှစ်သက်တဲ့မင်း၊ ပရိသတ်တသသဖြစ်ကျန်ရစ်တဲ့မင်းတွေရှိခဲ့သလို ပရိသတ်စက်ဆုပ်တဲ့မင်း၊ ပရိသတ်မသတီတဲ့မင်း၊ ပရိသတ်အားမရတဲ့မင်းတွေလည်း ရှိခဲ့ပါတယ်။ အဲဒီအထဲက ပရိသတ်အားကျတဲ့မင်း၊ ပရိသတ်နှစ်သက်တဲ့မင်း၊ ပရိသတ် တသသဖြစ်ကျန်ရစ်တဲ့မင်းတွေကို ခေတ်အဆက်ဆက် ပရိသတ်တွေက မင်းကောင်း မင်းမြတ်တွေ အဖြစ် ကမ္ပည်းတင်ခဲ့ကြပါတယ်။

ဒီနေရာမှာ ပရိသတ်က မင်းကောင်းမင်းမြတ်အဖြစ် ကမ္ပည်းတင်တဲ့နေရာမှာ 'စံ' များစွာထဲက မဖြစ်မနေပါရတဲ့ 'စံ' တစ်ခု ရှိပါတယ်။ အဲဒါကတော့ 'ဒီမင်းဟာ

http://www.dhammadownload.com



သာသနာရေး ဘယ်လောက်အားပေးသလဲ၊ ပြီးတော့ တစ်ဆင့်တက်တွေးပြီး စစ်မှန်တဲ့သာသနာရေးကိုလား'၊ ဒါ မဖြစ်မနေထားရတဲ့စံပါ၊ ဘာဖြစ်လို့ ဒီစံထားရသလဲဆိုတော့ မြန်မာ့ယဉ်ကျေးမှုအခြေခံ အုတ်မြစ်တွေဟာ ထေရဝါဒဗုဒ္ဓ စာပေတွေ ဖြစ်နေလို့ပါပဲ။

အင်းဝခေတ်မှာ ထူးခြားတဲ့မင်းတစ်ပါး ပေါ်ထွန်း ခဲ့ပါတယ်။ အဲဒီမင်းကတော့ မင်းကြီးစွာစော်ကဲဆိုတဲ့မင်းပါ။ မင်းကြီးစွာစော်ကဲအကြောင်းက ရာဇဝင်မှာ သင်ဖူးထား ကြတာများလို့ အထူးပြောစရာမလိုတော့ပါဘူး၊ ပြောချင် တာက မင်းကြီးစွာစော်ကဲနဲ့ သာသနာရေးပါ၊ မင်းကြီးစွာ အင်းဝဘုရင်ဖြစ်လာတော့ ငယ်ဆရာဖြစ်တဲ့ ရခိုင်ဘုန်းကြီး ကို "မဟာသံဃရာဇာ" ဆိုတဲ့ ဘွဲ့တံဆိပ်ကပ်ပြီး မင်းဆရာ အဖြစ် ကိုးကွယ်ထားပါတယ်။ "မဟာသံဃရာဇာ" ဘွဲ့ တံဆိပ်ရပုံက ဒီလိုပါ။

မင်းကြီးစွာစော်ကဲအပါအဝင် မင်းသားငယ် သုံးပါးကို ငယ်စဉ်က ရခိုင်ဘုန်းကြီးက စာသင်ပေးခဲ့ရ ပါတယ်။ ရခိုင်ဘုန်းကြီးက မင်းကြီးစွာစော်ကဲ မင်းဖြစ်မယ့် အရေးကို ငယ်စဉ်ကတည်းကသိခဲ့တယ်လို့ ဆိုပါတယ်။ ဘုန်းကံအလျောက် မင်းကြီးစွာ အင်းဝဘုရင်ဖြစ်တဲ့အခါ ငယ်ဆရာဘုန်းကြီးကို မေ့နေခဲ့ပါတယ်။ ဒီတော့ ဆရာ ဘုန်းကြီးက နှလုံးမသာမယာဖြစ်ပြီး 'ဘုန်းကြီးလို့ အသက် ရှည်လိုသော် အနောက်တောင်ထောင့်၌ စည်းခုံတည်လေ'လို့

http://www.dhammadownload.com



သတိရစေဖို့ အမှာလွှတ်လိုက်ပါတယ်။ မင်းကြီးစွာလဲ ဆရာဘုန်းကြီးမှာတဲ့အတိုင်း ရွှေစည်းခုံတည်ဖို့စီစဉ်ပါတယ်။

ဒီနေရာမှာ သမိုင်းကြောင်းတစ်ခုကဝင်လာပါတယ်။ ဘာလဲဆိုတော့ ဘုရားတည်မယ့်နေရာရဲ့ ကျောက်ဆောင်အနီးမှာ ရှေးကမုဒ္ဒေါဘုရားရှိခဲ့ဖူးပြီး ရေတိုက်စားလို့ ဓာတ်တော်ကြုတ် ရေဝတီမြစ်ထဲ ကျသွားခဲ့ပါတယ်။ ရေဝတီမြစ်ထဲကျသွားတဲ့ ဓာတ်တော်ကြုတ်ကို ရေပထနဂါးမင်းက သိမ်းဆည်း ကိုးကွယ်ထားခဲ့တယ်လို့ ဆိုပါတယ်။ ရွှေစည်းခုံဘုရား တည်မယ့်သတင်းကြားတော့မှ နဂါးမင်းကဒါဋ္ဌာနာဂမထေရ်ကို ဓာတ်တော်ကြုတ်နဲ့တကွ ဓာတ်တော်ငါးဆူကို လာပြီးပေးအပ်ပါတယ်။ မထေရ်ကလဲ ရလာတဲ့ဓာတ်တော်ငါးဆူကို မင်းကြီးစွာကို ဆက်ကပ်လိုက်ပါတယ်။ ဓာတ်တော်ငါးဆူထဲက နှစ်ဆူကို မူလမုဒ္ဒေါဘုရားမှာဌာပနာပြီး သုံးဆူကိုတော့ တည်ဆဲရွှေစည်းခုံမှာ ဌာပနာပါတယ်။

အဲဒီရွှေစည်းခုံတည်စဉ်မှာပဲ အင်းဝတစ်မြို့လုံး အုတ်အုတ်ကျက်ကျက်နဲ့ အထိတ်တလန့် ဖြစ်ကုန်ကြပါတယ်။ ဒီသတင်းကြားရတော့ ရခိုင်ဘုန်းကြီးက အင်းဝကို ကြွလာပြီး ကုက္ကိုပြင်, ဆင်ကျုံး, မော်ကွန်း, သရပါတ်ခါး, ရတနာ့ဂူတွေကို ရွှေစည်းခုံနဲ့တစ်ပြိုင်နက် တည်ပေးလိုက်မှ ထိပ်လန့်မှုတွေ ရပ်သွားခဲ့တယ်လို့ဆိုပါတယ်။ ဒါတွေကတော့ သူတို့အချင်းအချင်းသာ နားလည်နိုင်မယ့် လောကီ

http://www.dhammadownload.com



ပညာရပ်တွေထင်ပါတယ်။ ဒီတော့မှ မင်းကြီးစွာက ငယ်ဆရာဘုန်းကြီးကို ပူဇော်သက္ကာရတွေပေးပြီး "မဟာသံဃာ့ရာဇာ"ဆိုတဲ့ဘွဲ့ကို တစ်ခါတည်း ဆက်ကပ်လိုက်ပါတယ်။

ခေတ်အဆက်ဆက် မြန်မာ့ရာဇဝင်မှာကလဲ စာပေပရိယတ္တိကျွမ်းကျင်ပြီး ထေရဝါဒလမ်းကြောင်းအတိုင်း လျှောက်ခဲ့ကြတဲ့ ရဟန်းတော်တွေကတစ်ဖက်၊ စာပေပရိယတ္တိအားနည်းပြီး လောကီပညာတွေဖြစ်တဲ့ အင်းအိုင်မန္တန်တွေကို လိုက်စားတဲ့ရဟန်းတွေက တစ်ဖက်၊ အဲဒီလို လမ်းကြောင်းမတူတဲ့ ဟိုဖက်ဒီဖက် နှစ်ဖက် အားပြိုင်ခဲ့ကြတဲ့ သာဓကတွေ ရှိခဲ့ဖူးပါတယ်။ အားပြိုင်ပြီဆိုကတည်းက တစ်ဖက်နဲ့တစ်ဖက် အားသာချက် အားနည်းချက်တွေနဲ့ လွန်ဆွဲခဲ့ကြမှာတော့ သေချာပါတယ်။ ဘယ်လောက်ပဲအားပြိုင်မှုတွေနဲ့ လွန်ဆွဲမှုတွေ ရှိခဲ့ ရှိခဲ့၊ ဓမ္မလမ်းကြောင်းက အဓမ္မလမ်းကြောင်း မဖြစ်နိုင်သလို၊ အဓမ္မလမ်းကြောင်းကလဲ ဓမ္မလမ်းကြောင်း မဖြစ်နိုင်ခဲ့ပါဘူး။ နောင်မှာ သမိုင်းကပဲစကားပြောသွားလေ့ရှိပါတယ်။

စောစောကပြောခဲ့တဲ့ 'မဟာသံဃရာဇာ'ဘွဲ့ရတဲ့ ဘုန်းကြီးက သာသနာရေးရာကိစ္စတွေကို သူကပဲ ကိုင်တွယ်ဖြေရှင်းပေးနေတယ်လို့ဆိုပါတယ်။ မင်းကြီးစွာကိုယ်တိုင်ကလဲ သာသနာရေးကိစ္စတွေကို သူ့ဘုန်းကြီးကိုပဲ တိုင်ပင်ပြီးလုပ်လေ့ရှိပါတယ်။ အဲဒီလိုထေရဝါဒအပြင်ဘက်က

http://www.dhammadownload.com



ဘုန်းကြီးက သာသနာပိုင်တက်ဖြစ်ပြီး သာသနာရေးရာတွေကို ကိုင်တွယ်နေတော့ ပရိယတ္တိကျွမ်းကျင်တဲ့ ထေရဝါဒီရဟန်းတော်တွေအတွက် အခက်တွေ့ကုန်ကြတာပေါ့။

ဒီအခက်အခဲကို ဘယ်သူကဖြေရှင်းပေးလိုက်သလဲဆိုတော့ မနာပြင်ငါးဆူရပ်မှာနေတဲ့ အရှင်ခေမာစာရဆိုတဲ့ ရဟန်းတော်က ဖြေရှင်းပေးလိုက်ပါတယ်။ အရှင်ခေမာစာရဆိုတာကစာပေပရိယတ္တိကျွမ်းကျင်တဲ့ ထေရဝါဒီရဟန်းတော်တစ်ပါးပါ၊ သူကဘယ်လိုဖြေရှင်းပေး လိုက်လဲဆိုတော့ .....

တစ်ည ညဥ့်နှစ်နာရီကျော်လောက်မှာ အချက်ပေါင်းများစွာ စည်တီးလိုက်ပါတယ်။ အရှင်ခေမာစာရ တီးလိုက်တဲ့စည်သံဟာ မင်းနန်းတော်အထိ လွှမ်းသွားပါတယ်။ ဒီတော့မင်းကြီးစွာက 'ဒီစည်သံဟာ ရဟန်းတစ်ပါးပါးပျံတော်မူလို့ တီးတာဖြစ်လိမ့်မယ်၊ ဘယ်ရဟန်းပျံတော်မူတယ်ဆိုတာ သွားစုံစမ်းချေ' ဆိုပြီး အမတ်တွေကို စုံစမ်းခိုင်းလိုက်ပါတယ်၊ အမတ်တွေလဲ အရှင်ခေမာစာရဆီ ရောက်လာကြပါတယ်၊ အရှင်ခေမာစာရကလဲ ရောက်လာမယ်မှန်းသိလို့ စောင့်နေဟန်ထင်ပါတယ်။

"စည်တီးတာအရှင်ဘုရားလား"

"ဟုတ်ပေသည်"

"ခုဘယ်ရဟန်းပျံတော်မူ၍ စည်တီးသနည်း"

"ဘယ်ရဟန်းပုဂ္ဂိုလ်မျှ ပျံတော်မူခြင်းမရှိ၊ ဤစည်တီးခြင်းကား တာဝတိံသာနတ်ပြည်မှသိကြားမင်းသေ၍

http://www.dhammadownload.com



တီးခြင်းဖြစ်သည်"

"အရှင်ဘုရားက သိကြားမင်းသေကြောင်းကို အဘယ်ကြောင့်သိသနည်း"

**"ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီး၌ သာသနာကို စောင့်ရှောက်ပါမည်ဟု သိကြားမင်းဝန်ခံခဲ့သည်။ ဤသို့ဝန်ခံပါလျက် ယခုအခါသာသနာကို ဆောင်ရွက်နေသောငါတို့အား မစောင့်ရှောက်သောကြောင့် သိကြားမင်းသေကြောင်း သိရပေသည်။ ထို့ကြောင့် ဤစည်ကိုတီးရခြင်း ဖြစ်ပါသည်။"**

အရှင်ခေမာစာရဆီက အဖြေစကားကြားရတော့ အမတ်တွေကလဲ ကြားရတဲ့အတိုင်း မင်းကြီးစွာကို ပြန်လျှောက်ကြပါတယ်။ မင်းကြီးစွာကလဲ အသိဉာဏ်ရှိတဲ့ မင်းဆိုတော့ အရှင်ခေမာစာရရဲ့ ဆိုလိုချက်ကို ချက်ချင်း သဘောပေါက်လိုက်ပါတယ်။ ဒါကြောင့် မင်းကြီးစွာက အရှင်ခေမာစာရအပါအဝင် ပရိယတ္တိကျွမ်းကျင်တဲ့ ထေရဝါဒီ ရဟန်းတော်တွေကိုလည်း ကျောင်းဆောင်တွေဆောက်လုပ်လှူပြီး ပူဇော်သက္ကာရပြုခဲ့ပါတယ်။ ပြီးတော့ ရွှေစည်းခုံနဲ့ သိမ်သမုတ်ပွဲကိုလည်း အရှင်ခေမာစာရတို့လို ပရိယတ္တိ ကျွမ်းကျင်တဲ့ရဟန်းတော်တွေနဲ့ သမုတ်စေခဲ့ပါတယ်။ ဒါကြောင့် အင်းဝခေတ် စာမျက်နှာမှာ မင်းကြီးစွာစော်ကဲ မင်းကောင်းမင်းမြတ်အဖြစ် စာရင်းဝင်ခဲ့တာဟာလဲ အရှင်ခေမာစာရရဲ့ စည်တီးမှုတစ်စိတ်တစ်ဒေသက ကျေးဇူးပြုခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

http://www.dhammadownload.com



တကယ်တော့ အရှင်ခေမာစာရက သိကြားမင်းသေလို့ဆိုပြီး စည်တီးခဲ့ပေမယ့် မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံခါနီး သိကြားမင်းကို သာသနာတော်စောင့်ရှောက်ဖို့မမှာခဲ့သလို သိကြားမင်းကလည်း သာသနာတော်ကို စောင့်ရှောက်ပါမယ်လို့ ဝန်ခံကတိမပေးခဲ့ပါဘူး။ 'ဘုရားသာသနာ သိကြားစောင့်ရှောက်တယ်' ဆိုတဲ့စကားဟာ အမှန်မဟုတ်တဲ့ လောကပြောစဉ်တစ်ခုပါ။ ဒီပြောစဉ်ကို အခြေတည်ပြီး အရှင်ခေမာစာရက စည်တီးခဲ့တာပါ။

ဘာပဲပြောပြော အရှင်ခေမာစာရ တီးခဲ့တဲ့ စည်သံဟာ အင်းဝခေတ်ဇာတ်ခုံကို ကြည့်မိတိုင်း ကြားနေရဆဲပါ။ တကယ်လို့များ ခေတ်တစ်ခေတ်ရဲ့ ဇာတ်ခုံထက်မှာ အရှင်ခေမာစာရလို ဇာတ်ဆောင်တစ်ဦးအနေနဲ့ စည်တီးဖို့ အခွင့်ကြုံလာခဲ့ရင် တီးဖြစ်အောင် တီးလိုက်ဖို့ပါပဲ။ မိမိတီးလိုက်တဲ့ စည်သံဟာ နှောင်းခေတ် အဆက်ဆက်ထိ ကြားနေမှာဟော့ သေချာပါတယ်။

× × ×

ကျမ်းကိုး –
(၁) သာသနာလင်္ကာရစာတမ်း (မဟာဓမ္မသင်္ကြံ)
(၂) ရတနာစာပေ (ရှဝေထွန်း)
[မြတ်သတိ မေ၊၂၀၀၁]

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

'ဤမျှလောက်သောစည်းစိမ်သည်
ငါတို့ ရေအိမ်တစ်ခါတက်ကိုမျှမတန်လေ။
ရေအိမ်တစ်ခါတက်လျှင်ပင်
အသုဘကမ္မဋ္ဌာန်းကို များစွာပွားသည်
မဟုတ်တုံလော'

(နန်းကျောင်းဆရာတော်)

http://www.dhammadownload.com

# ရွှေစကားတို့ရဲ့ မြစ်ဖျား(၁၀)

နန်းကျောင်းဆရာတော်ဆိုတဲ့နာမည်ကို ငယ်စဉ်ကတည်းကကို ရင်းနှီးခဲ့ပါတယ်။ ဘယ်ဖြစ်လို့လဲဆိုတော့ ငယ်ငယ်က သဒ္ဒါစသင်ရတော့ နန်းကျောင်းဆရာတော်ရေးတဲ့ နန်းကျောင်းမှု သဒ္ဒါကြီးနိဿယနဲ့ သင်ခဲ့ရတာကိုး။ အဲဒီကာလတုန်းက နန်းကျောင်းဆရာတော်ဆိုတာ သဒ္ဒါကြီးနိဿယရေးတဲ့ဆရာတော်ပဲ ဆိုတာလောက်သာ သိခဲ့ရပါတယ်။ ဒီထက်ပိုပြီး မသိခဲ့ရပါဘူး။ နောင်အခါ ဝါသနာအလျောက် သာသနာဝင်ကျမ်းတွေဖတ်ဖြစ်တော့မှပဲ နန်းကျောင်းဆရာတော်အကြောင်းကို သေချာသိရတော့တာပါ။ နန်းကျောင်းဆရာတော်က သဒ္ဒါကြီးနိဿယအပြင် တခြားကျမ်းများစွာကိုလည်း ပြုစုခဲ့ပါတယ်။ ဒါပေမယ့် တခြားကျမ်းစာတွေက ဒီနေ့ခေတ်မှာအသုံးပြုတာ သိပ်ပြီး မတွေ့ရတော့ပါဘူး။သဒ္ဒါကြီးနိဿယကတော့ ဒီနေ့

http://www.dhammadownload.com



မျက်မှောက်ခေတ်အထိ စာချဆရာတော်တွေ၊ စာသင်သား တွေ တွင်တွင်ကျယ်ကျယ် သုံးနေရဆဲပါ။

သမိုင်းကြောင်းလိပ်ပတ်လည်သွားအောင် ရှေ့ပိုင်း သမိုင်းဖြစ်စဉ်ကိုပါ နည်းနည်းထည့်ပြောပါရစေဦး။ အင်းဝ နေပြည်တော်မှာထီးနန်းစိုက်နေတဲ့ သာလွန်မင်းတရားကြီးက စစ်ကိုင်းမှာ ရာဇမဏိစူဠအမည်ရတဲ့ ကောင်းမှုတော် ဘုရားကြီး တည်တော်မူပါတယ်။ တည်တော်မူပုံက သရေ ခေတ္တရာ ဒွတ္တဘောင်မင်းကြီးကောင်းမှုတော်ခြောက်ဆူထဲက သရမာစေတီပုံကိုအတုယူပြီး တည်တာပါ။ ပြီးတော့ စေတီရဲ့ အရှေ့ အနောက် တောင် မြောက်မှာလည်း ကျောင်းတိုက်ကြီး လေးတိုက်ကို ဆောက်လုပ်လှူဒါန်းပြီး ရဟန်းသံဃာတော် တွေကို သီတင်းသုံးစေပါတယ်။ ဒါပေမယ့် သာလွန်မင်း တရားကြီးက စေတီတော်ကြီးရေစက်မချသေးခင်မှာဘဲ နတ်ရွာစံခဲ့ပါတယ်။ ဒါကြောင့် ဖခင်ရဲ့အရိုက်အရာကို သားတော် မင်းရဲရန္တမိတ်က (၁၀၁၀) ခုနှစ်မှာ ဆက်ခံခဲ့ ပါတယ်။ ခမည်းတော်လက်ထက်မှာ မပြီးပြတ်သေးတဲ့ ကောင်းမှုအရပ်ရပ်ကို ပြီးပြတ်အောင် ဆက်ပြီးဆောင်ရွက်ခဲ့ ပါတယ်။

နန်းသက်ရှည်ဇာတာ ပါမလာလို့လားမသိပါဘူး။ ၁၀၂၃–ခုနှစ်မှာ 'စစ်ကိုင်းသောတာပန်နတ်ကြီး (၉၆)ပါး ပြောင်းသွားတော့မည်'ဆိုတဲ့ ကောလဟာလတပေါင်တွေ ပေါ်လာပြီး မကြာမီမှာပဲ တရုတ်စစ်တွေရောက်လာပါတယ်။

http://www.dhammadownload.com



ပြည်သူပြည်သားတွေ အထိတ်တလန့်ဖြစ်၊ ရဟန်း သံဃာတော်တွေ ထိပါးပုတ်ခံရနဲ့ တိုင်းပြည်လည်း မငြိမ်မသက်ဖြစ်သွားပါတယ်။ ဒါကြောင့် ညီတော်ပြည်မင်းသားက တိုင်းသူပြည်သားတွေနဲ့တိုင်ပင်ပြီး ထီးနန်းကို သိမ်းယူလိုက်ပါတယ်။

နန်းတက်တက်ချင်းပဲ ပရိယတ္တိ၊ ပဋိပတ္တိနဲ့ ထင်ရှားကျော်ကြားတဲ့ဆရာတော်တွေကိုပင့်ပြီး နန်းတော်ထဲမှာ ဆွမ်းကပ်ပါတယ်။ ဆွမ်းစားပြီးတော့ ဆရာတော်တွေက အနုမောဒနာတရားဟော၊ တရားဆုံးလို့ သာဓုခေါ်အပြီးမှာ ပြည်မင်းက 'တပည့်တော်သည် အလိုမရှိဘဲလျက် အမှုူးအမတ်အမှုထမ်း သူရဲသူခက်တို့က ကျွန်တော်တို့ကိုးကွယ်ရာမရှိပြီဟူ၍ အကြိမ်ကြိမ်လျှောက်ထားသောကြောင့် သံဃာအားကို ဘုရားမဆန်နိုင်ဆိုသကဲ့သို့ တပည့်တော် မင်းပြုရပါသည်'လို့ လျှောက်ပါတယ်။ ဒီတော့ တခြားဆရာတော်တွေက 'ကြံသော်လည်း ကံမရှိက မဖြစ်ရာ၊ မကြံသော်လည်း ကံကြီးကဖြစ်ရာသည်'လို့ အလိုက်အထိုက်ပြန်မိန့်ကြပါတယ်။နန်းကျောင်းဆရာတော်ကတော့ ချက်ချင်းဆိုသလိုပဲ 'ငါတို့အရာမဟုတ်၊ ညီတော် နောင်တော်နှစ်ပါး ဟုတ်၊မဟုတ် အောက်အဝီစိရောက်မှ ငြင်းခုံကြပါလေ'လို့ မိန့်တော်မူလိုက်ပါတယ်။

ဒီစကားကြားရတော့ ပြည်မင်းက နန်းကျောင်းဆရာတော်ကို ကျိတ်ပြီးကြည်ညိုနေပါတယ်။ နှုတ်ကတော့ ဖွင့်ပြီး

http://www.dhammadownload.com



မပြောပါဘူး။ 'ငါ့အတွက် အထူးကိုးကွယ်ရာတစ်ပါးပေပဲ' ဆိုပြီး ရင်ထဲကပဲ အာရုံပြုထားလိုက်ပါတယ်။ အဲဒီ ကာလတုန်းက ဆရာတော်က မြောက်နန်းကျောင်းဆရာတော် ဆိုတဲ့ အမည်မတွင်သေးပါဘူး။ ဘွဲ့ရင်းဖြစ်တဲ့ အရှင်အဂ္ဂဓမ္မာလင်္ကာရဆိုတဲ့အမည်ပဲ ရှိပါသေးတယ်။

ပြည်မင်းဘိသိတ်ခံပြီးမကြာခင်မှာ ဇာတာတော် မသန့်ဆိုပြီး သက်ငယ်ယာယီနန်းဆောက်လုပ်ပြီးအဲဒီနန်းတော်မှာပဲ ဘုံသာ၀တီသမုတ်ပြီး ခေတ္တစံနေပါတယ်။ သက်ငယ်ယာယီနန်းရဲ့ မြောက်နန်းဆောင်ကို မြောက်နန်းကျောင်းဆိုပြီး ဆောက်လုပ်ပါတယ်။ တောင်နန်းဆောင်ကို တောင်နန်းကျောင်းဆိုပြီး ဆောက်လုပ်ပါတယ်။ ပြီးတော့မှ ဟိုယခင် ရင်ထဲကကျိတ်ပြီးကြည်ညိုထားတဲ့ အရှင်အဂ္ဂဓမ္မာလင်္ကာရကို စစ်ကိုင်းအိမ်ရှေ့ကျောင်းကပင့်ပြီး မြောက်နန်းကျောင်းကို တင်လှူတော်မူပါတယ်။(တခြားကြည်ညိုရာဆရာတော်တစ်ပါးကိုလည်း တောင်နန်းကျောင်းကိုပင့်ပြီး တင်လှူပါတယ်။) ဒီအခါကျမှ နန်းကျောင်းဆရာတော်ဆိုတဲ့ အမည်တွင်သွားတာပါ။ ဆရာတော်က အဲဒီ မြောက်နန်းကျောင်းမှာပဲ ကျမ်းစာများစွာကိုရေးသွားခဲ့တယ်လို့ ဆိုပါတယ်။ နောက်ပိုင်းကာလမှာတော့ မြောက်နန်းကျောင်းဆရာတော်အမည်ထက် 'နန်းကျောင်းဆရာတော်' ဆိုတဲ့ အမည်ပဲ တွင်ကျန်ရစ်ခဲ့တာ ဒီနေ့ခေတ်အထိပါပဲ။

အဲဒီအချိန်အဲဒီကာလမှာပဲ နန်းကျောင်းဆရာတော်ရဲ့

http://www.dhammadownload.com



တပည့် နန်းကျောင်းရုံမှာနေတဲ့ အရှင်ဓိနာရာမကို အိမ်ရှေ့မင်းက တံတားဦးလယ်ပြင်အရပ်မှာ ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းပါတယ်။ နန်းကျောင်းဆရာတော်မှာ အရှင်ဂုဏဂန္ဓဆိုတဲ့တပည့်တစ်ပါးလည်း ရှိနေပါသေးတယ်။ အရှင်ဂုဏဂန္ဓက ချင်းတွင်းရွာဇာတိပါ။ အင်းဝမှာ စာသွားသင်ပြီး စာပေတတ်တော့ ဇာတိချင်းတွင်းရွာမှာပဲ ပြန်ပြီး ကျောင်းထိုင်နေပါတယ်။ ဒါပေမယ့် တောရွာဆိုတော့ ပစ္စည်းလာဘ်လာဘ ရှားပါးပြီး ဆင်းရဲငြိုငြင်စွာ သီတင်းသုံးနေရပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ နန်းကျောင်းဆရာတော်ရဲ့တပည့် အရှင်ဂုဏဂန္ဓ ချင်းတွင်းရွာမှာ ကျောင်းထိုင်နေတဲ့အချိန်၊ ချင်းတွင်းရွာက ငမောက်ဆိုသူဆီမှာ အမျက်ကျောက်ကောင်း ပတ္တမြားတစ်လုံးရှိကြောင်း သိရတော့ ဘုရင်ကတောင်းယူပါတယ်။ ဒီတော့ နန်းကျောင်းဆရာတော်က 'ချင်းတွင်းရွာမှာ အမျက်ကျောက်ကောင်းသာ ရှိတာမဟုတ်ဘူး၊ ပိဋကတ်အိုးတစ်လုံးလဲ အသုံးအဆောင်မရဘဲ ရှိနေတယ်'လို့ ဘုရင်ကို အမိန့်ရှိပါတယ်။ ပြည်ဘုရင်ကလည်း ဆရာတော့် စကားကြားတာနဲ့ အရှင်ဂုဏဂန္ဓကို တံတားဦးမှာ မှန်စီကျောင်း ဆောက်လုပ်လှူဒါန်းပေးပါတယ်။

ပြည်ဘုရင်ရဲ့တောင်းပန်ချက်ကြောင့်ပဲ 'ရာဇဝင်ချုပ်' ဆိုတဲ့ ကျမ်းကိုလည်း ပြုစုပါတယ်။ နောင်မှာတော့ 'မြောက်နန်းရာဇဝင်'ဆိုပြီး တွင်ကျန်ရစ်ခဲ့ပါတယ်။ နန်းကျောင်း

http://www.dhammadownload.com



ဆရာတော်ဟာ ကျမ်းဂန်များစွာပြုစုရင်းနဲ့ တစ်ဖက်ကလည်း စာသင်သားများစွာကို စာပေပို့ချပေးပါတယ်။ ကျန်တဲ့အချိန်တွေမှာတော့ ကမ္မဋ္ဌာန်းဘာဝနာကို ပွားများနေလေ့ရှိတယ်လို့ ဆိုပါတယ်။ နန်းကျောင်းဆရာတော်က ပဋ္ဌင်းငယ်ဘဝမှာ တောင်ဖီလာဆရာတော်ကြီးကို မီလိုက်ပါတယ်။တောင်ဖီလာဆရာတော်ဘုရားကြီးက ရဟန်းပရိသတ်စုံတဲ့ပွဲတစ်ခုမှာ 'အဂ္ဂမဟာလက်ာရတို့လည်း ငါတို့မရှိလျှင် ကျမ်းဂန်တတ်ပြုချေတော့မည်'လို့ အပျော်အပါး မိန့်တော်မူတော့ နန်းကျောင်းဆရာတော်လောင်းက 'အရှင်ဘုရားတို့မရှိလျှင် တပည့်တော်တို့အပြင် ကျမ်းတတ်ပြုရမည့်သူမရှိပြီ။ တပည့်တော်တို့ပင် ကျမ်းတက်မဟုတ်ကုန်လော'လို့ ပြန်လျှောက်ခဲ့ပါတယ်။ စကားသာခကရှိခဲ့တဲ့အတိုင်း ပြည်မင်းလက်ထက်မှာ ထင်ရှားတဲ့ ကျမ်းဂန်တတ် ဆရာတော်တစ်ပါးဖြစ်လာခဲ့ပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ ရဟန်းလူထွက်ဖြစ်တဲ့ သတိုးမင်းကြီး (အမတ်ကြီး)ဟာ မှူးမတ်အဆောင်အရွက် အခင်းအကျင်းတွေနဲ့ ကျောင်းကိုရောက်လာပါတယ်။တကယ်တော့ နန်းကျောင်းဆရာတော်ဟာလည်း ပြည်မင်းအမတ် နေမျိုးနော်ရထာရဲ့သားဖြစ်လို့ အမတ်အမျိုးအနွယ်ထဲကပါ။ သတိုးမင်းကြီးက ဆရာတော်နဲ့စကားတွေပြောရင်း ပြန်ခါနီးကျတော့ သူ့ရဲ့အခင်းအကျင်းအခြွေအရံတွေကိုပြပြီး 'အရှင်ဘုရား လူသာဖြစ်ရင် ဤမျှလောက်သော စည်းစိမ်ကို

http://www.dhammadownload.com



ရလိမ့်မည်'လို့ လျှောက်ပါတယ်။ ဒီတော့ နန်းကျောင်းဆရာတော်က –

**'ဤမျှလောက်သောစည်းစိမ်သည် ငါတို့ ရေအိမ်တစ်ခါတက်ကိုမျှမတန်လေ၊ ရေအိမ်တစ်ခါတက်လျှင်ပင် အသုဘကမ္မဋ္ဌာန်းကို များစွာပွားသည် မဟုတ်တုံလော'**လို့ ပြန်မိန့်လိုက်ပါတယ်။ သာသနာမှာ ဒီနေ့အထိ ဥဒါန်းတွင်ရစ်ခဲ့တဲ့စကားတစ်ခွန်းပါ။

ဆရာတော့်မိန့်ကြားစကားကို တစ်ဆင့်စကားနဲ့ ပြည်ဘုရင် ကြားသိရတော့ သူ့ဆရာတော်ကို ကြည်ညိုလို့မဆုံး ဖြစ်ပါသတဲ့။ 'ငါ့ဘဝမှာ ဒီလိုဆရာတော်မျိုးရှိပါလား' ဆိုပြီး အသက်ထက်ဆုံး ကြည်ညိုသွားပါသတဲ့။ နန်းကျောင်းဆရာတော်ရဲ့စကားတစ်ခွန်းဟာ ပြည်ဘုရင်အတွက် တွေးမိတိုင်း ကုသိုလ်ဇောတွေ စောဖြစ်ခဲ့ပါတယ်။ ဘာပဲ ပြောပြော ကိုယ့်ဘဝမှာ ကုသိုလ်ဇောတွေစောဖြစ်ဖို့ ဝန်းကျင်ကောင်းတစ်ခုတော့ ရှိသင့်တာအမှန်ပါပဲ။

× × ×

ကျမ်းကိုး

(၁) သာသနာလင်္ကာရစာတမ်း(မဟာဓမ္မသင်္ကြံ)

(၂) သီလဝိသောဓနီ (တတိယ နံမော်ဆရာတော်)

(၃) နန်းကျောင်းဆရာတော်(ရဝေထွန်း)

ဉာဏ်လင်းဓမ္မစာပေ၊ ၈၄–ဒီဇင်ဘာ။

[ သူရဇ္ဇ မတ်၊၂၀၀၁ ]

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

"ဥပမာ – ရောဝတီမြစ်ကြီးရှိတယ်။
ဒီမြစ်ကြီးက ကုန်းပေါ်မှာနေတဲ့သူကို
ရေနစ်အောင်မလုပ်နိုင်ပါဘူး။
မြစ်ထဲဆင်းလာတဲ့လူကိုသာ
ရေနစ်စေနိုင်တယ်။
ဒီအတိုင်းပဲ ဘေးရန်အန္တရာယ်တွေ
ရှိပေမယ့်လဲ အလုပ်ကောင်းလုပ်သူ၊
ကံကောင်းရှိသူကို ဘေးရန်အန္တရာယ်
မဖြစ်နိုင်ပါဘူး။"

(စံကင်းဆရာတော်)

http://www.dhammadownload.com

# ရွှေစကားတို့ရဲ့ မြစ်ဖျား(၁၁)

စိတ်ဝင်စားလွန်းလို့ အကြိမ်ကြိမ်ပြန်ဖတ်ဖြစ်တဲ့ ထေရုပ္ပတ္တိစာအုပ်တွေထဲမှာ စံကင်းဆရာတော်ရဲ့ ထေရုပ္ပတ္တိစာအုပ်လည်း တစ်အုပ်အပါအဝင်ပါ။ ရေးသားပြုစုတဲ့ ဆရာတော် ဦးမာနိတသိရိနဲ့ဦးနန္ဒမာလာ ဘိဝံသတို့ကလည်း အရေးကောင်းပါ။ ဒါကြောင့် ကိုယ်နဲ့နွယ်ရာနွယ်ရာတွေကိုတောင် ပေးဖတ်ဖြစ်ခဲ့ဖူးပါတယ်။ စာအုပ်က ထေရုပ္ပတ္တိစာအုပ်သက်သက်မဟုတ်ပါဘူး။ သာသနာ့သမိုင်းကြောင်းနဲ့ မြန်မာ့နိုင်ငံရေးကြောင်းတွေပါ ပူးတွဲပါနေပါတယ်။ ဘာသာရေး၊ သမိုင်းသုတေသီတွေအတွက် အဖိုးတန်စာအုပ်တစ်အုပ်ပါ။ သာသနာ့နယ်ပယ်က ထင်ရှားတဲ့ ဆရာတော်တွေ၊ နိုင်ငံရေးနယ်ပယ်က ထင်ရှားတဲ့ခေါင်းဆောင်တွေ၊ စာပေနယ်က ထင်ရှားတဲ့ စာရေးဆရာတွေ၊ နိုင်ငံခြားက ခေါင်းဆောင်တွေ စသည်ဖြင့် နယ်ပယ်စုံက ပုဂ္ဂိုလ်မျိုးတွေ၊

http://www.dhammadownload.com



ၾငင်းပုဂ္ဂိုလ်တွေနဲ့နွယ်ပြီး စံကင်းဆရာတော်မိန့်ခဲ့တဲ့သြဝါဒ တွေဟာ တစ်သက်တာ အမှတ်ရစရာတွေပါ။ အဲဒီအထဲက အချို့လောက်ကို ရွှေစကားအဖြစ် ဖော်ပြပါရစေ။

စံကင်းဆရာတော်ဆိုတာ နဝမမြောက် ရွှေကျင် သာသနာပိုင်ဆရာတော်ပါ။ ရွှေကျင်သာသနာပိုင်ဆရာတော် တွေဟာ သက်တော်ရှည်ကြတယ်လို့ အများပြောကြတဲ့ အတိုင်း စံကင်းဆရာတော်ဟာလည်း သက်တော် (၁၀၂)နှစ် အထိ သက်တော်ရှည်ခဲ့ပါတယ်။ သက်တော်ရှည်သလို အသိဉာဏ်လည်းရှည်တယ်လို့ ဆိုရပါမယ်။ ဆရာတော့် ထေရုပ္ပတ္တိစာအုပ် ဖတ်လို့ဆုံးသာသွားတယ် အသိဉာဏ်မဲ့တဲ့ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်မျိုး တစ်စက်မှ မတွေ့ရပါဘူး။ အမည်ဗျုပ္ပတ်နဲ့လိုက်အောင် စံကင်းဆရာ တော်လို့သာ ခေါ်နေကြတာ စံကင်းရွာဇာတိမဟုတ်ပါဘူး။ ဆရာတော့်ဇာတိက စစ်ကိုင်းတိုင်း လင်းယဉ်ရွာပါ။ စံကင်း ဆရာတော်လို့ အမည်တွင်ရခြင်းကတော့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးရဲ့အမိန့်အရ ခနေဖြူမြို့နယ်စံကင်းရွာကို သွားပြီး သီတင်းသုံးခဲ့လို့ စံကင်းဆရာတော်ရယ်လို့ အမည် တွင်ခဲ့တာပါ။ ပြီးတော့ ဆရာတော်က အသက် ၁၅– နှစ် အရွယ်မှာ သီပေါမင်းပါတော်မူပုံမြင်ကွင်းကို ကိုယ်တိုင် မြင်တွေ့ခဲ့ရသူပါ။ ဒါတွေကတော့ စံကင်းဆရာတော်ရဲ့ ဘဝကောက်ကြောင်းအကျဉ်းကို အရင်ပြောပြထားတာပါ။

ဟိုဘက်ကာလဆရာတော်တွေကို ဘွဲ့တံဆိပ်

http://www.dhammadownload.com



ဆက်ကပ်တာ အဂ္ဂမဟာပဏ္ဍိတဘွဲ့နဲ့ အဘိဓဇမဟာရဋ္ဌဂုရု ဆိုတဲ့ ဘွဲ့နှစ်မျိုးပဲ ဆက်ကပ်ပါတယ်။ ပြီးတော့ ဆက်ကပ်ခံရသူအပါးအရေအတွက်လည်း အလွန်နည်းပါတယ်။ သမ္မတအိမ်တော်မှာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဆက်ကပ်တာဆိုတော့ တစ်ဘွဲ့ဆို ဆိုသလောက် ရဟန်းပရိသတ်၊ လူပရိသတ် အလွန်တန်ဖိုးထားကြပါတယ်။ ဒါကြောင့် ကိုယ့်နယ်ကိုယ့်ဒေသက ဆရာတော်တစ်ပါးပါး ဘွဲ့ရပြီဆိုရင် ဂုဏ်ယူမဆုံးဖြစ်ပြီး ခြိမ့်ခြိမ့်သဲသဲ ပူဇော်ပွဲတွေ လုပ်ကြတာ တော်တော်နဲ့မပြီးနိုင်တော့ဘူးလို့ ဆိုပါတယ်။

(၁၉၅၃)ခုနှစ်မှာ စံကင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ ရမယ့်အကြောင်း သတင်းရောက်လာပါတယ်။ ဆရာတော်ကို အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ကပ်ဖို့ အဆိုပြုသူမှာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်လို့ ဆိုပါတယ်။ ဒါပေမယ့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ခံယူမယ့်ဆရာတော်ဟာ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရရှိပြီးဖြစ်ရမယ်ဆိုတဲ့မူ ရှိပါတယ်။ စံကင်းဆရာတော်က အဂ္ဂမဟာပဏ္ဍိတဘွဲ့ မရသေးပါဘူး။ဒါကြောင့် မူအရ ဘွဲ့ပေးဖို့ခက်နေပြန်ပါတယ်။နိုင်ငံတော်အကြီးအကဲနဲ့ သာသနာရေးဝန်ကြီးတို့ တိုင်ပင်ကြပါတယ်။ နောက်ဆုံး ဘယ်လိုဆုံးဖြတ်ချက်ချလိုက်ကြသလဲဆိုတော့ 'စံကင်းဆရာတော်ဆိုတာ ရွှေကျင်သာသနာပိုင်ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ကပ်မထားပေမယ့် ဆက်ကပ်ထားသလို ပညာရှိတယ်၊ ဒါကြောင့် ဆက်ကပ်သင့်တယ်'ဆိုပြီး ဘွဲ့တံဆိပ်

ဆက်ကပ်ဖို့ အတည်ပြုလိုက်ပါတယ်။ ဆရာတော့်ဆီကိုလည်း ဘွဲ့တံဆိပ်ဆက်ကပ်ခံယူဖို့ လေယာဉ်လက်မှတ် (၄) စောင်ကို တစ်ခါတည်း ပို့ပေးလိုက်တယ်လို့ ဆိုပါတယ်။

အဘိဓေယျပူဇော်ပွဲမှာ ဒကာ ဒကာမတွေ လှူဒါန်းကြတာ အချိန်တော်တော်လေးကြာသွားပါတယ်။ လှူဒါန်းမှုတွေ ပြီးသွားမှ နားနေခန်းမှာပြန်ပြီး အနားယူရပါတယ်။ ဒီလို အနားယူနေချိန်မှာ ရန်ကုန်ကျောင်းတော်ရာ သုံးထပ်ဆရာတော် ဦးသီလက္ခန္ဓ အနားရောက်လာပြီး ဝမ်းပန်းတသာနဲ့ အာလ္လာပ သလ္လာပစကားတွေပြောကြရင်း 'ရန်ကုန်မှာ ဆရာတော်ဘုရားကို အခုလို အများကသိလာကြ ကြည်ညိုလာကြတာ တပည့်တော်တို့ဂိုဏ်းကြီးလည်း ပိုပြီး အရောင်ထွက်လာနိုင်ပါတယ်ဘုရား' လို့ လျှောက်ထားပါတယ်။ ဒီတော့ ဆရာတော်က–

**'သုံးထပ်ရယ် ကိုယ့်ဘုန်းဟုတ်မထင်ပါဘူး။ ဂိုဏ်းဘုန်းပါ။ ဂိုဏ်းကပေးတဲ့ တံဆိပ်ပါ။ ဂိုဏ်းကပေးတဲ့ ဂုဏ်ထူး၊ ဂိုဏ်းကနိုင်းတဲ့တာဝန်၊ ဂိုဏ်းကပို့လို့ အခု ရန်ကုန်ရောက်လာရတာပါ။ သုံးထပ်ဆရာတော် မကြားဖူးဘူးလား၊ အညာဆီမှာ ကလေးတွေ ထန်းပလပ်ကို မြင်းသဏ္ဍာန်လုပ်ပြီး စီးကြတာလေ၊ မြင်းပြေးလေ ပင်းပန်းလေ၊ ဘုန်းကြီးတယ်ဆိုတာ ထန်းပလပ်မြင်း စီးရတာလိုပါပဲ၊ ဘုန်းကြီးလေ ပင်ပန်းလေပေါ့'လို့ ပြန်မိန့်တော်မူပါတယ်။**

'ဘုန်းကြီးတယ်ဆိုတာ ထန်းပလပ်မြင်းစီးရတာလိုပါပဲ'

http://www.dhammadownload.com



ဆိုတဲ့စကားဟာ ဆရာတော်ရဲ့ ကိုယ့်ကိုယ်ကို နှလုံးသွင်းမှန်မှန်နဲ့ အတွေးမှန်မှန်သုံးသပ်ပြတဲ့စကားပါ။ ဒီစကားဟာ အလွန်အတုယူစရာ သတိထားစရာပါ။ ဒီစကားကို သုံးထပ်ဆရာတော်က သဘောကျလွန်းလို့ အခွင့်သင့်တိုင်း တပည့်တွေကို ပြန်ပြန်ပြောပြလေ့ရှိတယ်လို့ ဆိုပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့အဖွဲ့ဟာ မန္တလေးရောက်တိုင်း ဆရာတော်ကို ဝင်ဝင်ဖူးလေ့ရှိပါတယ်။ ၁၃၂၃–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅–ရက်နေ့ညနေ ၄–နာရီမထိုးမီ ၁၅–မိနစ်လောက်အလိုမှာ သာသနာရေးဝန်ကြီးဦးဘစောနဲ့ လူထုဦးလှတို့ ဦးစွာရောက်လာပြီး သတင်းပို့ပါတယ်။ မကြာခင်မှာပဲ နိုင်ငံတော်အကြီးအကဲနဲ့အဖွဲ့ ရောက်လာကြပါတယ်။ ရောက်ရောက်ချင်းပဲ နိုင်ငံတော်အကြီးအကဲက ဆရာတော်ကို စကားစဆိုပါတယ်။

'ဆရာတော်ဘုရားကြီး နေကောင်းပါရဲ့လား'

'အင်း–ကောင်းပါရဲ့။ အခု ၉၂–နှစ်ထဲ ရောက်လာပြီ။ ဆရာဝန်မခေါ်ရဘူး။ နတ်တော်လက ၉၂–နှစ်ထဲ ရောက်လာတာ၊ စားနေကျဆေးများလည်း စားနေတယ်'

'ဗီတာမင်ဆေးများဟာ အဖျားရောဂါတို့ ဘာတို့ မဖြစ်အောင် ကာကွယ်နိုင်ပါတယ်ဘုရား၊ အဲဒါ ဘုဉ်းပေးရင် သင့်တော်ပါတယ် ဘုရား'

'အဲဒီ ဗီတာမင်ဆေးလည်း တစ်နေ့ ၂–လုံးစားပါရဲ့။ ကံ စိတ် ဥတု အာဟာရ လေးမျိုးအနက် ကံဟောင်းကို

http://www.dhammadownload.com



မပြုပြင်နိုင်ပေမယ့် ကံသစ်ကိုတော့ ပြုပြင်ကြရတယ်။ စိတ်လည်း ထို့အတူပဲ ငယ်ငယ်တုန်းက စိတ်တွေ အသက်ကြီးလာတော့ ကောင်းအောင်ပြုပြင်နိုင်တယ်။ ဥတု အာဟာရတို့က ပိုထင်ရှားတယ်။ ဒကာကြီးတို့ ကိစ္စအမျိုးမျိုး ဆောင်ရွက်နေနိုင်တာ ကျန်းမာလို့ဖြစ်မှာပေါ့။

**တစ်ခါတစ်ခါ စဉ်းစားကြည့်မိတယ်။ ကံတရားဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့လူတွေ တစ်ယောက်နဲ့တစ်ယောက် မတူအောင်စီမံထားတယ်။ တူတဲ့နေရာတူပေမယ့် မတူတဲ့ အရာတွေကလည်း အများကြီးရှိတယ်။ ဒါကြောင့် မြတ်စွာဘုရားက (ကမ္မံသတ္တေ ဝိဘဇတိ)လို့ ဟောတော်မူတာပဲ။ မိမိကိုယ်ကို မကောင်းအောင်လုပ်တာဘယ်သူလဲ၊ မိမိအလုပ်ကိစ္စ မိမိကံပဲ။ ဘေးရန်အန္တရာယ်ဖြစ်အောင် ဘယ်သူလုပ်သလဲ မိမိကံလုပ်တာပဲ။ ဥပမာ ဧရာဝတီမြစ်ကြီးရှိတယ်။ ဒီမြစ်ကြီးက ကုန်းပေါ်မှာနေတဲ့လူကို ရေနစ်အောင်မလုပ်နိုင်ပါဘူး။ မြစ်ထဲဆင်းတဲ့လူကိုသာ ရေနစ်စေနိုင်တယ်။ ဒီအတိုင်းပဲ ဘေးရန်အန္တရာယ်တွေရှိပေမယ့်လည်း အလုပ်ကောင်းလုပ်သူ၊ ကံကောင်းရှိသူကို ဘေးရန်အန္တရာယ် မဖြစ်နိုင်ပါဘူး။ ဒါကြောင့် မကောင်းကျိုးကိုဖြစ်စေတတ်တဲ့ မိမိရဲ့ကံညံ့ကံယုတ်ကိုသာ ကြောက်စရာလိုတယ်။ ဘေးရန်အန္တရာယ်တွေကို ကြောက်စရာမလိုဘူး'**

'ဂြိုဟ်တွေပူးတာနဲ့ ဘေးဥပဒ်ဖြစ်ပါသလားဘုရား'

'ဂြိုဟ်တွေပူးပူး မပူးပူး ဇာတိ ဇရာ မရဏစတဲ့ သံသရာ

http://www.dhammadownload.com



ဘေးရန်တွေ သတ္တဝါတိုင်း တွေ့နေကြရတယ်။ သံသရာကျင်လည်ခိုက်မှာ မကောင်းကံပါလာလို့ ကပ်ကြီးသုံးပါးတွေ့ကြရ သံသရာဒုက္ခ ခံကြရတယ်'

'ငြိုပြော်ကြီးရှစ်လုံးပူးတာနဲ့ သတ္တဝါတွေ ဘေးဥပဒ်ဖြစ်နိုင်တယ်ဆိုတာ မှန်ပါသလားဘုရား'

'ခုနကပြောခဲ့တဲ့အဓိပ္ပါယ်ပါပဲ။ ဘေးရန်တွေက မိမိမှာလာဖြစ်တာမဟုတ်ပါဘူး။ ကိုယ့်ရဲ့မကောင်းတဲ့စိတ်ကြောင့်မကောင်းတဲ့အကျိုးတွေဖြစ်ကြရတာ။ အမှန်ကတော့ ကိုယ့်ရဲ့စိတ်ပါပဲ။ အတိတ်နိမိတ်ဆိုတာကတော့ တစ်ခါတစ်ရံရှိတတ်ပါရဲ့။ ငရဲကြီးရှစ်ထပ်ရှိပေမယ့် ငရဲကြီးရှစ်ထပ်ကဘယ်သူ့ကိုမှလာမခေါ်ပါဘူး။ ကိုယ့်ရဲ့မကောင်းတဲ့စိတ်ကသာ ငရဲကြီးရှစ်ထပ်ရှိရာကို ခေါ်သွားနိုင်တယ်'

ဆရာတော်နဲ့ နိုင်ငံတော်အကြီးအကဲတို့ပြောခဲ့တဲ့စကားတွေထဲကစကားတချို့ပါ။ တခြား ဘာသာရေး သာသနာရေးတိုင်းပြည်အရေးတွေကိုပြောပြီး ပြန်သွားကြပါတယ်။

ဆရာတော့်အကြောင်းရေးရင် မဖြစ်မနေပါရမယ့်အဖြစ်အပျက်တစ်ခုရှိပါတယ်။ အဲဒါ ဘာလဲဆိုတော့ဆရာတော့်ဇာတာကြည့်ပြီး အာယုဒသာဖြတ်ကြတာပါ။ မန္တလေးက ဗေဒင်ကျော်ပညာရှိကြီးတွေ အောက်ပါအတိုင်းဖြတ်ကြပါတယ်။

ညောင်ကန်နည်းအရ (၈၇)နှစ်၊ (၅)လ၊ (၂၅)ရက်၊ (၉)နာရီ။

http://www.dhammadownload.com



ဝွေချိုနည်းအရ (၉၇)နှစ်၊ (၇)လ၊ (၁၃)ရက်၊ (၈)နာရီ။
အပရေဝါဒအရ (၁၀၅)နှစ်၊ (၅)လ၊ (၂၅)ရက်၊ (၉)နာရီ။

ဒီလိုနဲ့ ဆရာတော် သက်တော်(၉၇)နှစ်ကျော်သွားပြီး အထက်နည်းတွေလွဲသွားချိန်မှာ ဆရာတော်ကြီးကဒီသတင်း ကြားတော့–

'သူတို့က ငယ်ငယ်တုန်းကဇာတာကိုကြည့်ပြီးဟောကြတာကိုး၊ တို့က ငယ်ငယ်တုန်းကလိုမှမဟုတ်ဘဲနဲ့၊ အခု လုပ်နေတဲ့အလုပ်ကြည့်ပြီးဟောမှ မှန်တော့မပေါ့'လို့ မိန့်တော်မူ' ပါတယ်။ ဒါပေမယ့် ဗေဒင်သုံးနည်းလုံး လွဲသွားခဲ့ပါတယ်။ နီးစပ်မှုတောင်မရှိခဲ့ပါဘူး။ဘာဖြစ်လို့လဲဆိုတော့ ဆရာတော်က သက်တော် (၁၀၂)နှစ်မှာ ပျံလွန်တော်မူသွားလို့ပါ။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ရင်းလည်းရင်းနှီး၊ ဗေဒင်လည်း ကျွမ်းကျင်တဲ့ဘုန်းကြီးတစ်ပါးကိုမေးကြည့်တော့ သီလ သမာဓိ ပညာ စရဏာတွေနဲ့ပြည့်စုံနေတဲ့ဘုန်းကြီးကို ဗေဒင် ဟောရင် မှန်ဖို့ခဲယဉ်းတယ်လို့ ဆိုပါတယ်။ တကယ်တော့ ဆရာတော်ဖြစ်စဉ်ဟာ နောင်းလူတွေအတွက် အသိပွားစရာနဲ့ သတိထားစရာတွေ ကောင်းလှတယ်လို့ပဲ ဆိုလိုက် ပါရစေ တော့။

× × ×

<u>ကျမ်းကိုး</u>

<u>(၁) စံကင်းဆရာတော် ထေရုပ္ပတ္တိ</u>

<u>(ဦးမာနိတသိရိ၊ ဦးနန္ဒမာလာဘိဝံသ)</u>

<u>သုရဇ္ဇ ၊ မေ-၂၀၀၁</u>

http://www.dhammadownload.com



http://www.dhammadownload.com

‘ဤသင်္ကန်းသည်
ငါ့ရှင်ကို ငါပူဇော်သည်မဟုတ်၊
ငါ့ရှင်ရဲ့ဂုဏ်ကိုသာပူဇော်ခြင်းဖြစ်တယ်”

(မဏိသာရမဉ္ဇူသာဋီကာ
ကျမ်းပြုဆရာတော်)

http://www.dhammadownload.com

# ရွှေစကားတို့ရဲ့ မြစ်ဖျား(၁၂)

ရှေးရှေးကျမ်းစာတွေမှာ စိတ်ဝင်စားဖို့ကောင်းတဲ့ နောက်ခံသမိုင်းကြောင်းတချို့ ရှိတတ်ပါတယ်။ အတုယူစရာ အားကျစရာ ကြည်ညိုစရာတွေပေါ့။ အခုပြောပြချင်တဲ့ ကျမ်းတစ်ကျမ်းရဲ့သမိုင်းကြောင်းကတော့ အင်းဝခေတ်မှာ ပေါ်ထွန်းခဲ့တဲ့ ကျမ်းတစ်ကျမ်းအကြောင်းပါ။ ကျမ်းပြုစုသူက အရှင်မဟာအရိယဝံသမထေရ်၊ ကျမ်းစာအမည်က မဏိသာရမဉ္ဇူသာဋီကာ ဆိုတဲ့ကျမ်းပါ။ တကယ်ဆို ကျမ်းစာရေးသားမှုအားကောင်းခဲ့တဲ့ အင်းဝခေတ်မှာ ပေါ်ထွန်းခဲ့တဲ့ စာတတ်ရဟန်းတော်တစ်ပါးအနေနဲ့ ကျမ်းစာရေးဖြစ်တာ သိပ်တော့မထူးခြားလှပါဘူး။ ဒါပေမယ့် ထူးခြားတာက ကျမ်းစာဖြစ်ပေါ်လာပုံသမိုင်းကြောင်းပါ။အဲဒီ သမိုင်းကြောင်းလေးကို ပြောပြချင်လို့ ရွှေစကားတို့ရဲ့မြစ်ဖျား ကဏ္ဍမှာ ထည့်လိုက်ရတာပါ။

အရှင်အရိယဝံသက ပင်းယမြို့ စကားကျောင်းမှာ စာသင်နေပါတယ်။ စာဘယ်လောက်အထိ နှုတ်တက် အာဂုံ

http://www.dhammadownload.com



ဆောင်နိုင်ပြီလဲဆိုရင် မိန်းမကိုယ်ဝန်ဆောင်တစ်ရွက်ခန့် လောက် ပါဠိကျမ်းဂန်တွေကို အာဂုံဆောင်နိုင်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အရှင်အရိယဝံသက ကိုယ့်ကိုယ်ကို 'စာတတ်သည် ကျမ်းဂန်တတ်သည်'ဆိုတဲ့သဘောကို မသိ သေးဘူးလို့ ခံယူထားပါတယ်။ ဒါကြောင့် စစ်ကိုင်းမှာရှိတဲ့ ဆရာတော်တွေဆီနည်းသွားခံဦးမယ်ဆိုပြီး စစ်ကိုင်းဘက်ကို ကူးခဲ့ပါတယ်။

အဲဒီအချိန် စစ်ကိုင်းပုညရှင်စေတီမြောက်ဘက်မှာ စာ အလွန်တတ်တဲ့ ရေငုံဘုန်းကြီးတစ်ပါး ထင်ရှားနေတဲ့အချိန် ပါ။ လိုလိုရာရာ ဟုတ်ဟုတ်ငြားငြားစကားတွေမပြောချင်လို့ ရေငုံနေလေ့ရှိတာကြောင့် 'ရေငုံဘုန်းကြီး'လို့ အမည်တွင် နေတာပါ။ အရှင်အရိယဝံသက စစ်ကိုင်းရောက်တာနဲ့ ရေငုံ ဘုန်းကြီးဆီကို စာဝါတောင်းမယ်ဆိုပြီး သွားပါတယ်။ ရေငုံ ဘုန်းကြီးဆီရောက်တော့ အရှင်အရိယဝံသက ရေငုံဘုန်းကြီး နဲ့ ဘေားတိုက်နေရာလောက်ကထိုင်ပြီး ဦးချလိုက်ပါတယ်။ ဒါပေမယ့် ရေငုံဘုန်းကြီးက ကိုယ့်စာပဲ ကိုယ်ကြည့်နေပါ တယ်။ အရှင်အရိယဝံသ အနားရောက်နေတာကို သတိ မပြုမိပါဘူး။ ဒါကြောင့် အရှင်အရိယဝံသလည်း ကိုယ့် သားရေနွယ်လေးအသာခေါက်ပြီး ပြန်ခဲ့ရပါတယ်။ ဒုတိယရက် ထပ်သွားပြန်ပါတယ်။ ရေငုံဘုန်းကြီးက ပထမ ရက်အတိုင်း ကိုယ့်စာပဲကိုယ်ကြည့်နေလို့ ရှေးနည်းအတူပဲ ပြန်ခဲ့ရပါတယ်။ တတိယရက်မှာလည်း အရှင်အရိယဝံသက

http://www.dhammadownload.com



ခွဲမလျှော့သေးဘဲ ထပ်သွားပါတယ်။ ရေငုံ ဘုန်းကြီးကတော့ ထုံးစံအတိုင်း စာပဲကြည့်နေပါတယ်။ အရှင်အရိယဝံသ ကလည်း ရေငုံဘုန်းကြီးအခြေအနေကိုကြည့်ပြီး ဒီနေ့ တစ်နေ့တာလက်လျှော့တဲ့အနေနဲ့ သားရေနွယ်အခင်းကို ခေါက်လိုက်တာ အမှတ်တမဲ့ အသံထွက်သွားပါတယ်။ အသံထွက်သွားတော့မှ ရေငုံဘုန်းကြီးကအရှင်အရိယဝံသကို သတိထားမိသွားပါတယ်။ ဒီတော့မှ ငုံထားတဲ့ရေကိုထွေးပြီး မေးပါတယ်။

'ငါ့ရှင် ဘာကိစ္စတုန်း'

'တပည့်တော် ဆရာတော်ဘုရားထံရောက်သည်မှာ ယနေ့နှင့်ဆို သုံးရက်မြောက်ပါဘုရား၊ တပည့်တော် ဆရာ တော်ဘုရားထံ စာဝါတောင်းချင်လို့ပါဘုရား'

'ငါ့ရှင် ဘာကျမ်းဂန်တွေ လေ့ကျင့်ဖူးပါသလဲ'

'တပည့်တော် မသင်ကြား မလေ့ကျင့်ဖူးသောကျမ်းဂန် မရှိပါဘုရား၊ ဒါပေသိ "စာတတ်သည် ကျမ်းဂန်တတ်သည်" ဆိုသည့်သဘောကိုမသိသေး၍ ဆရာတော်ဘုရားထံ စာဝါ တောင်းခြင်းဖြစ်ပါသည်ဘုရား'

'ငါ့မှာ တစ်နေ့ စာဝါသုံးဝါပို့ချပေးရသည်။ မွန်းတိမ်း လျှင် ပုညရှင်စေတီတက်ပြီး တံမြက်ဝတ်လည်း ပြုရသေး သည်။ မအားလပ်ပါ။ သို့သော်လည်း စာတတ်မှန်းမသိ ဆိုသည်ကို ငါ့ထံ၌သိစေရမည်။ တံမြက်ဝတ်ပျက်ပါစေတော့ ဋီကာလက်သန်းကို ပို့ချပေးမည်။'

http://www.dhammadownload.com



အရှင်အရိယဝံသလည်း ရေငုံဘုန်းကြီးဆီက စာတက်ခွင့်ပြုလိုက်တာနဲ့ 'မှန်ပါ့ဘုရား'လို့ဝန်ခံလိုက်ပါတယ်။ ဒီနေရာမှာ ဋီကာလက်သန်း ဆိုတဲ့ ကျမ်းအကြောင်း နည်းနည်းပြောပြချင်ပါသေးတယ်။ သီဟိုဠ်ကျွန်း ဝဇ္ဇဂါမဏိ မင်းကြီးလက်ထက်မှာ အရှင်အနုရုဒ္ဓါမထေရ်က အဘိဓမ္မတ္ထ သင်္ဂဟဆိုတဲ့သင်္ဂြိုဟ်ကျမ်းကို စီရင်ပါတယ်။ယခုခေတ် စာသင်သားတွေသင်နေရတဲ့ သင်္ဂြိုဟ်ကျမ်းပါ။ လက်သန်း အဋ္ဌကထာလို့လည်း ခေါ်ပါတယ်။ အဲဒီ သင်္ဂြိုဟ်ကျမ်းရဲ့ အဖွင့်ဖြစ်တဲ့ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်းကို သီဟိုဠ်ကျွန်း အရှင်သုမင်္ဂလသာမိက စီရင်ပါတယ်။ ဒီကျမ်းကို ဋီကာ လက်သန်းလို့လည်း ခေါ်ပါတယ်။ ဒီကျမ်းကလည်း ဒီနေ့ခေတ်စာသင်သားတွေ သင်ကြားပို့ချနေရတဲ့ကျမ်းပါ။ ရေငုံဘုန်းကြီးက အရှင်အရိယဝံသကို အဲဒီ ဋီကာလက်သန်း ဆိုတဲ့ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်းကို သင်စေတာပါ။

အရှင်အရိယဝံသက အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်းကို ရေငုံဘုန်းကြီးဆီမှာ သုံးရက်တိတိသင်ပါတယ်။ သုံးရက်သင်ပြီးသွားတော့ အရှင်အရိယဝံသက သင်ပြီးသားတွေကို ပြန်လည်လေ့ကျက်နေတဲ့အတွက် ရေငုံဘုန်းကြီးဆီ သုံးရက်မသွားဘဲ နေနေလိုက်ပါတယ်။ အရှင်အရိယဝံသက ရေငုံဘုန်းကြီးရဲ့ ပို့ချချက်နဲ့ ဋီကာကို တိုက်ဆိုင်လေ့ကျက်လိုက်တော့ ရှင်းခနဲ လင်းခနဲနဲ့ စာတတ်သည်ဆိုတဲ့သဘောကို သိသွားတယ်လို့ ဆိုပါတယ်။ ဒါကြောင့် 'ဋီကာနယ်ကျော်

http://www.dhammadownload.com



ရော၊ ငှိကာနယ်ကျော်ရော’ ဆိုပြီး ဥဒါန်းကျူးပါတယ်။ အဲဒီ ဥဒါန်းစကားကိုအစွဲပြုပြီး ငှိကာကျော်လို့ တွင်ခဲ့တာလည်း ဒီနေ့အထိပါပဲ။ ဒီဘက်မှာသာ အရှင်အရိယဝံသက ဥဒါန်း ကျူးနေတာ ဟိုဘက်မှာတော့ ရေငုံဘုန်းကြီးက အရှင် အရိယဝံသမလာလို့ မကျန်းမမာဖြစ်လို့လားဆိုပြီး စိုးရိမ် နေတာပါ။ ဒါကြောင့် ရဟန်းငယ်တစ်ပါးကိုလွှတ်ပြီး စုံစမ်း ခိုင်းပါတယ်။ ဒီအချိန်မှာ အရှင်အရိယဝံသကလည်း စာတတ်ပြီဆိုတဲ့အကြောင်း ရေငုံဘုန်းကြီးကိုလျှောက်ဖို့ အလာ လမ်းမှာ ရဟန်းငယ်နဲ့ဆုံပါတယ်။ အကျိုးအကြောင်း အပြန်အလှန်ပြောကြပြီး ရဟန်းငယ်နဲ့အတူ ရေငုံဘုန်းကြီးဆီ လာခဲ့ကြပါတယ်။ ရေငုံဘုန်းကြီးက သူ့ဆီရောက်တယ် ဆိုရင်ပဲ ‘ဘာကြောင့်မလာသလဲ’ဆိုတာ ဦးစွာစမေးပါတယ်။ ဒီတော့ အရှင်အရိယဝံသက ‘ဆရာတော်သင်ပေးသောနည်း ကို အမှီပြုပြီး အဘိဓမ္မတ္ထဝိဘာဝိနီငှိကာနည်းကို သိပါပြီ ဘုရား၊ ဆရာတော့်ကျေးဇူးကြောင့် စာတတ်တဲ့သဘောကို သိပါပြီ’လို့ ပြန်လျှောက်ပါတယ်။ ရေငုံဘုန်းကြီးကလည်း တော်တော်လေး ကျေနပ်အားရသွားပါတယ်။ အရှင် အရိယဝံသရဲ့ စာပေအရည်အချင်းကိုလည်း တစ်ခါတည်း နားလည်လိုက်ပါတယ်။ ဒါကြောင့် ‘ငါ့ရှင်သည် အဘိဓမ္မတ္ထ ဝိဘာဝိနီကျမ်းကို အမှီပြုပြီး ကျန်းဂန်အရာ၌ လီမှာ တတ်မြောက်ခဲ့ပေတယ်။ ငါ့ရှင်တတ်မြောက်ခဲ့တဲ့ကျမ်းရဲ့ အဖွင့်ကိုရေးပြီး ကျေးဇူးဆပ်တော့’လို့မိန့်တော်မူပါတယ်။

http://www.dhammadownload.com



အရှင်အရိယဝံသကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံလိုက်ပါတယ်။ အရှင်အရိယဝံသက အဖွင့်ကျမ်းကို လူသံ ငှက်သံမကြားတဲ့ တိတ်ဆိတ်တဲ့ညဉ့်အချိန်မှာပဲရေးပါတယ်။ နေ့ပိုင်းမှာ လုံးဝမရေးပါဘူး။ ပြီးတော့ တစ်ခုထူးခြားတာက လပြည့်၊ လကွယ်၊ (၈)ရက်ဥပုသ်နေ့တိုင်း စီရင်ရေးသားပြီး သမျှကို ပုညရှင်စေတီရင်ပြင်မှာ သံဃာတော်တွေကို စုဝေးစေပြီး ဖတ်ကြားပါတယ်။ အမှားပါရင်ထောက်ပြဖို့လည်း တစ်ခါတည်း မှာထားပါတယ်။ အင်းဝခေတ်ရဲ့စာတမ်းဖတ်ပွဲ တစ်ခုလို့ဆိုရင်လည်း ဆိုနိုင်ပါတယ်။ ဒီလိုနဲ့ တစ်နေ့မှာ ပုဂံသားရဟန်းတော်တစ်ပါးဘုရားဖူးလာတာနဲ့ကြုံပါတယ်။ ပုဂံသားရဟန်းကလည်း အခွင့်ကြုံနေတာနဲ့ အစွန်တစ်ခုမှာ ထိုင်ပြီး နာယူပါတယ်။ အရှင်အရိယဝံသ စာတမ်းဖတ်နေစဉ် မှာပဲ ပုဂံသားရဟန်းက 'အေးအေး'ဆိုပြီး နှစ်ကြိမ် အသံပြုလိုက်ပါတယ်။ အရှင်အရိယဝံသကလည်း အသံပြုတဲ့နေရာ ကို ကညစ်နဲ့ မှတ်ထားလိုက်ပါတယ်။ စာတမ်းဖတ်ပြီးတော့ အသံပြုသူရဟန်းရဲ့ တည်းခိုနေရပ်ကိုလည်း မေးထားလိုက် ပါတယ်။ ကျောင်းပြန်ရောက်လို့ အသံပြုထားတဲ့နှစ်နေရာကို ကြည့်လိုက်တော့ တစ်နေရာက ဝါကျနှစ်ခုထပ်နေပြီး တစ်နေရာမှာတော့ ဣမံ ဂန္ထံလို့ ပုလ္လိင်ဆိုရမှာကို ဣဒံ ဂန္ထံလို့ နပုလ္လိင်နဲ့ရေးထားတဲ့ အမှားနှစ်ချက်ကို တွေ့ရပါတယ်။ အရှင်အရိယဝံသက ချက်ချင်းဆိုသလိုပဲ အမှားပြသူ ပုဂံသား ရဟန်းကို အပင့်ခိုင်းလိုက်ပါတယ်။ ပုဂံသားရဟန်း

http://www.dhammadownload.com



ကျောင်းရောက်တော့ 'ငါ့ရှင် ငါသည် ဤကျမ်းကို သာမညပြုသည်မဟုတ်၊ လူသံငှက်သံစဲတဲ့ ညဉ့်အချိန်မှာ ပုရပိုက်ကို ဖွင့်ပြီးရေးတယ်၊ မနက်လူသံငှက်သံကြားမှ ပုရပိုက်ကို အုပ်ဖြစ်တယ်။ ထိုသို့အားထုတ်ထားပါလျက် 'အေး အေး' လို့ အဆိုခံရသေးတယ်'လို့ မိန့်ပါတယ်။ ဒီတော့ ပုဂံသားရဟန်းတော်ကလည်း 'အရှင်ဘုရား ပြုစုသောကျမ်းမှာ ဆိုဖွယ်ရာမရှိပါ။ လူတစ်ယောက် ကျောက်စရစ်ခဲတွေ လက်နဲ့ဆုပ်ပြီး တိုက်နံရံကို ပစ်လိုက်တဲ့အခါ တစ်ခဲမကျန် တိုက်နံရံကိုအကုန်မှန်သလို အရှင်ဘုရား မိန့်ဆိုသောစကားများမှာ အလိုရှိအပ်သော အနက်အဓိပ္ပါယ်သို့ချည်း ရောက်ပါပေတယ်။ ဝါကျတစ်ချက်ထပ်တာနဲ့ အခွဲတစ်ချက် လွဲတာကိုသာ 'အေး အေး' လို့ ဆိုမိလိုက်တာပါဘုရား'လို့ ပြန်လျှောက်ပြပါတယ်။

အရှင်အရိယဝံသက အပြစ်ထောက်ပြသူ ပုဂံသားရဟန်းတော်ကို ကျေးဇူးတင်လို့မဆုံးပါဘူး။ ဒါကြောင့် ဒီကျေးဇူးကို ဘာနဲ့ပူဇော်ရမလဲလို့ ဘေးဝန်းကျင်ကိုကြည့်လိုက်တော့ မိမိရဲ့ ဒုကုဋ်သင်္ကန်းကြီးကို သွားတွေ့ပါတယ်။ ဒီအတိုင်းလှူလိုက်ရင် ပုဂံသားရဟန်းငယ် အလှူမခံဝံ့မှာစိုးလို့ ဘယ်လိုပြောလှူသလဲဆိုတော့'ဤသင်္ကန်းသည်ငါ့ရှင်ကို ပူဇော်သည်မဟုတ်၊ ငါ့ရှင်ရဲ့ဂုဏ်ကိုသာပူဇော်ခြင်းဖြစ်ပါတယ်' လို့ ပြောလှူပါတယ်။

အရှင်အရိယဝံသက ဒါနဲ့တင်ပူဇော်တာမဟုတ်ပါဘူး။

http://www.dhammadownload.com



နောင်အခါမှာ ဘုရင်မင်းခေါင်ကိုအကျိုးအကြောင်းပြောပြပြီး ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံစေခဲ့တယ်လို့ စာမှာဆိုပါတယ်။ ဒီအပြုအမူက အတုခိုးစရာနဲ့ နည်းယူစရာပါ။ သာသနာ့သမိုင်းမှာ ယနေ့ထက်တိုင် ပြောစမှတ်ပြုနေရတဲ့ အပြုအမူပါ။ ပြီးတော့ ဤအရှင်အရိယဝံသက သူ့ရဲ့ကျမ်းကို မဏိသာရမဥ္ဇူသာဋီကာလို့ အမည်တပ်ခဲ့ပါတယ်။

ဒီနေရာမှာ ကြုံတုန်း ဓမ္မသမိုင်းတစ်ခုကိုလည်း ထည့်ပြောပြချင်ပါသေးတယ်။ တစ်ခါမှာ ဘုရင်မင်းခေါင် ဆရာတော် အရှင်အရိယဝံသကျောင်းကို ရောက်လာပါတယ်။ တရားဟောပြီးပြန်ခါနီးမှာ ဆရာတော်က 'စစ်ကိုင်းယာဉ်ခွန်ကို ချမ်းသာပါစေ'လို့ အလှူခံပါတယ်။ ဒါပေမယ့် ဘုရင်မင်းခေါင်က မလှူပါဘူး။ ဒီလိုနဲ့ လှေတော်စီးအပြန် မြစ်လယ်ခေါင်မှာ တက်မကိုမိကျောင်းကိုက်ထားလို့ ရှေ့ဆက်မသွားနိုင်ဘဲဖြစ်နေတယ်လို့ ဆိုပါတယ်။ 'ယာဉ်ခွန်ကို လှူပါတယ်'လို့ အော်လိုက်မှ မိကျောင်းကလွှတ်ခဲ့တယ်လို့ ဆိုပါတယ်။ လုပ်သင့်တာကိုလုပ်ပြီး၊ ပြောသင့်တာကို ပြောတာ တရားပြည့်သူတွေရဲ့ ဓမ္မတာတစ်ခုပါ။ မမေ့ကောင်းတဲ့ အင်းဝခေတ်ရဲ့ အပြုအမူပါပဲ။

ကျမ်းကိုး

(၁) သာသနာလင်္ကာရစာတမ်း (မဟာဓမ္မသင်္ကြံ)

(၂) သာသနဗဟုသုတပ္ပကာသနီ(ဘုရားဖြူဆရာတော်)

[ သူရဒ္ဓ မေ ၂၀၀၁ ]

http://www.dhammadownload.com



http://www.dhammadownload.com

"ဩော် … မင်းက မဟုတ်ရင်မခံချင်ဘဲကိုး၊
အဲသလိုဆိုရင် မင်းတစ်သက်လုံး
တစ်လောကလုံးနဲ့
ငြင်းခုံခိုက်ရန်ဖြစ်နေပေရော့၊
ဒီလောကကြီးက
ဟုတ်တဲ့လောကကြီးမှမဟုတ်ဘဲ၊
မဟုတ်တဲ့လောကကြီးပဲကွယ့်။
ဟုတ် ဟုတ်၊ မဟုတ် ဟုတ် သည်းခံမှပေါ့"

(မဒိုးရိပ်ဆရာတော်)

http://www.dhammadownload.com

# ရှေ့စကားတို့ရဲ့ မြစ်ဖျား(၁၃)

လူသားတစ်ယောက် လောကကြီးထဲရောက်လာရင် သူ့ရဲ့ အချိန်တိုင်း နေရာတိုင်းမှာ လောကတာဝန်တွေက အသင့်ရှိနေပြီးသားပါ။ အသင့်ရှိနေပြီးသား လောကတာဝန်တွေကို အဲဒီလူသားအနေနဲ့ပြုမယ်ဆိုရင်လည်း ပြုလို့ရပါတယ်။ မပြုဘဲနေမယ်ဆိုရင်လည်း နေနိုင်ခွင့်ရှိပါတယ်။ ဒါက ကိုယ်ပိုင်အခွင့်အရေးပါ။ ဥပမာ အများသောက်တဲ့ရေအိုးနားမှာ ချွဲသလိပ်တွေ့တယ်ဆိုပါတော့။ တွေ့တဲ့သူက သန့်ရှင်းသွားရမှာပါပဲ။ အများနဲ့သက်ဆိုင်နေတဲ့အလုပ်မှန်သမျှ ဘယ်ဟာမှ မသေးငယ်ပါဘူး။ အားလုံးကြီးကျယ်တာချည်းပါပဲ။ ကိုယ့်ရှေ့မှာတွေ့ရတဲ့ လောကတာဝန်ဟာ ကိုယ့်တာဝန်ပါပဲ။ လူဆိုတာ ဝန်းကျင်တစ်ခုမှာ အသုံးတည့်အောင်နေဖို့ လိုပါတယ်။ အသုံးတည့်နေရင် တန်ဘိုးရှိနေတာပါပဲ။ လူဆိုတာ ကိုယ့်အတွက်တော့

http://www.dhammadownload.com



တစ်ကွက်ချန်စဉ်းစားတတ်တယ်လို့ လောကပြောစဉ်ရှိပေမယ့် တကယ့်လူကတော့ ကိစ္စတိုင်းမှာ သူများအတွက် တစ်ကွက်ချန်စဉ်းစားပေးတတ်တာ သူတို့ရဲ့ ဗီဇမွေ့တာပဲလေ။

ဒါပေမယ့် သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုဆိုတာရှိစမြဲဆိုတဲ့အတိုင်း လောကကြီးက ကာလအတိုင်းအတာတစ်ခုအထိ သတိရနေသင့်တဲ့သူကို သတိရနေကြပါလိမ့်မယ်။ မေ့သင့်တဲ့သူကို မေ့လိုက်ကြပါလိမ့်မယ်။ လောကကိုချစ်သူ၊ မချစ်သူ၊ လောကအပေါ်တာဝန်ကျေသူ မကျေသူ၊ အဲဒီကြားကာလမှာနေသူစသည်ဖြင့် အကောင်းအဆိုး အယုတ်အလတ် အမြတ်တွေကတော့ ဒွန်တွဲနေကြမှာပါ။

အထက်ပါစကားတွေနဲ့ အစချီနေရတာကတော့ ဒီအတောအတွင်း လောကအပေါ် တစ်နည်းပြောရရင် လူမျိုးနဲ့ သာသနာ့အပေါ် တာဝန်ကျေခဲ့တဲ့ဆရာတော်တွေအကြောင်း စဉ်းစားနေမိလို့ပါ။ ရှင်အရဟံ၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ဆရာတော်ဦးဖုန်၊ ကျော်အောင်စံထား ဆရာတော်၊ ရွှေကျင်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံဆရာတော်၊ မန်လည်ဆရာတော်၊ လယ်တီဆရာတော်၊ မဟာစည်ဆရာတော်၊ ဆရာတော်အရှင်ဇနကာဘိဝံသ၊ မစိုးရိမ်ဆရာတော်၊ မင်းကွန်းတိပိဋကဆရာတော် စသည် စသည်ဖြင့်ပေါ့၊ ဒီဆရာတော်တွေရဲ့ထေရုပ္ပတ္တိတွေဖတ်ရတာ တဒင်္ဂ

http://www.dhammadownload.com



လူပီသချင်တဲ့စိတ် ဖြစ်မိတာတော့အမှန်ပါပဲ။

အခု ဒုတိယအကြိမ်ပြန်ဖတ်ဖြစ်တဲ့စာအုပ်ကတော့ မစိုးရိမ်ဆရာတော်ဘုရားရဲ့ထေရုပ္ပတ္တိစာအုပ်ပါ။ တစ်ကြိမ် သာရိုက်ပြီး၊ ပြန်မရိုက်ဖြစ်တော့တဲ့စာအုပ်ဖြစ်တဲ့အတွက် လူထုလက်ထဲ ပြန့်ပြန့်နှံ့နှံ့ရှိမနေတာတော့ သေချာပါတယ်။

မစိုးရိမ်ဆရာတော်ဘုရားဟာ ၁၂၄၁–ခုနှစ်မှာ မွေးဖွားပြီး၊ ၁၃၃၇–ခုနှစ်မှာ ပျံလွန်တော်မူခဲ့ပါတယ်။ သက်တော်အားဖြင့် ၉၆–နှစ်ဆိုတာ့ သက်တော်ရှည် ဆရာ တော်တစ်ပါးလို့ ဆိုနိုင်ပါတယ်။ ခေတ်အားဖြင့်ခွဲရင် ကိုလိုနီ ခေတ်၊ လွတ်လပ်ရေးခေတ်မှာ ပေါ်ထွန်းခဲ့တဲ့ဆရာတော်ပါ။ မန္တလေးမြို့က မစိုးရိမ်ကျောင်းတိုက်ကြီးကို စတင်တည် ထောင်ခဲ့လို့ မစိုးရိမ်ဆရာတော်လို့ အမည်တွင်ခဲ့တာပါ။ ဆဋ္ဌ သင်္ဂါယနာတင်ပွဲမှာ ညောင်ရမ်းဆရာတော် ပျံလွန်တော်မူတဲ့ အခါ ဆရာတော်က ဥက္ကဋ္ဌတာဝန်ယူခဲ့သလို၊ စာသင်သား တွေ သင်ကြားပို့ချနေကြရတဲ့ အဘိဓမ္မာညဝါ အရကောက် ကျမ်းတွေကိုလဲ တည်းဖြတ်သုတ်သင်ခဲ့ပေးပါတယ်။

ဆရာတော်ရဲ့ထေရုပ္ပတ္တိမှာ အထူးတွေ့ရတာက တော့ ရိုးဂုဏ်နဲ့ သမာသမတ်ကျတဲ့ လမ်းညွှန်မှုပါ။ ဒါကို တော့ ဆရာတော် တစ်သက်လုံး စွဲကိုင်သွားခဲ့ပါတယ်။

ဆရာတော်ကိုရင်ဘဝက ခေတ္တလူထွက်ခဲ့တယ်လို့ ဆိုပါတယ်။ ရွာထဲက ရွယ်တူမိန်းကလေးကိုနှစ်သက်နေလို့ ပြန်မဝတ်တော့ဘူးဆိုပြီး ဖွတ်ပေကပ်နေလို့ လူကြီးတွေက

http://www.dhammadownload.com



ချော့ပြီး ပြန်ဝတ်ပေးခဲ့ရပါတယ်။ ဆရာတော် သင်္ကန်းပြန်ဝတ်ပြီး ပထမကျော်၊ သကျသီဟစတဲ့ စာမေးပွဲတွေ အောင်ပြီးတော့မှ ဆရာတော့်အစ်ကိုအစ်မတွေက 'ဦးပဉ္ဇင်း လူမထွက်တော့ဘူးလား'လို့ မေးတယ်လို့ဆိုပါတယ်။ ဒီတော့ ဆရာတော်က ဘယ်လိုပြန်မိန့်သလဲဆိုတော့ –

'ကိုယ့်လူတို့ ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကို ကြားဖူးကြမှာပါ။ အဲဒီ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကို အလွန်ကြည်ညိုတဲ့ ဦးဘိုးလှိုင်ဆိုတဲ့ ဒကာကြီးတစ်ယောက်ရှိတယ်။ သူက တစ်နေ့မှာ သူ့ဆရာတော်ကို စကားတစ်ခွန်းလျှောက်တယ်။ ဘယ်လိုလျှောက်သလဲဆိုတော့ 'ဆရာတော် တစ်မဂ်တစ်ဖိုလ်ရအောင် ကျင့်တော်မူပါဘုရား'တဲ့၊ 'ဒါမှ တပည့်တော်တို့ကြည်ညိုရတာ အားရပါးရ ရှိပါတယ်ဘုရား' တဲ့၊ ဒီတော့ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက 'ဘိုးလှိုင် တစ်မဂ်တစ်ဖိုလ်ရအောင်ကျင့်ဖို့နေနေသာသာ တို့လို ပုထုဇဉ်ရဟန်းတွေအဖို့ လူမထွက်ဖြစ်အောင်ကိုပဲ အတော့်ကို အောင့်နေရသဟဲ့'လို့ ပြန်မိန့်ခဲ့တယ်တဲ့၊ အဲဒီ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးရဲ့စကားအတိုင်းပဲ ဦးပဉ္ဇင်းတို့လည်း လူမထွက်ချင်အောင် လူမထွက်ဖြစ်အောင် အတော့်ကို အောင့်နေရတယ်'တဲ့။

ရင်ထဲမှာရှိနေတာကို ရှိနေတဲ့အတိုင်း ဖွင့်ပြောလိုက်တဲ့ ဆရာတော်ဘုရားကြီးရဲ့ရိုးဂုဏ်ပါ။ ရိုးဂုဏ်ဟာ လူသားတစ်ယောက်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ဂုဏ်တစ်ခုပါ။

http://www.dhammadownload.com



လောကမှာကြောက်ဖို့အကောင်းဆုံးက ရိုးဂုဏ်နဲ့ဆန့်ကျင်ဘက် ဟန်ဆောင်မှုပါပဲ။ ဟန်ဆောင်တယ်ဆိုတာ ဟန်ဆောင်သူအတွက်ရော ဟန်ဆောင်ခံရသူအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးမရှိတဲ့ကိစ္စပါ။ ပြီးတော့ ဟန်ဆောင်တယ်ဆိုတာ ဝန်ထုတ်ဝန်ပိုးတစ်ခုလို ဟန်ဆောင်သူအတွက် ပင်ပန်းလှပါတယ်။

## ရွှေစကြာဦးစိုးမြင့်နဲ့ ဆရာတော်

ရွှေစကြာဦးစိုးမြင့်ဆိုတာ ခေတ်တစ်ခေတ်မှာ အထင်ကရရှိခဲ့ဖူးတဲ့ စာရေးဆရာပါ။ နတ်သျှင်နောင်ကို အမျိုးသားရေးအမြင်နဲ့ရေးပြသွားခဲ့တဲ့ နားခံတော်ဝတ္ထုဆိုရင် လယ်တီပဏ္ဍိတဦးမောင်ကြီးတို့ကိုယ်တိုင် လက်ဖျားခါချီးကျူးခဲ့ရတဲ့ဝတ္ထုပါ။ စာတတ်တဲ့ လူပျိုတော်တစ်ယောက်ဖြစ်သလို စိတ်လည်း အတော်တိုပုံရပါတယ်။

၁၃၀၉–ခုနှစ်မှာ မစိုးရိမ်ကျောင်းတိုက်က ဦးဉာဏောဘာသဆိုတဲ့ နာယကဘုန်းကြီးတစ်ပါးက ဓမ္မာစရိယစာချတန်းမှာ ၉–ကျမ်းလုံးကို တစ်နှစ်တည်းအောင်လာပါတယ်။ အောင်လာပုံကလည်း သူများနဲ့မတူပါဘူး။ ၁၃၀၈–ခုနှစ်မှာ ပထမကြီးတန်းအောင်ပြီး၊ ၁၃၀၉–ခုနှစ်မှာ စာချတန်းဝင်ဖြေတာ နှစ်မခြားတဲ့အပြင် ၉–ကျမ်းလုံးလည်း အောင်မြင်လာပါတယ်။ အောင်ပုံက တစ်သီးတစ်သန့်ထူးခြားနေပါတယ်။ ဒီအချိန်မှာ ရွှေစကြာဦးစိုးမြင့်က ပါဠိပညာရေးအဖွဲ့မှာ အဖွဲ့ဝင်တစ်ဦးအနေနဲ့ ပါဝင်နေပါတယ်။

http://www.dhammadownload.com



ကိုယ်တိုင်လည်း စာမေးပွဲတွေမှာ ထူးထူးချွန်ချွန်အောင်ခဲ့လေတော့ အခုလို ထူးထူးချွန်ချွန်အောင်လာတဲ့ ဦးဉာဏောဘာသကို ထူးထူးခြားခြား ချီးမြှောက်လိုဟန်ရှိပါတယ်။ ဒါကြောင့် ရွှေစကြာဦးစိုးမြင့်က ထူးထူးခြားခြားအောင်လာတဲ့ ဦးဉာဏောဘာသကို ဘွဲ့ဂုဏ်ထူးတစ်ခု သီးသန့်ရွေးချယ်ပေးသင့်ကြောင်း ပါဠိပညာရေးအဖွဲ့ဥက္ကဋ္ဌဆီ စာတင်လိုက်ပါတယ်။ စာတင်ပြီးတော့ မစိုးရိမ်ဆရာတော်ဆီ ရောက်လာပါတယ်။ ရောက်တာနဲ့ ရွှေစကြာဦးစိုးမြင့်ကပဲ စကား စဆိုပါတယ်။

'ဦးဉာဏောဘာသကို ဘွဲ့ထူးဂုဏ်ထူးရွေးချယ်ပေးဖို့အတွက် ဥက္ကဋ္ဌဆီ တပည့်တော် စာတင်ထားတယ်ဘုရား'

'စိုးမြင့် ... မင်းလုပ်ပုံမဟုတ်ဘူး။ မင်းက မစိုးရိမ်တိုက်ထွက်၊ သူတို့မစိုးရိမ်တိုက်က ထူးထူးခြားခြားအောင်လို့ ဒီစာတင်တယ်ထင်မှာပေါ့။ ဘွဲ့ထူးဂုဏ်ထူးရတော့လဲ ဘာမှမထူးပါဘူးကွာ။ မပေးတော့လဲ ဘာမှဖြစ်မသွားပါဘူး။ ဆန္ဒာဂတိလိုက်တယ်လို့ထင်သွားရင် သိပ်ရှက်စရာကောင်းတယ်'

'ထင်ရင်လဲ မတတ်နိုင်ဘူးဆရာတော်၊ ပေးသင့်တာကတော့ အမှန်ပဲမဟုတ်လားဘုရား'

'မင်း ... ကဲ ဉာဏောအရင် ဒီလိုအောင်ဖူးတဲ့ပုဂ္ဂိုလ်မရှိဘူးလားကွာ'

http://www.dhammadownload.com



'တစ်ပါးရှိတယ်လို့ ကြားဖူးပါတယ်ဘုရား'

'မင်းတို့ အဲဒီဦးပဥ္စင်းအောင်တုန်းကတော့ ဘာဖြစ်လို့ ဘွဲ့ဂုဏ်ထူးပေးဖို့ မစဉ်းစားခဲ့ကြသတုန်း'

'တပည့်တော် အဖွဲ့ထဲမှာမပါသေးလို့လား မပြောတတ်ပါဘုရား၊ မှတ်တမ်းပြန်ကြည့်ပါဦးမယ်'

'မင်းတို့ ... ဉာဏောကို ဘွဲ့ထူးဂုဏ်ထူးပေးရင် ဉာဏောအရင်အောင်ခဲ့တဲ့ဦးပဥ္စင်းကိုလဲ ပေးရမယ်မောင်ရ'

'ဒါကတော့ စဉ်းစားရမှာပေါ့ဘုရား'

ဆရာတော်နဲ့ ရွှေစကြာဦးစိုးမြင့်တို့ အပြန်အလှန်ပြောခဲ့တဲ့စကားတွေပါ။ အဲဒီနှစ်က ဦးဉာဏောဘာသကို **သီရောမဏိ** ဘွဲ့ထူးပေးခဲ့သလို ဦးဉာဏောအရင် အောင်ခဲ့တဲ့ ဦးပဥ္စင်းကိုလည်း **သီရောမဏိ** ဘွဲ့ထူး ပေးခဲ့တယ်လို့ ဆိုပါတယ်။

ဒီကိစ္စနဲ့မရှေးမနှောင်း ပါဠိပညာရေးအဖွဲ့ စည်းဝေးပွဲတစ်ခုမှာပဲ တရားဝန်ကြီးချုပ် ဦးသိမ်းမောင်နဲ့ ရွှေစကြာဦးစိုးမြင့်တို့ ကိစ္စတစ်ခုနဲ့ပတ်သက်ပြီး အကြီးအကျယ် အငြင်းအခုံ ဖြစ်ကြပါတယ်။ ဦးစိုးမြင့်က မျက်နှာကြီးနီပြီး ဒေါသအတော်ထွက်နေတယ်လို့ဆိုပါတယ်။ စည်းဝေးပွဲပြီးသွားတော့ မစိုးရိမ်ဆရာတော်က ဦးစိုးမြင့်ကိုခေါ်ပြီး ဒေါသမထွက်ဖို့၊ အရာရာသည်းခံဖို့ ဆုံးမဩဝါဒပေးပါတယ်။ ဒေါသအရှိန်မပြယ်သေးတဲ့ဦးစိုးမြင့်က ဆရာတော်ကို ဘယ်လိုပြန်လျှောက်သလဲဆိုတော့ ...

http://www.dhammadownload.com



'တပည့်တော် မဟုတ်ရင်မခံချင်ဘူး ဆရာတော်၊ ဟုတ်ရင်တော့ ဘယ်လိုလုပ်လုပ်ခံမှာပဲ'လို့ လျှောက်ပါတယ်။ ဒီတော့ ဆရာတော်က–

'ဩော် ... မင်းက မဟုတ်ရင်မခံချင်ဘဲကိုး။ အဲ သလိုဆိုရင် မင်းတစ်သက်လုံး တစ်လောကလုံးနဲ့ ငြင်းခုံ ရိုက်ရန်ဖြစ်နေပေရော့။ ဒီလောကကြီးက ဟုတ်တဲ့လောက ကြီးမှ မဟုတ်တာ။ မဟုတ်တဲ့လောကကြီး ပဲကွယ့်။ ဟုတ် ဟုတ် မဟုတ်ဟုတ် သည်းခံမှပေါ့'လို့ မိန့်ပါတယ်။

ဒီတော့မှ ဦးစိုးမြင့်လည်း ဒေါသအရှိန်ပြယ်သွားတယ်လို့ ဆိုပါတယ်။ ရွှေစကြာဦးစိုးမြင့်နဲ့ ဆရာတော်ရဲ့ အခန်းကဏ္ဍမှာ ဥဒါန်းတွင်ရစ်ခဲ့တဲ့ ဆရာတော်ရဲ့ ရွှေစကား တစ်ခွန်းပါ။

လူပျိုတော်ပတ္တမြားဦးမောင်မောင်နဲ့ ဆရာတော်

ဆရာတော့်အကြောင်းကိုရေးရင် မဖြစ်မနေပါရမယ့် ဒကာတစ်ယောက်လည်း ရှိပါသေးတယ်။ အဲဒီသူက အခြားသူမဟုတ်ပါဘူး။ အားလုံးသိကြတဲ့ လူပျိုတော်ပတ္တမြားသွေးဆေးကို စတင်ရောင်းချခဲ့တဲ့ လူပျိုတော်ပတ္တမြား ဦးမောင်မောင်ပါပဲ။

ဟိုဘက်ကာလတစ်ခုမှာ လူပျိုတော်ပတ္တမြား ဦးမောင်မောင်က သူနေထိုင်ရာ ဖဆပလမှာ ဆရာတော်ကို ပင့်ပြီး ဆွမ်းကပ်ပါတယ်။ ဦးမောင်မောင်ရဲ့အိမ်က မိုးမလုံ

http://www.dhammadownload.com



လေမလုံ ခနော်ခနဲ့ အိမ်ကလေးပေါ်မှာပဲ သင်ဖြူးဟောင်းကလေးခင်းပြီး ဆွမ်းကပ်ခဲ့ရတာပါ။ ဆွမ်းစားပြီးတော့ ဆရာတော်က စကားတစ်ခွန်းအမိန့်ရှိပါတယ်။ 'မင်းတို့ကပ်တဲ့ ဆွမ်းစားရတာ မျိုမကျပါဘူးကွာ။ မင်းတို့ကို ငါ မေတ္တာပို့ပေးပါဦးမယ်'တဲ့။

ဒီလိုနဲ့ ဦးမောင်မောင်က သွေးဆေးရောင်းရင်း တစ်နေ့တခြား ကြီးပွားချမ်းသာလာခဲ့ပါတယ်။ အဲဒီလို ကြီးပွားချမ်းသာလာတဲ့အခါ ဦးမောင်မောင်က တစ်ချိန်က ဆရာတော်ပြောခဲ့တဲ့စကားကို ပြန်ပြီးသတိရပါတယ်။ ဒါကြောင့် ဆရာတော်နဲ့တွေ့တဲ့အခါ ဦးမောင်မောင်က ဆရာတော်မေတ္တာပို့ပေးလို့ ကြီးပွားချမ်းသာလာတာလို့ ထင်ကြောင်း လျှောက်ပါတယ်။ ဒီတော့ ဆရာတော်ကပြုံးပြီး **'တိုက်ဆိုင်လို့ပါကွာ၊ ဒီလို တိုက်ဆိုင်မှုလေးတွေ ရှိနေလို့လဲ ခုခေတ် ဘိုးတော်အမည်ခံတွေ စားသာနေကြရတာပေါ့ကွာ'** လို့ ပြန်မိန့်ပါတယ်။ တစ်ဖက်က ပြောလာတဲ့စကားအတိုင်း ဆရာတော်မှိန်းမနေခဲ့ပါဘူး။ ဆရာတော်ရဲ့ ရိုးဂုဏ်တစ်ခုပါပဲ။

ဆရာတော်ရဲ့ရိုးဂုဏ်ကို ဘယ်လောက်အထိတွေ့ရသလဲဆိုရင် ဆရာတော် ပျံလွန်တော်မူခါနီးအထိပါပဲ။ ဆရာတော်ပျံလွန်တော်မမူမီ သုံးလခန့်အလို ၁၃၃၇-ခုနှစ်၊ ဝါဆိုလဆန်း ၂-ရက်နေ့မှာ တပည့်တွေကို 'ငါတော့ အသက် ၉၆-နှစ်ပြည့်တော့မယ်၊ ကာတာရားထူးမှမရဘူး'လို့

http://www.dhammadownload.com



ပွင့်ပွင့်လင်းလင်း ဩဝါဒမိန့်ပါတယ်။ ဒီစကားကို လူပုံတော်ပတ္တမြား ဦးမောင်မောင် ပြန်ကြားတော့ ဘယ်လိုပြောသလဲဆိုတော့ 'ဆရာတော်ဟာ တရားထူးမရပေမယ့် ပုထုဇဉ်ထဲမှာတော့ အနီးကပ် အကြည်ညိုအခံနိုင်ဆုံးဆရာတော်ပါ' လို့ မှတ်ချက်ချခဲ့ပါတယ်။

ရိုးဂုဏ်ဆိုတာ သစ္စာနဲ့ယှဉ်တွဲဖြစ်နေတဲ့အရာပါ။ မိသားတစ်စု၊ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု သစ္စာရှိနေကြမယ်ဆိုရင် အဲဒီမိသားစု၊ အဲဒီအဖွဲ့အစည်း၊ အဲဒီနိုင်ငံအတွက် လမ်းမပျောက်ပါဘူး၊ လမ်းမပျောက်ရင် ပန်းတိုင်ဆိုတာ ကာလတစ်ခုဆီမှာရှိနေမှာပါပဲလေ။

× × ×


ကျမ်းကိုး

-ဘဒ္ဒန္တသူရိယာဘိဝံသ ထေရုပ္ပတ္တိကထာ

(အရှင်ရာဇဓမ္မာဘိဝံသ ရေးသားသည်)

[သူရစ္ဆ ဇွန်၊၂၀၀၁]

http://www.dhammadownload.com



http://www.dhammadownload.com

# "မိန့်... သူကြွေးရှိရင် ဆပ်ရလိမ့်မယ်"

(ဆရာတော်ဦးဖုစ်)

http://www.dhammadownload.com

# ရွှေစကားတို့ရဲ့ မြစ်ဖျား(၁၄)

ကုန်းဘောင်ခေတ်မြန်မာ့သမိုင်းမှာ ထူးခြားတဲ့ မြေးအဘွား၊ သားအမိ မိဖုရားကြီးသုံးဦး ပေါ်ထွန်းခဲ့ပါတယ်။ ထူးခြားတယ်ဆိုတာက သူတို့သုံးဦးဟာ သူစိမ်းတွေမဟုတ်တာရယ်၊ သုံးဦးစလုံး မိဖုရားဖြစ်ခွင့်ရတာရယ်၊ နိုင်ငံရေးကို သူတို့ရဲ့ဘုရင်တွေကိုကျော်လွန်ပြီး စီမံခွင့်ရခဲ့တာတွေရယ်ကြောင့်ပါ။ သူတို့သုံးဦးကတော့ အားလုံးသိကြတဲ့အတိုင်း **(၁) နန်းမတော်မယ်နု၊ (၂) (နန်းမတော်မယ်နုရဲ့သမီး) ဆင်ဖြူမရှင်၊ (၃) (ဆင်ဖြူမရှင်ရဲ့သမီး) စုဖုရားလတ်တို့ပါ။** သူတို့သုံးဦးဟာ နိုင်ငံရေးရှုထောင့်ကကြည့်ရင် သမိုင်းသိပ်မလှခဲ့ပါဘူး။ ဒါပေမယ့် ဘာသာရေးရှုထောင့်က ကြည့်လိုက်တော့ တော်တော်လေးထူးခြားနေတာကို တွေ့ရပြန်ပါတယ်။

နန်းမတော်မယ်နုက အင်းဝမှာ ဆရာတော်ဦးဗုဓ်ကို မယ်နုအုတ်ကျောင်းတော်ကြီးဆိုပြီး လှူဒါန်းပေးခဲ့ပါတယ်။ ဆင်ဖြူမရှင်က မန္တလေးမြို့အရှေ့ပြင်ဘက်မှာ ၁၅-ဝါသာ

http://www.dhammadownload.com



ရှိသေးတဲ့ ဝိသုဒ္ဓါရုံဆရာတော်ကို ဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ စုဖုရားလတ်က မန္တလေးမြို့မှာပဲ ၂၅–ဝါရှိတဲ့ ဆရာတော်ဦးအာလောကကို မြတောင်ကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြီး လှူဒါန်းခဲ့ပါတယ်။ ဒါတွေဟာ သာသနာ့သမိုင်းမှာ ဘယ်လိုမှ ချန်လှပ်ထားလို့မရတဲ့ သာဓကပြယုဂ်ကြီးတွေပါ။ ဒါတွေက ကြုံကြိုက်တိုက်ဆိုင်လာလို့ ထူးခြားမှုပြယုဂ်တစ်ခုအနေနဲ့ ပြောပြတာပါ။ အဓိကပြောချင်တာကတော့ နန်းမတော်မယ်နု အကြောင်းပါ။

နန်းမတော်မယ်နုဟာ ရေချိုးနေတုန်း သူ့ထမီစွန်ချီပြီး ထမီနန်းတော်ထဲကျရာကနေ အိမ်ရှေ့မင်းသားက ထူးခြားတဲ့ အမျိုးသမီးပဲဆိုပြီး တော်ကောက်ရာက မိဖုရားဖြစ်လာရသူပါ။ အိမ်ရှေ့မင်းသား နန်းမတော်မယ်နုကို မိဖုရားမြှောက်တာ အားလုံးက သဘောမတူကြပါဘူး။ 'လူမှာအမျိုး ကြက်မှာအရိုး' ဆိုပြီး ဝိုင်းကန့်ကွက်ကြပါတယ်။ ဒီစကားကြားတော့ နန်းမတော်မယ်နုက သူ့အိမ်ရှေ့မင်းသားကို ဘယ်လိုပြန်ပြောသလဲဆိုတော့ 'လူမှာအချစ်၊ ကြက်မှာအမြစ်'တဲ့။ အချစ်သာအဓိကတဲ့၊ ဒီစကားက အိမ်ရှေ့မင်းသား သဘောခွေ့စေခဲ့တဲ့ စကားတစ်ခွန်းပါ။ နန်းမတော်မယ်နု မိဖုရားဖြစ်ချိန်တစ်လျှောက်လုံးနီးပါး နိုင်ငံရေးဟာ လုံးဝ မတည် ငြိမ်ခဲ့ပါဘူး။ နန်းမတော်မယ်နုမိဖုရားဘဝမှာပဲ (၁၁၈၅–၈၆ခုနှစ်မှာ) အင်္ဂလိပ်–မြန်မာစစ် ဖြစ်ကြပါတယ်။

http://www.dhammadownload.com



မြဝတီမင်းကြီးဦးစနဲ့ မဟာဗန္ဓုလတို့ ရခိုင်ပြည်ဘက် စစ်ထွက်တိုက်ခိုက်ခဲ့ကြရပါတယ်။

နောက် ... အင်္ဂလိပ်က ရန်ကုန်ဘက်က ပြန်လှည့်ဝင်လာတာကြောင့် ရန်ကုန်ပြန်ဆင်းပြီးခုခံရသလို ဓနုဖြူတိုက်ပွဲမှာတော့ မဟာဗန္ဓုလ ကျရှုံးခဲ့ရပါတယ်။ ဒီထက်ဆုံးရှုံးခဲ့ရတာကတော့ အင်္ဂလိပ်ကို ရခိုင်နဲ့တနင်္သာရီနယ်ကို ပေးလိုက်ရတာပါပဲ။ ဒါတင်မကပါဘူး။ စစ်လျော်ကြေးငွေ တစ်ကုဋေကိုလည်း အင်္ဂလိပ်ကိုပေးလိုက်ရပါတယ်။ အဲဒီစစ်လျော်ကြေးငွေ တစ်ကုဋေကိုတောင် မြန်မာအစိုးရက မပေးနိုင်လို့ နန်းမတော်မယ်နုက စိုက်ပြီးပေးခဲ့ရတာပါ။

အဲဒီအချိန်မှာ နန်းမတော်မယ်နုအတွက် နိုင်ငံရေးမတည်ငြိမ်မှုဟာ ပြည်ပနဲ့သာရင်ဆိုင်နေရတာ မဟုတ်ပါဘူး။ ပြည်တွင်းမှာရှိတဲ့သူတွေနဲ့ပါ ရင်ဆိုင်နေရပါပြီ။ သူ အဓိကထားရင်ဆိုင်နေရတဲ့သူကတော့ အခြားသူ မဟုတ်ပါဘူး။ ဘကြီးတော်မင်းတရားလို့ခေါ်တဲ့ စစ်ကိုင်းမင်းရဲ့ညီလည်းဖြစ်၊ သူ့ရဲ့မတ်တော်လည်းဖြစ်တဲ့ သာယာဝတီမင်းသားပါ။ နောက်ဆုံးမတည်မြဲလှတဲ့ သင်္ခါရသဘောအတိုင်း စစ်ကိုင်းမင်း ထီးနန်းကဆင်းပေးပြီး သာယာဝတီမင်းသားကို နန်းတင်ပေးလိုက်ရပါတယ်။ စစ်ကိုင်းမင်းနန်းကျပြီဆိုတော့ နန်းမတော်မယ်နုလည်း အကျယ်ချုပ်နဲ့နေနေရပါတော့တယ်။ ဒီလိုနဲ့ နောက်ဆုံး ထုံးစံအတိုင်းမတ္တရာဘက် ဆူပူထကြွမှုမှာ နန်းမတော်မယ်နု ပယောဂ

http://www.dhammadownload.com



ပါတယ်ဆိုပြီး သာယာဝတီမင်းက ရေမှာချပြီး အဆုံးစီရင်ဖို့ အမိန့်ချလိုက်ပါတယ်။ နန်းမတော်မယ်နုက သူ့ရဲ့ နောက်ဆုံးအချိန်ကို ကြိုတင်တွက်ဆထားလို့လား မပြောတတ်ပါဘူး။ မြို့ဝန်နဲ့အာဏာပါးကွက်သားတွေ သူ့ဆီရောက်လာတဲ့အချိန်မှာ သိပ်ပြီးတုန်တုန်လှုပ်လှုပ်မရှိခဲ့ ပါဘူးလို့ ဆိုပါတယ်။ အဲဒီလိုနဲ့ ရောက်လာတဲ့ အာဏာ ပါးကွက်သားတွေကို နန်းမတော်မယ်နုက အခွင့်အရေးတစ်ခု တောင်းဆိုလိုက်ပါတယ်။ ဘယ်လိုတောင်းသလဲဆိုတော့ –

'ငါဟာ ... ဒီဘဝမှာ မြင့်မြတ်တဲ့အခြေအနေကို ရောက်ခဲ့လို့ အလိုရှိသမျှ စည်းစိမ်ချမ်းသာတို့ကို ခံစားခဲ့ရ ပါပြီ။ များမြတ်တဲ့ ကုသိုလ်ကောင်းမှုတို့ကိုလည်း ကြိုးစား အားထုတ်ခဲ့ရပါပြီ။ ဒီအတွက် သေရမှာကို တွေးတွေးဆဆ ပူပန်လို့ ငါမကြောက်လှ၊ ဒါပေမယ့် ငါရိုသေလေးမြတ် ကိုးကွယ်ဆည်းကပ်အပ်တဲ့ ဆရာတော်ဦးဗုဓ်ကို နောက်ဆုံး ဖူးမြော်လိုပါတယ်။ ဒီအတွက် မင်္ဂလာတံကျော် ညောင်ကန် တိုက်ကို ငါသွားလိုတယ်၊ ခွင့်ပြုနိုင်မလား'လို့ မေးပါတယ်။ အဲဒီတော့ မြို့ဝန်နဲ့ အာဏာပါးကွက်သားတွေကလည်း ရှေးရှေးက ကျေးဇူးတရားတွေကိုထောက်ထားပြီး နန်းမတော် မယ်နုသွားလိုရာ ဆရာတော်ဦးဗုဓ်ဆီကို ပို့ပေးကြပါတယ်။

နန်းမတော်မယ်နု ဆရာတော်ဆီရောက်သွားတဲ့ အချိန်မှာ ဆရာတော်က မြင်တွေ့နေကျအတိုင်း စာကြည့် နေပါတယ်။ဒါပေမယ့် အရင်လိုစောင့်ဆိုင်းနေဖို့ အခြေအနေ

http://www.dhammadownload.com



မပေးတော့ပါဘူး။ ဒါကြောင့် ရောက်ရောက်ချင်းပဲ ဆရာတော်ကို ဦးချပြီး–

'ဆရာတော်ဘုရား ...ယခုအခါ သာယာဝတီမင်းရဲ့ ဘုန်းတန်ခိုးလွှမ်းမိုးလာလို့ သူ့ရဲ့အာဏာစက်နဲ့ တပည့်တော်မ အဆုံးစီရင်ခြင်းခံရပါတော့မယ်ဘုရား၊ ဒီနေ့ဟာ ဆရာတော်ဘုရားကို နောက်ဆုံးဖူးမြော်ကန်တော့ခြင်းဖြစ်ပါတယ်ဘုရား' လို့ ဝမ်းနည်းသံတစ်ဝက်နဲ့ လျှောက်ထားပါတယ်။ ဒီတော့ ဆရာတော်ဦးဗုဓ်က **'မိနေ...သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်'**လို့ အမိန့်ရှိလိုက်ပါတယ်။ ဆရာတော့်စကားသံကို ကြားလိုက်ရတော့ နန်းမတော်မယ်နုမျက်နှာ ချက်ချင်းဆိုသလိုပဲ ဝင်းပသွားပါတယ်။ ပြီးတော့ ဝင်းပတဲ့ မျက်နှာနဲ့ပဲ ဆရာတော်ကိုဦးသုံးကြိမ်ချ၊ ကျောင်းပေါ်ကဆင်း၊ ကျောင်းအောက်ရောက်တာနဲ့ –

'တော်ပြီ ... တော်ပြီ ... ငါသေပျော်ပြီ၊ ငါသေဝံ့ပြီ၊ ငါသေရဲပြီ၊ ဆရာတော်ဘုရားကို နှစ်ပေါင်းများစွာ ကိုးကွယ်ဆည်းကပ်လာခဲ့တာ ဘယ်အခါမှ ငါ့နာမည်ကို ခေါ်ပြီး စကားလည်းမပြောဖူးဘူး၊ တရားလည်း မဟောဖူးပါဘူး၊ စာကြည့်ရာကနေ ငါရှိရာဘက်ကိုမျက်နှာလည့်ပြီး ဒီလို ကြည့်ဖူးတာလည်း မရှိ၊ ဒီနေ့မှပဲ ငါရှိရာဘက်ကို မျက်နှာလှည့်လို့ ငါ့နာမည်ကိုခေါ်ပြီး တရားဟောလိုက်တာ **'မိနု သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်'**တဲ့၊ တော်ပြီ၊ တော်ပြီ သေလမ်းဖြောင့်ပြီ၊ ငါ့ကို ဆရာတော် သေစရိတ်ပေးလိုက်ပြီ'

http://www.dhammadownload.com



လို့ ထပ်တလဲလဲပြောဆိုပြီး ဝမ်းမြောက်ဝမ်းသာစွာနဲ့အာဃာပါးကွက်သားတွေခေါ်ရာကို မျက်နှာမညှိုးဘဲ လိုက်သွားပါတော့တယ်။

တကယ်တော့ နန်းမတော်မယ်နုဟာ ဆရာတော့်ဆီက စကားတစ်ခွန်းလောက်ကြားရဖို့ ကာလကြာကြာအထိ စောင့်နေရသူပါ။ တကယ်တမ်းကြားမယ့်ကြားရတော့လည်း ဘဝရဲ့နောက်ဆုံးအချိန်မှာပါ။ ဘာပဲပြောပြော ဆရာတော်ကတော့ တကယ့်အသေရောဂါနဲ့မွန်းကျပ်နေချိန်မှာ နန်းမတော်မယ်နုအတွက် သေရဲတဲ့သတ္တိဆေးကို ချီးမြှင့်လိုက်တာပါပဲ။

*ကျမ်းကိုး*

*(၁) ဆရာတော်ဦးဗုဓ် နှစ်(၂၀၀)ပြည့်*

*အထိမ်းအမှတ်စာပေများ*

*(ဆရာတော်ဦးသုဒဿန၊ မာဂဓိ(သာစည်)၊ မာဃ)*

*(၂) မြတောင်သာသနာ နှစ်တစ်ရာသမိုင်း၊ ရာဇဝင်တွင်*

*ထင်ရှားသော ကျောင်းအမကြီးသုံးဦး (ရဝေထွန်း)*

*[ သုရဇ္ဇ ရှုလိုင်၊၂၀၀၁]*

× × ×

"စာဖတ်ပရိသတ်အားလုံး ငြိမ်းချမ်းတဲ့ဘဝတစ်ခုကို
ကိုယ်စီ တည်ဆောက်နိုင်ကြပါစေ"

ရဝေနွယ် (အင်းမ)

ဖုန်း–၆၆၁၅၉၇

http://www.dhammadownload.com



## ဓမ္မရဝေ ဓမ္မစာပေပြန့်ပွားရေးထာဝရပဒေသာပင်
# ဓမ္မဒါနအလှူရှင်များ

| | | |
|---|---|---|
| ၁။ | အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁,၄၀၀,၀၀၀ |
| ၂။ | ဦးရှိန်ဝင်း + ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး) | ၁,၀၆၀,၀၀၀ |
| ၃။ | ကိုစိုးနိုင် + မစိမ့်ဟန်နီ (ဖိဝဖိုးပွဲရုံနှင့် စိမ့်ရတနာဆိုင်) | ၆၄၀,၀၀၀ |
| ၄။ | ဦးခင်မောင်အေး + ဒေါ်ခင်စောမူ (ပရင့်ဆက်ဟိုတယ်) | ၅၀၀,၀၀၀ |
| ၅။ | ဦးစိုးကြီး(ကွမ်းယာ)+ဒေါ်ညွန့်ရီ(မြိတ်မြို့) | ၅၀၀,၀၀၀ |
| ၆။ | ဦးအောင်ဖော် + ဒေါ်နန်းကျော့ (ဩစတြေးလျ) | ၄၅၀,၀၀၀ |
| ၇။ | ဦးအောင်မြင့် + ဒေါ်သုခ (အောင်သုခမြန်မာထမင်းဆိုင်) | ၄၀၀,၀၀၀ |
| ၈။ | Dr. အောင်နိုင် + Dr. ဖြူဖြူဝင်း | ၄၀၀,၀၀၀ |
| ၉။ | ဦးမောင်မောင်စိုး + ဒေါ်မဋ္ဌူ သား ခန့်ကြွယ်စိုး၊ သမီး စုလှဲ့ဖြူ | ၄၀၀,၀၀၀ |
| ၁၀။ | ကိုအေးထွန်း+မချောစု၊သမီးထွန်းအိန္ဒြာစုံ (ခ)ဂုံဂုံ၊ သားဟိန်းမြတ်ထွန်း(ခ)ကောင်းချစ်၊(ဖျာပုံ) | ၃၅၀,၀၀၀ |
| ၁၁။ | ဘိုကလေးမြို့တရားနာအလှူရှင်များ | ၃၅၀,၀၀၀ |
| ၁၂။ | ဦးမျိုးမြင့် + ဒေါ်မြင့်မြင့်သိန်း (စိန်မျှားဆေးပေါ့လိပ်) | ၃၅၀,၀၀၀ |
| ၁၃။ | Dr. ထူးမောင်အုန်း+ဒေါ်ခင်မေအုံကြီး (U . S . A) | ၃၀၀,၀၀၀ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၁၄။ | ကိုအောင်ထွန်းသိန်း + မလွင်မာအောင်<br>သား မင်းသန့်ကျော်<br>(အောင်သပြေဆေးဆိုင်၊ ဈေးချို၊ မန္တလေး) | ၃၀၀,၀၀၀ |
| ၁၅။ | ဖခင် ဦးမောင်မောင်အား အမှူးထား၍<br>ဦးသန့်ဇင်ဦး + ဒေါ်လွဲလွဲ | ၂၅၀,၀၀၀ |
| ၁၆။ | ဦးဝင်းမြင့် + ဒေါ်ခင်သန်းလှ | ၂၅၀,၀၀၀ |
| ၁၇။ | ဗိုလ်မှူးကြီးမင်းလှအောင် + ဒေါ်ကြူကြူမာ | ၂၅၀,၀၀၀ |
| ၁၈။ | ဦးညွန့်ဝင်း + ဒေါ်ခင်နီလာမြင့်<br>သားမောင်ရဲခေါင်ဦး၊သမီးမတာရာမြတ်မိုရ်<br>(စာပေလောက-၆) | ၂၁၀,၀၀၀ |
| ၁၉။ | ကိုချိုတူး + မပုံ့ပုံ့(မန္တလေး) | ၂၀၀,၀၀၀ |
| ၂၀။ | ကိုမျိုးထက်ညွန့် + မကြည်ကြည်စန်း၊<br>သားမျိုးဆက်ပိုင်၊ ဇော်မျိုးဆက် (ဖျာပုံ) | ၂၀၀,၀၀၀ |
| ၂၁။ | ဦးအောင်ကိုကို + ဒေါ်ခင်ခင်ဦး<br>သမီးမမျိုးမြတ်လင်း (ဘိုကလေး) | ၂၀၀,၀၀၀ |
| ၂၂။ | ဦးကျော်စွိုး+ဒေါ်မိမိနိုင် (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၃။ | ဗိုလ်ကြီးကျော်ရဲထွန်း+ဒေါ်နိုင်နိုင်ဝါ<br>မင်္ဂလာဦးအလှူ (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၄။ | ဦးရဲမြင့်ဆွေ + ဒေါ်တင်တင်ဝင်းမိသားစု | ၁၇၅,၀၀၀ |
| ၂၅။ | လွှန်းထားထား (ဆေးတက္ကသိုလ်) | ၁၅၁,၀၀၀ |
| ၂၆။ | ဒေါ်တင်ရီ(ပေါင်းတည်) | ၁၅၀,၀၀၀ |
| ၂၇။ | (ဦးဟုတ်ယုံ)+ဒေါ်ကျင်လှ<br>သား(Capt:)ကိုရွှေမြင့် | ၁၅၀,၀၀၀ |
| ၂၈။ | မယဉ်မျိုးမျိုးအေး (Costume Designer) | ၁၅၀,၀၀၀ |
| ၂၉။ | စာအုပ်ချုပ် ဦးမြင့် + ဒေါ်လှလှအေး | ၁၅၀,၀၀၀ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၃၀။ | ဦးလေးမောင်အားရည်စူး၍ဇနီးဒေါ်ယဉ်မြင့် | ၁၄၀,၀၀၀ |
| ၃၁။ | ဒေါ်ကြွေကြွေ+ဒေါ်အေးအေးမြင့်+ ဒေါ်စိမ်းစိမ်းရည် (မန္တလေး) | ၁၃၀,၀၀၀ |
| ၃၂။ | ကွယ်လွန်သူ ဒေါ်သန်းသန်း (စကော်ပူ) | ၁၃၀,၀၀၀ |
| ၃၃။ | ကွယ်လွန်သူဖခင်ကြီးဗိုလ်မှူးသူရ (B.I.A + B.P.F) နှင့် မိခင်ကြီးဒေါ်ခင်ရီ၊ သားကြီး မောင်သူရိန်တို့အား ရည်စူး၍ ဦးကိုကိုကြီး + ဒေါ်မေသန်းမြင့် | ၁၂၀,၀၀၀ |
| ၃၄။ | ဒေါက်တာစောဝင်းအေး၊ မမိုးစပါယ်အေး (ခေတ္တ U.S.A) (၃.၁.၀၄) | ၁၁၀,၀၀၀ |
| ၃၅။ | ဦးဝင်းသန်းသောင်း + ဒေါ်တင်တင်ရွှေ သားရန်မျိုးအောင်၊ သမီးထက်သဉ္ဇာအောင် | ၁၁၀,၀၀၀ |
| ၃၆။ | ဦးသိန်းအေး + ဒေါ်လှဲလှဲ၊ သမီးယမင်းထက် | ၁၀၀,၀၀၀ |
| ၃၇။ | မဝင်းပပချယ်ရီထွေး(ခေတ္တ–Japan) | ၁၀၀,၀၀၀ |
| ၃၈။ | ဦးအောင်သန်းဝင်း(ခေါ်)မိုးကြီး+ဒေါ်နီနီမာ | ၁၀၀,၀၀၀ |
| ၃၉။ | ဦးကျော်ခ + ဒေါ်စူး (တောင်ငူ) | ၁၀၀,၀၀၀ |
| ၄၀။ | ဦးဇော်မောင်အုံးနှင့် (တူ)ထွန်းဝင်းလှ | ၁၀၀,၀၀၀ |
| ၄၁။ | ဒုဗိုလ်မှူးကြီးဇင်ဝေသိမ်း+ဒေါ်ခင်ခင်ဝင်း | ၁၀၀,၀၀၀ |
| ၄၂။ | ဗိုလ်မှူးဟန်တင် + ဒေါ်စန်းစန်းလေး သမီးဒေါက်တာနွယ်နီဟန်တင် | ၁၀၀,၀၀၀ |
| ၄၃။ | ဦးထွန်းအောင် + ဒေါ်ခင်ရီ | ၁၀၀,၀၀၀ |
| ၄၄။ | ဦးစိန်ဝင်း+ဒေါ်ဖြူဖြူအေး၊ သားကုဋေအောင် ကုဋေအောင်ဟိုတယ် ( ပုဂံ ) | ၁၀၀,၀၀၀ |
| ၄၅။ | ပိုင်ဇေရဲထွန်း + သဲသဲ | ၁၀၀,၀၀၀ |
| ၄၆။ | ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းမိသားစု | ၁၀၀,၀၀၀ |

http://www.dhammadownload.com



၄၇။ ဦးတင်ဝင်းသျှင်+အကယ်ဒမီဒေါ်ခင်လေးသိမ့် ၁၀၀,၀၀၀
သမီးကြည်ဖြူသျှင် - နေ့ရွှေရည်

၄၈။ ဦးဝင်းခင်+ဒေါ်မြင့်မြင့်ကြည်၊ သား ၁၀၀,၀၀၀
သရုပ်ဆောင်ကျော်ရှိန်း၊ မိုလ်ကြီးမျိုးဇော်ဝင်း၊
သမီးသဉ္ဇာဝင်းခင်၊ သရုပ်ဆောင်ပပဝင်းခင်

၄၉။ ဦးသက်လွင် + ဒေါ်ကြည်ကြည်ဝင်း၊ ၁၀၀,၀၀၀
မြသီရိ မိသားစု

၅၀။ ဦးစိုးစိုး+ဒေါ်သီဂီဝင်း၊ သားမောင်ဇော်ထွန်း ၁၀၀,၀၀၀
သမီး မစန္ဒီထွန်း

၅၁။ ဦးဝိုင်စိန်+ဒေါ်ထွေးသိန်းမိသားစု ၁၀၀,၀၀၀
(ကျောက်တံခါးမြို့)

၅၂။ မိုလ်မှူးကြီးမောင်အုံး(ငြိမ်း)+ဒေါ်ခင်စိုး ၁၀၀,၀၀၀

၅၃။ ဦးကျော်ခင် + ဒေါ်မွှေးမွှေးမိသားစု ၁၀၀,၀၀၀
( Decoland Co.Ltd )

၅၄။ ဦးစိုးနိုင် + ဒေါ်သီသီအောင် ၁၀၀,၀၀၀
သားမောင်ဘုန်းနိုင်မိသားစု

၅၅။ Diary Queen မိသားစု ၁၀၀,၀၀၀

၅၆။ မောင်ကျော်ကျော်စိုး + မညီညီလွင် ၁၀၀,၀၀၀

၅၇။ ဒေါ်မွှေးမွှေးကြည်၊ သားမောင်ကောင်းတျော် ၁၀၀,၀၀၀
(U.S.A)

၅၈။ ဦးဟုန် + ဒေါ်သန်းလှ ၁၀၀,၀၀၀
သမီးဒေါ်ခင်ခင်ဦး၊ သားမျိုးဇော်ဦး

၅၉။ ဒေါက်တာနွယ်နွယ်ဦး ( U.K ) ၁၀၀,၀၀၀

၆၀။ ဒေါက်တာကျော်ကျော်မိုး + မခင်မိုးဆမ်း ၁၀၀,၀၀၀

၆၁။ ပါမောက္ခချုပ် ဦးမင်းသန်းသောင်း(ငြိမ်း)+ ၁၀၀,၀၀၀

http://www.dhammadownload.com

http://www.dhammadownload.com